www.burmeseclassic.com

တိုးငြိမ်းဦး

# နှလုံးသားသစ္စာ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

## ကိုမြင့်ဦး၏စာအုပ်အမှတ်စဉ် ( ၃၁ )


စာမူခွင့်ပြုချက် - ၅၀၁၀၉၁၀၉၁၁

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၈၉၈၃၉၁၁

အဖုံးဒီဇိုင်း –ကိုမြင့်ဦး

ထုတ်ဝေသူ –ဦးနေမျိုး–နေမျိုးစာပေအေဘာ
၁/ သုမင်္ဂလာလမ်း၊
တောင်ဥက္ကလာ

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် –ဦးဂင်ခင်းမန်းဖေတဗျူနှစ်ပုံနှိပ်တိုက်
အမှတ်( ၂၂၁ )မြေညီထပ်
ဗိုလ်တထောင်ဈေးလမ်း (၂)ရပ်ကွက်
ပုဇွန်တောင်မြို့နယ်

အတွင်းဖလင် –ကိုဦးနှင့်ညီများ

စာအုပ်ချုပ် –ကိုညီညီ

ထုတ်ဝေခြင်း –ပထမအကြိမ် အောက်တိုဘာလ
၂၀၁၁ခုနှစ်စက်တင်ဘာလ

အုပ်ရေ –၅၀၀

တန်ဖိုး –၁၇၀၀ ကျပ်


BURMESE CLASSIC .com


မြင့်ဦး ၊ ကို ၈၉၅.၈၃
နှလုံးသားသစ္စာ / ကိုမြင့်ဦး။ ရန်ကုန်။
နေမျိုးစာပေ ၊ ၂၀၁၁ ။
၁၂၀–စာ၊၁၃စင်တီမီတာ × ၂၀.၅စင်တီမီတာ။
( ၁ )နှလုံးသားသစ္စာ။


www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသားသေစွာ

ကိုငြိမ်းဦး

ရွှေလမင်းသစ်စာပေတိုက်
အမှတ် မြေအခန်း( စီ-၁ ) အဝေရာအိမ်ရာ
အဝေရာလမ်းဗေတ္တာညွန့်ရပ်ကွက်၊တာမွေမြို့နယ်။
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၄၃၁၁၂၉၁၄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁ )

သည်နေ့မှမိုးကသည်းသည်းမည်းမည်းရွာနေလေ၏။ စနေမိုးဖြစ်၍လား မသိ။ နံနက်လင်းအားကြီးကထဲက ရွာလိုက်သည်းလိုက် နှင့်မရပ်သေး။ ကျွန်တော်နှင့်ကျွန်တော့်ချစ်သူ မျိုးတို့၏စေ့စပ်ပွဲကို မိုးသည်းသည်းမှာပင်လုပ်ဖြစ်ပါသည်။ မျိုး၏မိဘများဖြစ်ကြသော ဦးတင်မြင့် နှင့်ဒေါ်ဆွေဆွေဝင်း။ ပြီးတော့မျိုး၏တစ်ဦးတည်းသောဦးလေးဖြစ်သည့် အန်ကယ်ဦးဗိုတာ။ ကျွန်တော့်ဘက် မှာတော့ဖေဖေဦးဝေယံ၊မေမေဒေါ်သီတာအောင်။ ပြီးတော့ကျွန်တော့်အဘွားဒေါ်စိုး။ အသိသက်သေတွေအဖြစ်ကတော့ရပ်ကွက်လူကြီးလေးငါးယောက်နှင့်ဖေဖေ့မိတ်ဆွေတချို့ကြွရောက်လာကြသည်။

ခန်းမအတွင်းတွင်အဲယားကွန်းဖွင့်ထားသဖြင့်ပြင်ပကမိုးအရှိန်နှင့်ပါရောပြီးပိုမိုအေးစိမ့်နေလေသည်။ စေ့စပ်ပွဲအခန်းအနားသည်နံနက်၉နာရီတွင်စတင်၍၁၀နာရီအချိန်တွင်ပြီးသည်။ မျိုးသည် စေ့စပ်ပွဲအခန်းအနားနှင့်လိုက်ဖက်အောင်မြန်မာဆန်ဆန်ပင်ဝတ်ဆင်ထားပြီး ကျက်သရေရှိစွာလှပါနေပါသည်။ သူမ၏အပြုံးသည်သာမျက်နှာသည်ကြွေရုပ်လေးတစ်ရုပ်နှယ်။

“စေ့စပ်ကြောင်းလမ်းခြင်းသတင်းကိုပေဖေပဲ သတင်းစာထဲမှာထည့်



www.burmeseclassic.com

www.burmeseclassic.com



[illegible] "

"ဟဲ့...အခန်းအနားလည်းပြီးပြီဆိုတော့ ပြန်ကြရအောင်နော်..."

[illegible]နှင့်မေမေတာ ကားတစ်စီး။မျိုး၏ဖေဖေနှင့်မေမေရယ်.. [illegible] ကားတစ်စီး။ကျွန်တော်နှင့်မျိုးက ကားတစ်စီး။အနက်ကယ် [illegible] ထဲမှချွတ်လှမ်းပြသည်။ထိုအခိုက်မှာပင်မိုးသည်အနည်းငယ် [illegible]

[illegible]အောင်ရှု၍ကားအတွင်းအေးမြနေသော်လည်းကျွန် [illegible]ကြည့်လိုက်သည်။

"[illegible]...မိုးကလည်းရွာထားတာဆို [illegible]...ဝန်းနည်းနည်းပါးနေပြီ..."

ခန်းမရှေ့တတားတွေရှေ့ဆင့်နောက်ဆင့်ထွက်လာပြီး။လမ်းထိပ်နား အရောက်တွင် ဖေဖေတာ သူ့ကားထဲကလှမ်းအော်ပြောသည်။လမ်းမကြီးသို့ရောက် သော်မိုးတသည်းသည်းမည်းမည်းရွာချလာပြန်သည်။

"မိုး[illegible]ည်းတော်...တကတည်း...ရပ်ပဲမရပ်နိုင်ဘူး..."

"မှန်တိုင်းရှိတယ်ထင်တယ်မျိုးရဲ့...တော်တော့တော်သေးတာပေါ့..မောင် တို့စေ့စပ်ပွဲအောင်အောင်မြင်မြင်နဲ့ပြီးသွားလို့..."

"မျိုးလည်းအဲဒါကိုပဲစိတ်ပူနေတာ...ညကလည်းအိပ်မက်မကောင်း ဘူး"

"မျိုးက ဘယ်လိုအိပ်မက် မက်လို့လဲ.."

"မျိုးနေမကောင်းရက်ကြီးနဲ့ပန်းတွေပန်ထားတာကိုမက်တာ.."

ကျွန်တော့်စိတ်ထဲထင်ကနဲဖြစ်သွားမိပါသည်။အိပ်မက်တို့သည်ရှေ့ပြေး နိမိတ်ဖြစ်တတ်သလို၊တစ်ခါတစ်ရံကျတော့လည်းသွေးလေချောက်ချားလို့မက်တာ မျိုးတွေလည်းရှိသည်မို့ ကျွန်တော်ပြုံးလိုက်ရင်း..

"အိပ်မက်ဆိုတာ သွေးလေချောက်ချားလို့ မက်တာမျိုးလည်းရှိတယ် သိပ်အစွဲအလန်းမထားတာကောင်းတယ်..ဘာပဲဖြစ်ဖြစ်မောင်တို့ စေ့စပ်တဲ့နေ့မှ မိုးတွေဒီလောက်ရွာနေတာဟာလည်း...အေးချမ်းမယ့်နိမိတ်ပဲ..."



www.burmeseclassic.com

www.burmeseclassic.com



မျိုးအကဲ်သို့ မိုးနည်းနည်းပက်သဖြင့် သူမအကျ်ကမှန်တံခါးကိုကျွန်တော်ပိတ်ပေးလိုက်မိသည်။မိုးသည်ကျွန်တော့်လက်မောင်းကိုအသာလှမ်းဖက်သည်။ကျွန်တော်တို့ ချစ်သူနှစ်ဦး၏ဘဝကမခက်ခဲမကြမ်းတမ်းသောဘဝမျိုးဖြစ်ပါသည်။မျိုး၏သူငယ်ချင်း အေးစန္ဒာ၏ကူညီပေးမှုကြောင့်ပင်သူမနှင့်ကျွန်တော်ချစ်သူဘဝသို့ရောက်ရှိသွားခဲ့ကြပြီး၊ကျွန်တော်တို့ နှစ်ယောက်အကြောင်းတွေနှစ်ဘက်မိဘတွေသိသွားခဲ့ကြသည်။

မျိုး၏မိဘတွေနှင့်ကျွန်တော့်မိဘတွေကလည်းကျွန်တော်တို့နှစ်ယောက်ချစ်ခြင်းကို သဘောတူခွင့်ပြုကြသဖြင့် ကျွန်တော်တို့ နှစ်ယောက်ကြားမှာမည်သည့်ပြဿနာမျှမရှိခဲ့ပါ။ချစ်သူသက်တမ်း ၂ နှစ်မျှကာလအတွင်း မျိုးသည်ကျွန်တော့်အိမ်သို့ ချောင်းပေါက်မတတ်လာလည်၍ကျွန်တော်ကလည်းသူမ၏အိမ်သို့ ချောင်းပေါက်မတတ်သွားရောက်လည်ပတ်လေ့ရှိပါသည်။သို့သော်ကျွန်တော်ကတော့သူ့အိမ်၊ကိုယ့်အိမ် ယခုလိုသွားလည်နေရသည်ကိုသိပ်မနှစ်သက်ပါ။

"မောင်ကတော့...အပြင်မှာပဲ..ချိန်းတွေ့ချင်တယ်ကွာ.."

"တော်တော်ကဲချင်နေတယ်ပေါ့..ဟုတ်လား.."

မျိုးသည်ချစ်စဖွယ်မျက်စောင်းနှင့်ပြောရင်းမှ မျက်နှာအနည်းငယ်တည်သွားပြန်သည်။

"နှစ်ဖက် မိဘတွေအိမ်မှာပဲတွေ့ကြတာကောင်းပါတယ်မောင်ရယ် အပြီးရည်းစားဘဝမှာ သိပ်လွတ်လပ်လွန်းရင် မကောင်းဘူး...."

"တင့်အင်းကွာ...တစ်ပတ်ကိုတစ်ရက်လောက်တော့...အပြင်မှာတွေ့ချင်တယ်.."

"ဟင်း...သူ့မှာအချိန်တွေကသိပ်ပိုနေတယ်ပေါ့ဟုတ်လား...အခုတောင်ညနေဆို ကုမ္ပဏီအလုပ်တွေပြီးမှ မနည်းအချိန်ယူပြီးတွေ့ကြရတာမဟုတ်လား"

မျိုးပြောတာလည်းဟုတ်တော့ဟုတ်ပါသည်။ဖေဖေ့ကုမ္ပဏီဖြစ်သောရတနာရှိသွားအေဂျင်စီနှင့်ဟိုတယ်လုပ်ငန်း မှာကျွန်တော်ဝင်ရောက်လုပ်ကိုင်နေသည်မှာကျောင်းပြီးကတည်းကပင်ဖြစ်ပါသည်။ဖေဖေက အလုပ်တာဝန်ဖြင့်ချောင်းသာသို့လည်းကောင်း၊ငွေဆောင်သို့ လည်းကောင်း၊ပုဂံသို့ လည်းကောင်းခရီးသွားလာ

www.burmeseclassic.com



ရသည့်အခါများတွင် ကုမ္ပဏီ၏အလုပ်တာဝန်အရပ်ရပ်သည်ကျွန်တော့်ခေါင်းပေါ်သို့ရောက်လာလေ့ရှိပါသည်။ထိုအခါမျိုးတွင်ကျွန်တော့်မှာ အချိန်ပိုဆိုတာမရှိသလောက်ဖြစ်နေလေ့ရှိပါသည်။

“ဒါပေမဲ့...တနင်္ဂနွေနေ့တော့ မောင်တို့အလုပ်ပိတ်တယ်လေ...အဲဒီနေ့မှာမျိုးလည်းအားတာပဲ...ဒီတော့ တနင်္ဂနွေနေ့တိုင်းမောင်တို့အပြင်မှာတွေ့ရအောင်နော်...”

မျိုးကထိုအခါမှခေါင်းညိတ်သည်။ထို့ကြောင့်ပင်လျှင်နောက်ပိုင်း၌ကျွန်တော်တို့နှစ်ယောက်သည်တနင်္ဂနွေနေ့တိုင်း အပြင်မှာတွေ့ဖြစ်ခဲ့ကြပါသည်။တနင်္ဂနွေသည်ကျွန်တော်တို့ချစ်သူနှစ်ယောက်အတွက်ချစ်သူနေ့ဖြစ်ပါသည်။တစ်ခါတစ်ရံ ဘုရား။တစ်ခါတရံ ရုပ်ရှင်၊ပန်းခြံ၊တစ်ခါတရံ အင်းယားကန်ပေါင်မှာ။ရန်ကုန်မြို့တွင်ကျွန်တော်တို့ချစ်သူနှစ်ယောက်မရောက်ဖူးသည့်နေရာမရှိတော့ပြီ။

ချစ်သူသက်တမ်းနှစ်နှစ်မျှရှိလာသောအခါကျတော့မှ ကျွန်တော်တို့နှစ်ယောက်အတွဲများလာသည့်အခြေအနေကြောင့်မိဘတွေကကျွန်တော်တို့ကိုစေ့စပ်ပေးဖို့တိုင်ပင်ကြတော့သည်။

“သားတို့ကိစ္စကို ဖေဖေတို့လူကြီးချင်းဆွေးနွေးကြပြီးပြီ...သူများတွေ အမြင်မှာလည်းတင့်တယ်အောင်...အရင်စေ့စပ်ပေးမယ်...ပြီးတော့သိပ်မကြာခင်ပဲ လက်ထပ်ပေးမယ်...”

“ဟုတ်တယ်သားရဲ့...မေမေတို့မိဘချင်းဒီလိုတိုင်ပင်ထားတယ်...အခု ဝါဝင်ခါနီးပြီမဟုတ်လား....အဲဒါဝါမဝင်ခင်စေ့စပ်ပေးပြီး...သီတင်းကျွတ်တာနဲ့လက်ထပ်ပေးမယ်....”

ကျွန်တော်ကျေနပ်စွာဖြင့်မျက်နှာစပ်ဖြီးဖြီးဖြစ်သွားခဲ့ရပါသည်။

“ကောင်မလေး ဘက်က...မင်းတို့နေဖို့တိုက်နဲ့ခြံတောင်ဝယ်ထားပြီးပြီတဲ့ကွ...”

“တယ်ဟုတ်ပါလားဖေဖေ..ပျော်စရာကြီးပဲ..”

“အေး..ဖေဖေတို့ဘက်ကလည်း မင်းတို့လင်မယားစီးဖို့ကားအသစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်စီးလက်ဖွဲ့ပေးမယ်...သားကားကနည်းနည်းလည်းဟောင်းနေပြီ...လဲဖို့လည်း ဟောင်းနေပြီ...အင်း...လောလောဆယ်တော့...အဲဒါပဲဆက်စီးနေဦးပေါ့...ဪ..မင့် ကားဘီးပန်းသိပ်မကောင်းတော့ဘူးကွ...သတိလေးထားပြီးလဲလိုက်ဦး..."

ကျွန်တော်တို့သားအမိသားအဖ စကားပြောနေတာကြားသွားပုံရသော ဘွားဘွားက အိမ်ပေါ်မှဆင်းလာပြီးဝင်ပြောခဲ့ပါသည်။

"မင်းတို့ ကကားအသစ်တစ်စီးဆို...ဘွားဘွားကလည်းငါ့မြေးမလေး အတွက်စိန်တစ်ဆင်စာပဲပေါ့..."

"ဟင်..ဘွားဘွားကလည်း...ကျွန်တော့်အတွက်ကျတော့ရော..."

"ငါ့မြေးလေးအတွက်ကတော့ ...စိန်လက်စွပ်ပေါ့ကွယ်..."

ဖေဖေနှင့်မေမေသည် ကျွန်တော်နှင့်ဘွားဘွားစကားတွေပြောနေသည် ကိုကျေနပ်စွာပြုံးကြည့်နေခဲ့ကြသည်။

"မောင့်ဘက်ကိုမိုးပက်နေပြီလေမောင်...ပြတင်းမှန်တင်လိုက်ဦး.."

မျိုးအသံကြားမှပင် အတွေးတွေထဲက ကျွန်တော်ပြန်ထွက်လာမိသည်။ ဘတ်ပါရဲ့ပြတင်းပေါက်မှ မိုးပေါက်တွေက ကျွန်တော့်ပခုံးကိုစင်နေသည်ပဲ။ကား မှန်တွေကိုတင်လိုက်သည်။ကားလမ်းတွင်မိုးရေတွေနှင့်ရွှံ့နစ်နေပြီး မိုးသည်တစ်စ ထက်တစ်စ ပိုသည်းလာကာ ရေသုတ်တံသည် အလွန်အလုပ်များနေလေတော့၏။

ရှေ့ကမြင်ကွင်းကိုသိပ်မမြင်ရသော်လည်း လမ်းမတလျှောက်မှာ ကား ရှင်းနေလေသဖြင့်ကျွန်တော်လည်းကားကိုအရှိန်အနည်းငယ်မြှင့်လိုက်မိပြန်သည်။

"မောင်...အရှိန်သိပ်မမြန်နဲ့...မိုးအရမ်းရွာနေတယ်.."

မျိုးသည်အနည်းငယ်စိုးရိမ်ဟန်ဖြင့်ကျွန်တော့်ကိုလှမ်းသတိပေးသည်။ သို့သော်ကျွန်တော်အရှိန်မလျှော့မိပါ။ထိုခဏမှာပင် အရာရာသည်ရုတ်တရက်ပြောင်း လဲသွားလေတော့သည်။ရှေ့ကလမ်းဆုံတစ်ခုတွင် မီးဝါကိုလုထွက်လာသောကား တစ်စီးက ကျွန်တော့်ကားဖက်သို့ မြန်းခနဲကွေ့ချလာသဖြင့် ကျွန်တော်လည်း စတီယာရင်ကို ကမန်းကတမ်း ကွေ့ချလိုက်သည်။

ကားဘီးသည်မိုးရေနှင့်ချော်ထွက်သွားပြီး ရှေ့ကကားကိုရှောင်တိမ်းကာ လမ်းဘေးမီးတိုင်နှင့်မတိုက်လိုက်မိမှောက်သွားလေ၏။ ကျွန်တော့်ခေါင်းထဲသို့ မျိုး၏



www.burmeseclassic.com

www.burmeseclassic.com



စူးစူးဝါးဝါးအော်သံဝင်လာပြီး ရင်ပတ်နေရာတွင်စူးစူးရှရှအောင့်သွားသည်၊ ပတ်ဝန်းကျင်တစ်ခုလုံးသည်ရုတ်တရက်မှောင်ကျသွားသည်ကိုသာနောက်ဆုံးမှတ်မိလိုက်ပါသည်။

ကျွန်တော်သတိရလာသည်နှင့်မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ဆေးရုံ၏မျက်နှာကျက်အဖြူရောင်ကိုစမြင်ရ၏။ပြီးမှ ကျွန်တော့်မျက်နှာကိုငုံ့ကြည့်နေသောဖေဖေ့မျက်နှာကို တွေ့ရလေသည်။ဖေဖေ့မျက်နှာမှာမျက်ရည်တွေကိုတွေ့ရလေသည်။အဖြစ်အပျက်တွေကိုကျွန်တော်ချက်ခြင်းပြန်မှတ်မိလာသည်။

ယာဉ်တိုက်မှုဖြစ်ပြီး ကျွန်တော်ဆေးရုံမှာရောက်နေခြင်းပင်ဖြစ်သည်။ကျွန်တော့်တစ်ကိုယ်လုံးသည် နာကျင်ကိုက်ခဲနေလေ၏။ရုတ်ခြည်းပင်မျိုးကိုသတိရလိုက်၏။မျိုးဘာဖြစ်သွားသေးသနည်း။ဘုရား...ဘုရား။ ကျွန်တော်အိပ်ရာမှကုန်းထ၍ကြိုးစားလိုက်မိသည်။

"မထနဲ့ ဦးသား...သားအဆစ်ရာတွေကများတယ်..."

"မျိုး...မျိုးရောဖေဖေ..."

ကျွန်တော့်အသံသည်ကျွန်တော့်အသံမဟုတ်ဘဲတစိမ်းတစ်ယောက်၏ အသံလိုဖြစ်နေလေသည်။ဖေဖေသည်ကျွန်တော့်လက်ဝါးကိုဆုပ်ကိုင်၍ခပ်တိုးတိုး ပြောပါသည်။

"ရှိပါတယ် သားရယ်...သားရဲ့မျိုးရှိပါတယ်..."

"သူ...အခုဘယ်မှာလဲ ဖေဖေ..."

ဖေဖေ့မျက်နှာသည်တစ်စုံတစ်ခုကိုဖုံးကွယ်ထားသလိုဖြစ်နေ၏။ဖေဖေ့ မျက်နှာရိပ် မျက်နှာကဲကိုကျွန်တော်အကဲခတ်ရင်းနှင့်ကျွန်တော်စိုးရိမ်လာသည်။ ဘုရား...ဘုရား မျိုးဘာမှမဖြစ်ပါစေနှင့်။



www.burmeseclassic.com

www.burmeseclassic.com



“ရှိပါတယ်သားရဲ့...သူတို့ဘက်ခန်းမှာ..”

“သူဘာဖြစ်သွားသေးလဲ ဖေဖေ...သူလည်းသက်သာတယ်မဟုတ်လား”

“ဘာမှ မဖြစ်ပါဘူးသား...သူလည်းသက်သာပါတယ်...အင်း...ကံကြီးမေ ထို့ပေါ့ကွာ...ကားကမှောက်သွားလို့ တော်သွားတာ...သားကနံရိုး နည်းနည်းထိ သွားတယ်...သားကောင်မလေးကတော့ခါးအောက်ပိုင်းနည်းနည်းထိသွားရုံလောက် ခဲ့”

ထိုအခိုက်မှာပင် မေမေနှင့်ဘွားဘွားကအခန်းထဲဝင်လာသည်။မေမေနှင့် ဘွားဘွားသည်ကျွန်တော့်ကိုဖက်ငိုလေတော့သည်။

“သားကိုအော်ပရေးရှင်းလုပ်ထားတာ...ကံကောင်းလို့ အဆုပ်တို့ နှလုံး တို့မထိတာလို့ ဆရာဝန်ကြီးကပြောတယ်...”

“မေမေ...ကျွန်တော်မျိုးကိုတွေ့ချင်တယ်...”

မေမေ့မျက်နှာသည်တစ်မျိုးဖြစ်သွားသည်။ဖေဖေက မေမေ့ကိုယ်စားဝင် ပြောၿ၏။

“အခုတော့ သားတွေ့ဖို့ မဖြစ်နိုင်သေးဘူး...ဘာဖြစ်လို့လည်းဆိုတော့ သားတလည်းပက်လက်...သားရဲ့မျိုးကလည်းပက်လက်...ဒါပေမယ့် သားရဲ့မျိုး ကိုဘက်ခန်းမှာရှိနေတယ်ဆိုတာ...ဖေဖေ အာမခံပြီးပြောပါတယ်သား...သားတို့ နေကောင်းရင်တွေ့ကြတာပေါ့...”

“သူ...ဘာမှကြီးကြီးကျယ်ကျယ်မဖြစ်ဘူးမဟုတ်လားဖေဖေ..”

ဖေဖေ့မျက်နှာသည်တည်ငြိမ်သွားသည်။မျက်ခုံးနှစ်ခုသည်အနည်းငယ် တွန့်သွားသလိုရှိ၏။

“အင်း...ဘာမှသိပ်ကြီးကြီးကျယ်ကျယ်မဖြစ်ပါဘူး..”

ဘာပဲပြောပြော၊ဖေဖေ့အဖြေကိုကျွန်တော်သိပ်မယုံချင်သော်လည်းဖေ ဖေသည် ကျွန်တော့်ကိုလိမ်ပြောလိမ့်မည်မဟုတ်ပါ။ဖေဖေသည်ကျွန်တော့်ကိုမည်သည့် အခါမှလိမ်မပြောခဲ့ဘူးပါ။

“ကျွန်တော်တို့ ဘယ်တော့ဆေးရုံကဆင်းရမလဲဖေဖေ..”

”သားကို ခွဲစိတ်ထားတဲ့ဒဏ်ရာတွေပျောက်တာနဲ့ ဆင်းရမှာပေါ့ကွာ...



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ကျွန်တော်စကားပြောရတာမောမည်စိုးသဖြင့် ဖေဖေတို့ အခန်းထဲကပြန်ထွက်သွားကြသည်။သူနာပြုဆရာမလေးတစ်ဦးကကျွန်တော့်ကိုအ ဖျားလာတိုင်းပြီးဆေးတစ်လုံးထိုးပေးသွားပြီးခဏအကြာမှာ ကျွန်တော်အိပ်ပျော် သွားလေသည်။ညနေပိုင်းမှာတော့ကျွန်တော့်သူငယ်ချင်းတွေဖြစ်သည့်ဘော်ဇာ၊ ဝင်းမိုးနှင့် အေးစန္ဒာတို့ ရောက်လာကြသည်။

"တော့ကောင်ကြီး...သတိတောင်ရနေပြီ...ဘယ့်နှယ်လဲ..သက်သာတယ် မဟုတ်လား..."

ကျွန်တော်သူတို့ အားလုံးကိုပြုံးပြလိုက်မိသော်လည်းစိတ်ထဲမှာမျိုးကို စိတ်ပူနေမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂ )

စကြားကာစ က ကျွန်တော့်နားကိုကျွန်တောတ်မယုံခဲ့ပါ။ဒါဟာအိပ်မက်ဖဲတုတွေးလိုက်မိသော်လည်း ဖေဖေ့စကားတွေကအိပ်မက်မဟုတ်ကြောင်းဖော်ပြနေသလိုရှိ၏။

"ကား အက်ဆီးဒင့်ဖြစ်ပြီး သားရဲ့ မျိုးတာ ကိုယ်အောက်ပိုင်းသေသွားခဲ့တယ်သား...ကံဆိုးချင်တော့ ကားမှောက်လိုက်တဲ့အချိန်မှာ မျိုးတာ သေးတံခါးအနေလွင့်ထွက်သွားတယ်...ပြီးတော့ကတ္တရာလမ်းပေါ်ပြန်ပြုတ်ကျပြီးကျောရိုးမှာအထိရာရသွားတယ်...ဆရာဝန်တွေက အာရုံကြောမှာထိခိုက်သွားတယ်ပြောတယ်ခေါင်းနည်းနည်းထိသွားပေမယ့်...ခေါင်းကဒဏ်ရာကသိပ်မပြောပလောက်ဘူး...အတယ့်ပြဿနာက သားရဲ့ မျိုးတာ လမ်းလျှောက်လို့ မရတော့ဘူး...တစ်သက်လုံးဘီးတပ်ကုလားထိုင်နဲ့ ပဲနေချင်နေသွားရလိမ့်မယ်..."

ထိတ်လန့်တုန်လှုပ်စွာဖြင့်ကျွန်တော်မပီမသငြီးတွားလိုက်မိသည်။မျက်လုံးအိမ်ထဲမှာချက်ခြင်းပင်မျက်ရည်တွေပြည့်လာ၏။အဖြစ်အပျက်တွေသည်မယုံနိုင်စရာကောင်းလှပါသည်။ကျွန်တော့်ပေါ့လျော့မှုကို မျိုးခံစားရလေပြီ။တစ်ချက်တည်းမှာပင် ကိုယ့်ကိုကိုယ်ခွင့်မလွှတ်နိုင်အောင် ဖြစ်မိသည်။မျိုးယခုလိုဖြစ်ရခြင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



တရားခံမှာ ကျွန်တော်ပင်ဖြစ်ပါသည်။

ဒဏ်ရာမှ ကောင်းကောင်းသက်သာလာပြီဖြစ်သဖြင့် ယနေ့တွင်ကျွန်တော် ဆေးရုံမှဆင်းခွင့်ရပေတော့မည်။သည်ရက်များအတောအတွင်း ကျွန်တော်ကမျိုးနှင့် တွေ့ခွင့်တောင်းခဲ့သော်လည်း တစ်ကြိမ်တစ်ခါမျှတွေ့ခွင့်မရခဲ့ပါ။ကျွန်တော်တွေ့ ဖို့အတင်းကြိုးစားခဲ့သော်လည်း လူကြီးများက ကျွန်တော်နှင့်မျိုးကိုတွေ့ခွင့်မပေး ခဲ့ပါ။မျိုးကတော့ကျွန်တော့်အရင် သုံးရက်ခန့်စောပြီးဆေးရုံမှဆင်းခွင့်ရသွားသည် ဟုဆိုပါသည်။

မျိုးအကြောင်း အသေးစိတ် မျိုးအခြေအနေ အသေးစိတ်ကိုဖေဖေက ယခုမှဖွင့်ပြောခြင်းသာဖြစ်ပါသည်။

"ကျွန်တော် မျိုးကို တွေ့ချင်တယ်ဖေဖေ..."

"ခဏတော့ နေပါဦးသားရယ်..."

"ဘာဖြစ်လို့လဲ ဖေဖေ..."

"အခြေအနေတွေက နည်းနည်းရှုပ်ထွေးနေတယ်..."

"ကျွန်တော် သွားတွေ့ပါရစေဖေဖေ...ပြီးတော့ မျိုးကိုကျွန်တော်-တောင်းပန်ရမယ်...သူ့အခုလိုဖြစ်တာ....ကျွန်တော့်ကြောင့်..."

ဖေဖေသည်စိတ်မသက်မသာဖြစ်သွားပုံရပြီး တဖွတ်ထိုးနိုင်လှသောကျွန် တော့်ခေါင်းညိတ်ပြပါသည်။

"တောင်းပြီလေ...ဆေးရုံကအပြန်မှာ ဖေဖေလိုက်ပို့ပေးမယ်...ဒါပေမဲ့ သိပ်အကြာကြီးအဲဒီမှာနေလို့တော့မရဘူး...သားအခြေအနေက အိမ်မှာအနားယူ ဖို့လိုအပ်နေသေးတယ်..."

နောက်တော့ကျွန်တော်တို့သားအဖနှစ်ယောက်ဆေးရုံမှခြောက်ကစ်ကစ် နှင့်ပင်ဆင်းခဲ့ကြပြီး ဖေဖေက ကျွန်တော့်ကိုမျိုးတို့အိမ်သို့လိုက်ပို့ပေးသည်။မျိုး တို့ခြံရှေ့ရောက်သောအခါ ကားကိုအိမ်ရှေ့မှာပင်ရပ်ထားပြီးအိမ်ထဲသို့ကျွန်တော် တို့နှစ်ယောက်အတူဝင်ခဲ့ကြရာ မျိုး၏မိခင်နှင့်ဖခင်ကိုဧည့်ခန်းထဲမှာအဆင်သင့်ပင် တွေ့ရပါသည်။

သူတို့သည်ကျွန်တော်တို့သားအဖကို ပျူငှာစွာပြောဆိုဆက်ဆံကြသော်



www.burmeseclassic.com

www.burmeseclassic.com



ည်း မျက်နှာတော့သိပ်မကောင်းကြပါ။

"ကျွန်တော် မျိုးကိုတွေ့ပါရစေ..."

"မျိုး...သူ့ အခန်းထဲမှာရှိနေတယ်သား...ဝင်သွားလိုက်..."

ကျွန်တော်ခပ်သွက်သွက်ပင် မျိုးအခန်းသို့ လျှောက်သွားလိုက်၏။မျိုး၏ အခန်းကလေးသည်သပ်သပ်ရပ်ရပ်ဖြစ်ပြီး တိတ်ဆိတ်ငြိမ်သက်နေပါသည်။အခန်း ထောင့်တွင် မျိုး၏တစ်ယောက်အိပ်ကုတင်လေးရှိပြီး ပြတင်းပေါက်အနီးမှာမျိုး၏ စားပွဲရှိသည်။အဝတ်အစားဘီရိုကြီးတွေက သုံးလုံးတောင်မှ။ပြီးတော့အားကစား သုံးပစ္စည်း ကိရိယာတွေက အခန်း၏ထောင့်တစ်နေရာမှာ။

မျိုးသည်ဘီးတပ်ကုလားထိုင်ပေါ်တွင်ငြိမ်သက်စွာထိုင်နေပြီး ပြတင်းမြင် စစ်နေရာကိုငေးနေပါသည်။ကျွန်တော်လည်းမျိုးရှေ့မှာဒူးထောက်ထိုင်ချလိုက် ည်။

"မျိုး..."

ကျွန်တော့်အသံသည်လှိုက်လှဲတုံယင်နေလေသည်။မျိုးသည်ပြတင်းမှ ကြည့်ကိုဖြည်းလေးစွာရုတ်၍ကျွန်တော့်ကိုကြည့်သည်။မျိုး၏မျက်လုံးတွင်မျက် ည်တွေပြည့်နေလေ၏။

"ဖြစ်မှဖြစ်ရလေမျိုးရယ်...ဒါတွေအားလုံးဟာမောင့်ကြောင့်ဖြစ်ရတာ..."

ကျွန်တော်မျက်ရည်တွေကျလာသည်။မျိုး၏လက်ကလေးကိုဆွဲယူပြီး ကျွန်တော့်ပါး၌ကပ်ထားလိုက်မိသည်။မျိုးထံမှ ရှိုက်သံကိုစကြားရလေသည်။

"မောင့်အပြစ်ကြောင့် မဟုတ်ပါဘူးမောင်ရယ်...ကံကြမ္မာကြောင့်ပါ"

"မဟုတ်ဘူး...မောင် ကားမောင်းမဆင်ခြင်လို့..."

"အဲဒီနေ့က မိုးတွေကလည်းတအားရွာနေတယ်...နောက်ပြီးတိုက်တား လည်းမှားတာကိုး...မျိုးရဲ့အတိတ်ဘဝက ဝဋ်ကြွေးကလည်းပါလာလို့ပါ"

"မျိုး...မျိုးကိုမောင် အမြန်ဆုံးလက်ထပ်မယ်...ပြီးတော့တစ်သက်လုံး ပြုစောင့်ရှောက်မယ်..."

မျိုးသည်မျက်ရည်တွေပြည့်နေသောမျက်လုံးဖြင့်ကျွန်တော့်ကိုငြိမ်သက် စွာကြည့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကို မျိုးသိပ်ချစ်သလို...မောင်လည်းမျိုးကိုသိပ်ချစ်တယ်ဆိုတာ မျိုးသိပါတယ်...ဒါပေမဲ့ မောင်နဲ့ လက်ထပ်ဖို့ ကိစ္စကတော့ မဖြစ်နိုင်တော့ဘူးမောင်"

"ဟင်"

ကျွန်တော် တုန်လှုပ်ချောက်ခြားသွားမိသည်။ကျွန်တော့်နားကိုကျွန်တော် မယုံပါ။မျိုးသည်အဘယ်ကြောင့်ကျွန်တော်နှင့်လက်ထပ်ဖို့ ကိစ္စကိုငြင်းပယ်လေပြီ နည်း။ကိုယ်အောက်ပိုင်းသေသွားခဲ့ရသဖြင့် တစ်သက်လုံးဘီးတပ်ကုလားထိုင်ဖြင့် သွားလာရတော့မည့်အတွက် လက်ထပ်ရန်ငြင်းပယ်ခဲ့ခြင်းပင်ဖြစ်ပါသလား။

"ဘယ့်နှယ်ပြောလိုက်တာလည်းမျိုးရယ်...ဖြစ်နိုင်တာပေါ့...မျိုးကိုမောင် လက်ထပ်မယ်...မျိုးကိုစိတ်ချမ်းသာအောင်မောင်ထားမယ်..."

"မောင်က စိတ်ကူးယဉ်နေတာကိုး..."

"ဒီစိတ်ကူးယဉ်ပြီးပြောတဲ့စကားမဟုတ်ပါဘူးမျိုးရယ်..."

မျိုးသည်မျက်ရည်တွေနှင့်ပြုံးပါသည်။

"မောင်...သေသေချာချာ စဉ်းစားကြည့်ပါ...မောင့်မိန်းမဖြစ်လာမယ့်မိန်း တလေးဟာ...ခုကွဲတဖြစ်သွားပါပြီ...တစ်သက်လုံး မောင်...မျိုးကိုပြုစုသွားမယ်ဆို တာဘယ်လိုမှမဖြစ်နိုင်ပါဘူး..မျိုးရဲ့ အခြေအနေဟာ...ဘယ်တော့ပြန်ကောင်းမလဲ ဘယ်သူမှမသိနိုင်တဲ့အခြေအနေ...တစ်သက်လုံးပြန်ကောင်းချင်မှလည်းပြန်ကောင်း တော့မယ်...ဒီလိုအခြေအနေမျိုးမှာ...မောင်...မျိုးကိုလက်ထပ်မယ်ဆိုရင်...မောင်စိတ် ညစ်ရရုံကလွဲလို့ ဘာမှပျော်ရွှင်မှုရမှာ မဟုတ်ဘူး...မျိုးဘက်ကကြည့်ရင်လည်း... မောင့်အပေါ်...ဘာတစ်ခုမှ မယားဝတ်တွေကျေပွန်မှာမဟုတ်ဘူး...ကြာလာတာနဲ့ အမျှ မောင့်အပေါ်မှာ မျိုးဟာ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုဖြစ်လာလိမ့်မယ်...မောင်... လက်တွေ့ဆန်ဆန်ပဲစဉ်းစားကြည့်လိုက်ပါ...လက်ထပ်ဖို့ ဆိုတာ...ဘယ်လိုမှမဖြစ် နိုင်တော့ပါဘူး..."

"ဖြစ်နိုင်တယ်မျိုး...မောင်တို့ နှစ်ယောက် ဘယ်လိုအကြောင်းနဲ့ မှ ဝေး လို့မဖြစ်ဘူး...ပြီးတော့ မောင်တို့နှစ်ယောက်ဟာ တရားဝင်စေ့စပ်ပြီးသားချစ်သူ တွေ..."

မျိုးသည်ကျွန်တော့်ပခုံးပေါ်သို့ လက်နှစ်ဖက်ကိုတင်၍ကျွန်တော့်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



စိုက်ရှုန်းစားစားကြည့်ပါသည်။

"စေ့စပ်တယ်ဆိုပေမယ့်....ဒါဟာလွယ်လွယ်ဖျက်ပစ်လို့ရတဲ့ကိစ္စပါ..ဒါကြောင့်ပြီးမိဘတွေကလည်း မျိုးတို့နှစ်ယောက်စေ့စပ်ကဲ့ကိစ္စကိုသတင်းစာထဲထည့်ဖို့ကိုမလုပ်စေချင်ကြတော့ဘူး..ဒါပေမဲ့..."

မျိုးသည်စကားကိုခဏရပ်လိုက်သည်။မျိုး၏ကျက်သရေရှိစွာဖင့်တယ်လာနေသောမျက်နှာကလေးကိုကျွန်တော်မော့ကြည့်လိုက်မိသည်။အံ့သြဖွယ်ကောင်းလောက်အောင်ပင် မျိုး၏ချောမောလှပသော မျက်နှာပြင်၌ မည်သည့်ဒဏ်ရာဒဏ်ချက်မျှရှိမနေချေ။အကယ်၍သာ မျိုးသည်ဘီးတပ်ကုလားထိုင်၌ထိုင်မနေခြားအံ့ဆိုလျှင်ကောင်းတစ်ယောက်ဟုပင်လူတိုင်းကထင်ကြပေလိမ့်မည်။

"ဒါပေမဲ့...မျိုးဘက်ကတော့ စပြီးစေ့စပ်ကြောင်းလမ်းခြင်းကိုမဖျက်ပစ်ချင်ဘူး...မောင့်အတွက်မျိုးအကောင်းဆုံး အကြံပေးချင်တာက..မောင်အခုနေ မျိုးကိုမေ့ဖို့မလွယ်မှန်းသိပေမယ့် တဖြည်းဖြည်းနဲ့မေ့နိုင်အောင်ကြိုးစားပါ..."

"မောင် ဘယ်တော့မှ..မျိုးကိုမမေ့ဘူး...မေ့ဖို့ကြိုးစားမှာလည်းမဟုတ်ဘူး...တစ်သက်လုံးချစ်နေမှာ...."

"အခုပြောနေတာတွေဟာ...မောင့်အတွက်ပြောနေတာ...မောင်တာရှိ၊ချောတယ်...ပညာတတ်တယ်....ချမ်းသာတယ်...ပြီးတော့ကျန်းမာသန်စွမ်းတဲ့လူငယ်တစ်ယောက်လည်းဖြစ်တယ်...မောင့်ဘဝကိုဘာမဟုတ်တဲ့...ခုက္ခိတတစ်ယောက်ရဲ့ချုပ်နှောင်မှာ မမြုပ်နှံချင်ပါနဲ့တော့မောင်ရယ်...ကဲ...ထ...မောင်လည်းအခုမှဆေးရုံကဆင်းလာကာစပဲရှိသေးတယ်...အိမ်ကိုပြန်ပြီးအနားယူလိုက်ဦးနော်...မောင်တာလိမ္မာပါတယ်..."

ထိန်းထားသည့်ကြားမှကျွန်တော့်မျက်ရည်တချို့ကပါးပေါ်စီးကျလာ၏။မျိုးသည်ကျွန်တော့်ကိုကြေကွဲစွာကြည့်သည်။သူမ၏ပါးပြင်ပေါ်တွင်လည်းမျက်ရည်တွေရွဲနေလေပြီ။

"လူတွေမှာ..ကိုယ်ဖြစ်ချင်သလိုဖြစ်ခွင့်မရှိပါဘူး...ဖြစ်ချင်သလိုသာဖြစ်ခွင့်ရမယ်ဆိုရင်..ဘာသာရေးဆိုတာလည်းရှိတော့မှာမဟုတ်ဘူး...မျိုးတို့ဗုဒ္ဓဘာသာဝင်တွေမဟုတ်ဘူးလို့ပဲမောင်သဘောထားလိုက်ပါ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ခပ်လေးလေးထရယ်လိုက်ပြီး...

"တစ်ပတ်တစ်ခါ...တိုအရင်လိုအပြင်မှာတွေ့ဖို့တော့မလွယ်တော့ဘူး ဒါပေမယ့်...မောင်တူ့ဓာတ်တ အလုပ်ဆင်းတာနဲ့ မျိုးဆီနေ့တိုင်းလာတွေ့မယ်... ဝူးစာတာ်ဆိုတာလူတလုပ်တာပါ...မျိုးစောင့်ကြည့်နေပါ...မောင်...မျိုးကိုမဖြစ်ဖြစ်တဲ့ နည်းနဲ့လက်ထပ်မယ်...မျိုးကိုမောင်ကြင်ကြင်နာနာပြုစုစောင့်ရှောက်မယ်...အဲဒီလို ပြုစုစောင့်ရှောက်ရလို့လည်းမောင်ကျေနပ်ပျော်ရွှင်မှာသေချာပါတယ်...အိမ်ထောင် ရေးမှာအရေးအကြီးဆုံးက...အချစ်ပါ....မျိုးကိုမောင်..စကားနဲ့တောင်ဖော်မပြနိုင် လောက်အောင်ချစ်တယ်...အဲဒီအချစ်ရဲ့အစွမ်းနဲ့ပဲ...အရာရာကိုအကောင်းဆုံးဖြစ် စေရမယ်...တဲ့...မောင်သွားတော့မယ်..."

မျိုး၏လက်တလေးတစ်ဖက်ကိုကျွန်တော်မြတ်နိုးစွာဖြင့်နမ်းရှုံ့လိုက်မိပါ သည်။မျိုးက ကျွန်တော့်ကိုမျက်တောင်မခပ်ကြည့်နေ၏။ကျွန်တော်မျိုးကိုနှုတ်ဆက်စွာ ပြုံးပြလိုက်မိသည်။သူမကိုကျောခိုင်း၍အခန်းထဲမှကျွန်တော်ထွက်လာခဲ့သောအခါ မျိုးထံမှရှိုက်သံသဲ့သဲ့ကြားလိုက်ရပါသည်။

ဖေဖေတကျွန်တော့်မျက်နှာကိုစေ့စေ့ကြည့်နေပါသည်။ကျွန်တော့်အခန်း ထဲမှာသားအဖနှစ်ယောက်မျက်နှာခြင်းဆိုင်ထိုင်နေကြခြင်းဖြစ်၏။ကျွန်တော့်စားပွဲ ပေါ်မှာတွန်းဖူတာကပွင့်လျက်သားဖြစ်ပြီး ကုမ္ပဏီ၏စာရင်းဇယားများကိုကျွန်တော် ဖြန့်စစ်နေတုန်းမှာ ဖေဖေရောက်လာခြင်းပင်ဖြစ်ပါသည်။

"အခုကိစ္စကို...သားသေသေချာချာစဉ်းစားပြီးပြီလား..."

"စဉ်းစားပြီးပြီဖေဖေ...."

"ပြောစမ်းပါဦး..."

"ကျွန်တော်မျိုးကို...မဖြစ်ဖြစ်တဲ့နည်းနဲ့လက်ထပ်မယ်ဖေဖေ...ဘာဖြစ် လို့လဲဆိုတော့...မျိုးအခုလိုဖြစ်ရတာ...ကျွန်တော့်ပယောဂ မကင်းဘူး...နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သားအဖခြင်းဆိုပေမယ့်..ပွင့်ပွင့်လင်းလင်းပဲပြောပါရစေဖေဖေ...မျိုးကိုကျွန်တော်အိမ်ချစ်ပါတယ်..."

"မင့်ပေါ်ဆမှုကြောင့်လို့ ပြောတာကိုတော့ဖေဖေသိပ်လက်မခံဘူးသား။တော်တဆမှုတို့ မည်သည့် အကြောင်းတိုက်ဆိုင်လို့ဖြစ်သွားကြတာချည်းပဲ..ခုမြစ်ဖို့ ကံပါလာလို့ လည်းပြောလို့ ရတယ်..."

"ကျွန်တော့်ကြောင့်ဖြစ်ရတာပါဖေဖေ...အရင်ကတည်းက...ကားသီးသာတွေကိုအသစ်လဲထားခဲ့မယ်ဆိုရင်...မိုးတွေအရမ်းရွာနေတဲ့အချိန်မှာ...ကားကိုအဲဒီလောက်အမြန်မမောင်းခဲ့ရင်...မျိုးအခုလိုဖြစ်မှာမဟုတ်ဘူး...ဒါတွေထက်ပိုအရေးကြီးတဲ့အချက်ဟာ...ကျွန်တော့်အတွက်မျိုးမရှိလို့ မဖြစ်ဘူးဖေဖေ..."

ဖေဖေက ကျွန်တော့်စကားအဆုံးမှာမသိမသာပြုံးလိုက်ပါသည်။

"ရေရှည်မှာ...သားစိတ်ချမ်းသာမယ်ထင်သလား..."

ကျွန်တော့်တွင်ထိုမေးခွန်းအတွက် အဖြေကအဆင်သင့်ရှိနေပြီးသားဖြစ်ပါသည်။

"စိတ်ချမ်းသာမယ်ဆိုတာသေချာပါတယ်ဖေဖေ...ဘာဖြစ်လို့လဲဆိုတော့ကိုယ့်ချစ်သူစိတ်ချမ်းသာအောင် ကြိုးစားရလို့ ပါ... ဒီတော့သူစိတ်ချမ်းသာရင်..အပြန်အလှန်အားဖြင့်ကျွန်တော်လည်းစိတ်ချမ်းသာမှာပါဖေဖေ..."

ဖေဖေသည် ကျွန်တော့်စကားကြောင့်နည်းနည်းမျက်မှောင်ကုတ်သွား၏။

"ဖေဖေ့သားဟာ...အချစ်ကို ကိုးကွယ်တဲ့...အချစ်ကိုသိပ်ရှေ့တန်းတင်နေတဲ့သူဖြစ်နေပြီထင်တယ်...ဖေဖေပြောမယ်သား...ဒါဟာဖေဖေ့အသက်အရွယ်အရပြောတဲ့စကားပဲ...အိမ်ထောင်ရေးဆိုတာ...အချစ်ကိုအရင်းတည်တာဖြစ်ပေမယ့်အဲဒီအချစ်တစ်ခုတည်းနဲ့ ရှင်းရပ်တည်လို့ မရဘူး...အိမ်ထောင်ရေးမှာ...ရုပ်ပိုင်းဆိုင်ရာ ကိစ္စတွေလည်း တစ်ဝက်လောက်ပါနေတယ်...နောက်တစ်ခုက အိမ်ထောင်ပြုရင်ဘယ်သူမဆို...ကိုယ့်မျိုးဆက်ကလေးတွေမွေးဖွားချင်ကြတာပဲ...သားရဲ့ မျိုးက...အဲဒီလိုအခြေအနေမျိုးတွေပေးစွမ်းနိုင်ပါ့မလား...သား..စဉ်းစားပါဦး..."

သည်တစ်ခါတော့ကျွန်တော်မျက်မှောင်ကုတ်အလှည့်ဖြစ်သွားပါသည်။

"ဖေဖေ...မျိုးကိုသိပ်သဘောမကျဘူးထင်တယ်..."



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ...သားကောင်မလေးကိုနှစ်သက်တယ် မနှစ်သက်ဘူးဆိုတာ ဖေဖေ့အပိုင်းပါ...ဒါပေမဲ့..ဖေဖေအခုပြောနေတာတွေက..ဖေဖေ့အတွက်ပြောနေတာ မဟုတ်ဘူးသား...သားအတွက်ပြောနေတာ...သားသူ့ကိုတစ်သက်လုံးပေါင်းသင်း သွားရမှာဆိုတော့ စဉ်းစားသင့်တာတွေပြောနေတာ..."

"သူ့အပေါ်မှာထားတဲ့...ဖေဖေ့ သဘောထားအမှန်ကို ကျွန်တော်သိချင်တယ်ဖေဖေ..."

သည်တစ်ခါတော့ဖေဖေက နှေးထွေးစွာပြုံးပါသည်။

"သမီးလေးမျိုးကို...ဖေဖေ သမီးလေးအရင်းလိုချစ်ပါတယ်...မျိုးဟာ သွက်လက်ချက်ချာတယ်..ရိုးသားဖြူစင်တယ်..အကျင့်စာရိတ္တကောင်းတယ်...ပြီးတော့ သားအပေါ်မှာလည်းနှစ်နှစ်ကာကာ မြတ်နိုးပုံရတယ်...ဖေဖေ့အနေနဲ့ သမီးလေးမျိုး အပေါ်မှာ တကယ်ပဲနှစ်သက်ခင်မင်တွယ်တာပါတယ်.."

ကျွန်တော်သက်ပြင်းတစ်ချက်ချလိုက်မိသည်။ကျွန်တော်တို့နှစ်ယောက် ၏အနာဂတ်သည်မချောမွေ့တော့မည်မှာတော့သေချာပါသည်။ သို့သော်ထိုအခက် အခဲတွေတိုကျော်လွှားရင်ဆိုင်ရန်တော့ကျွန်တော့်ဘက်ကအဆင်သင့်ဖြစ်နေပြီဖြစ် သော်လည်း မျိုး၏ပြောင်းလဲသွားသော စိတ်ဓာတ်ကြောင့် ဘာဆက်လုပ်ရမည်မသိ ဖြစ်ရပါသည်။

"တဲ..သားလည်းအလုပ်တွေသိမ်းလိုက်တော့...ညဉ့်လည်းနက်ပြီ..အနားယူတော့..."

ဆေးရုံမှဆင်းပြီးတစ်ပတ်ကြာသည်အထိကျွန်တော်အိမ်မှာပင်နားနေခဲ့ ရသည်။သည်ရက်များအတွင်းမျိုးထံသို့တစ်ရက်ခြားတော့ရောက်ခဲ့ပါသည်။မျိုး၏ သဘောထားကတော့ယခုအထိလက်ထပ်ဖို့ငြင်းပယ်နေဆဲပင်ဖြစ်ပါသည်။

ခုတင်ပေါ်တက်၍လဲလျောင်းမိသည်နှင့်မျိုးအကြောင်းကိုစဉ်းစားမိပြန်၏။ မျိုး၏အခြေအနေသည်မျိုးအတွက် အလွန်စိတ်ဓာတ်ကျဖွယ်ပင်ဖြစ်ပါသည်။မျိုးသည် အားလျှင်အားသလို မျက်ရည်တွေကျနေတတ်ပါသည်တဲ့။အိမ်ထဲကအိမ်ပြင်သို့ ဘီး တပ်တုလားထိုင်ဖြင့် ရွေ့လျားသွားလာ၍ရသော်လည်း၊ရေချိုးခြင်း၊အိပ်ရာ တပါးသွား ခြင်းတို့ပြုရာ၌အတော်ပင်ဒုက္ခရောက်လေသည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



မျိုး၏အခြေအနေသည် သူမ၏အနိုး၌ အမြဲတမ်းလူတစ်ယောက်ထားရှိပြုစုရမည့်သူလိုနေလေပြီ။မျိုး၏မိဘနှစ်ပါးကတော့မျိုးအပေါ်လိုလေသေးမရှိအောင်ပြုစုရရှိက်ကြသော်လည်း မျိုး၏မိဘနှစ်ပါးကလည်းအသက်ကြီးနေကြလေပြီ။အနှံအတိုင်းဆိုလျှင်သူတို့သည်လည်းအပြုစုခံ ဘဝ၌ကောင်းကောင်းမွန်မွန်အနားယူသင့်နေလေပြီ။

မျိုးကိုဘဝတစ်သက်တာပြုစုယူမည့်သူလိုအပ်နေလေပြီ။ကျွန်တော်မျိုးကိုလက်ထပ်လိုက်လျှင် မျိုးအပေါ်ပြုစုရမည့်တာဝန်တို့သည်ကျွန်တော့်ခေါင်းပေါ်သို့ရောက်ရှိလာပေလိမ့်မည်။ထို့ကြောင့်ပင်လျှင်ဖေဖေကရေရှည်မှာလွယ်မှာမဟုတ်ဘူးဟုပြောခဲ့ခြင်းဖြစ်ပါလိမ့်မည်။

ကျွန်တော်သက်ပြင်းတစ်ချက်ချလိုက်မိသည်။မျိုးအကြောင်းစဉ်းစားခါမှထမျိုးထံသို့ဖုန်းဆက်ချင်လာသည်။ညဆယ့်တစ်နာရီရှိနေပြီဖြစ်သော်လည်းမျိုးအိပ်ပျော်လိမ့်ဦးမည်မထင်သဖြင့်မျိုး၏လက်ကိုင်ဖုန်းလေးသို့ ကျွန်တော်ဖုန်းခေါ်လိုက်မိသည်။

"မျိုး...မအိပ်သေးဘူးမဟုတ်လား..."

"ဆယ့်တစ်နာရီထိုးနေပြီလေ...မောင်ရောမအိပ်သေးဘူးလား..."

"ဟင့်အင်း...မအိပ်ချင်သေးဘူး...မျိုးရောမအိပ်ချင်သေးဘူးလား..."

"ခဏနေရင်အိပ်တော့မလို့..."

"ဆေးရောသောက်ပြီးပြီလား..."

"အင်း..."

"ထမင်းစားလို့ရောကောင်းလား..."

"အင်း...မောင်ရော..."

"မောင်မကြိုက်တဲ့ဟင်းမို့လားမသိဘူး...စားမကောင်းဘူး..."

"ဘာဟင်းမို့လဲ..."

"မောင့်ကိုလက်မထပ်ချင်ဘူးဆိုတဲ့ဟင်းကြောင့်ပဲ..."

"ဟင်းနာမည်က အဆန်းပဲ..."

မျိုးကရယ်သံခပ်တိုးတိုးလေးနှင့်ပြောသဖြင့်ကျွန်တော်ပြုံးမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အချောကိုကိုရိုက်တော့...မောင်နေ့တိုင်းပဲ...အဲဒီဟင်းနဲ့ စားရလိမ့်မယ်"

"အချက်အပြုတော့...ဟင်းအပြောင်းအလဲလေးစားချင်ပြီ..."

"ဘာဟင်းစားချင်လို့လဲ..."

"မောင်ကိုတစ်ခါတော့ပေးမယ်ဆိုတဲ့ဟင်း..."

ချစ်သူကိုကြည့်ပြီးပြောလိုက်သည်။

"ထိုဟင်းလဲ...ချက်တတ်ဘူး..."

"ရိုးရိုးချက်တတ်ပါတယ်...ချက်လည်းချက်နိုင်ပါတယ်..."

အသံတိတ်သွားပြီးမှပြောလာ၍...

"မောင်...မိုးကိုသိပ်ချစ်တာပဲလားတင်..."

"အင်း..."

ကျွန်တော့်အဖြေသည်အင်း တစ်လုံးတည်းသာဖြစ်သော်လည်းတကယ့် ကိုရင်ထဲအသည်းထဲကလာသောအင်း ဖြစ်ပါသည်။

"မောင့်အလုပ်တွေရော...အဆင်ပြေလား..."

"အဆင်တော့ပြေပါတယ်...ဒါပေမယ့် ကိုတယ်မန်နေဂျာကိုတော့အလုပ် ကထုတ်ပစ်ရလိမ့်မယ်...သူအလွဲသုံးစားလုပ်နေတာကြာပြီ...စာရင်းတွေလည်းလိမ် ထားတယ်..."

"တိုဝင်းမွန်လားမောင်...သေချာရောသေချာရဲ့လား...အင်းလေ...ဘာပဲ ဖြစ်ဖြစ် အရင်သတိပေးပြီးမှထုတ်ဖို့စဉ်းစားရင်ရော...လူတစ်ယောက်အတွက်အ လုပ်တစ်ခုဆိုတာတသိပ်အရေးကြီးတာ...သူ့မှာမိသားစုတွေလည်းရှိနေမှာ..."

"မောင်...ဇေဇေနဲ့ အဲဒီကိစ္စတိုင်ပင်ပြီးပြီ...ဒီလူမှာအရင်ကတော့နာမည် ပျက်မရှိဘူး...ဇေဇေကတော့သူ့ ကိုဆက်မထားချင်တော့ဘူး...ဒါပေမယ့်မောင်...ကို ဝင်းမွန်နဲ့ စကားပြောကြည့်ဦးမယ်..."

"အင်း...ကောင်းတယ်...ဘာပဲဖြစ်ဖြစ်...ခွင့်လွှတ်လို့ ရမယ်ဆိုရင်တော့ သက်သက်ညှာညှာစဉ်းစားပေးလိုက်ပါမောင်ရယ်..."

ကျွန်တော့်မိုးသည်ထိုသို့ သောမိုးဖြစ်ပါသည်။သူမသည်ကျွန်တော့်အလုပ် တွေကိုစိတ်ဝင်စားသလိုကျွန်တော့်ဝန်ထမ်းတွေအပေါ်မှာကျွန်တော့်အုပ်ချုပ်မှုတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်းစိတ်ဝင်စားပြီး စပ်စုမေးမြန်းထင်မြင်ချက်တွေလည်းပေးလေ့ရှိပါသည်။

“မျိုး...နေ့လယ်ဘက်တွေမှာတော့အရမ်းပျင်းနေမှာပဲနော်...ဘာပဲဖြစ်ဖြစ်...စိတ်ကိုလောလောဆယ် မျိုးကြုံတွေ့နေရတဲ့ပြဿနာမှာ သိပ်မထားမိအောင်ကြိုးစားပြီးနေပါ...အချိန်ကြာလာရင်မျိုးဒီထက်ပိုပြီးခံနိုင်ရည်ရှိလာပါလိမ့်မယ်...”

“စိတ်ဓာတ်လည်းမကျပါဘူး...စိတ်အားလည်းမငယ်ပါဘူး...ဒါပေမဲ့...မျိုးစိတ်ထဲမှာတစ်မျိုးကြီးပဲ...သူတစ်ပါးအကူအညီနဲ့တစ်သက်လုံးနေသွားရမှာကိုတော့ ယူကြုံးမရဘူး...အင်းလေ...တစ်နေ့တော့မျိုးဘာသာမျိုးရပ်တည်နိုင်အောင်တော့ဖြစ်လာလိမ့်မယ်လို့ထင်တာပဲ...အားကစားပစ္စည်းတွေကိုတော့မျိုးအခန်းထဲမှာမထားချင်တော့ဘူး...အဲဒါတွေကိုမြင်နေရရင်စိတ်မကောင်းဘူး....”

“အာရုံကြောကိစ္စတွေ က...ဒီလိုပဲတဖြည်းဖြည်းနဲ့ပြန်ကောင်းလာတတ်ပါတယ်...ခြေထောက်လေ့ကျင့်ခန်းလေးတွေလောက်တော့ မျိုးလေ့ကျင့်ချင်တယ်ဆိုအောင် လာပြီးအကူအညီပေးမယ်လေ...”

“ဟင်း...သူ့မှာအချိန်တွေသိပ်ပိုနေတာကိုး...ကဲပါ...ညဉ့်နက်နေပြီ...အိပ်တော့...မနက်ကိုလည်းအလုပ်သွားရဦးမယ်...”

“မျိုးလည်းအိပ်တော့နော်...ဂွဒ်နိုက်...”

တယ်လီဖုန်းချသွားလေသည်။အပြင်မှာတော့မိုးတွေရွာနေလေပြီ။သီတင်းကျွတ်ဖို့သိပ်မလိုတော့ပါ။နှစ်လလောက်ပဲလိုတော့သည်။သည်နှစ်လအတွင်းမျိုးကိုဆက်ထပ်ဖို့အကြောင်းစည်းရုံးရပေလိမ့်ဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃ )

တိုတယ်ဓမ်ငနေရာ ကိုဝင်းမွန်သည်မျက်စိပျက်၊မျက်နှာပျက်နှင့် ကျွ
တော့ရှေ့မှာထိုင်နေသည်။ကျွန်တော်ကသူ့မျက်နှာကိုအကဲခပ်ရင်းရှေ့မှာအဆင
သင့်ရှိနေသောဖိုင်ကိုပိတ်လိုက်၏။ကျွန်တော့်အခန်းသည်အဲယားကွန်းဖွင့်ထားသော
လည်းကိုဝင်းမွန်၏မျက်နှာမှာချွေးတွေစို့နေသည်။

"ကျွန်တော် အားလုံးကိုစစ်ဆေးပြီးပြီကိုဝင်းမွန်..."

"ကျွန်တော်ဝန်ခံပါတယ်ဆရာ...နောက်ကိုအဲဒီလိုမဖြစ်စေရပါဘူး..."

"ဘာကြောင့်ဒါတွေလုပ်ခဲ့ရတာလည်း..."

ကျွန်တော့်မျက်လုံးကိုရင်မဆိုင်ရဲဟန်ဖြင့်ကိုဝင်းမွန်ကမျက်လွှာချထား
သည်။

"ဒီလိုပါဆရာ...အဲဒီတုန်းက ကျွန်တော့်ဇနီးကလည်းမီးဖွားခါနီး...အမေ
ကလည်းလေဖြတ်လို့...ဆေးရုံတင်ထားရပါတယ်ဆရာ...ကလေးကလည်းသုံ
ယောက်တောင်မို့ဆိုတော့ ကျွန်တော်အရမ်းကိုအခက်အခဲဖြစ်ရပါတယ်ဆရာ...ပိုက
ဆံလိုက်ချေးကြည့်တော့လည်း...အဆင်မပြေပါဘူး...အဲဒါနဲ့ ကျွန်တော်လည်းကြ
မရဖြစ်ပြီး..."

"အရင်က...ကိုဝင်းမွန်ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာလုပ်ဖူးသော
တယ်နော်...ဘယ်ကုမ္ပဏီလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ရွှေပယင်းဆောက်လုပ်ရေးကုမ္ပဏီမှာပါဆရာ..."

တယ်လီဖုန်းလမ်းညွှန်စာအုပ်ကိုကျွန်တော်ဖွင့်လိုက်သည်။ရွှေပယင်းဆောက်လုပ်ရေးကုမ္ပဏီသည်နာမည်ကျော်ကုမ္ပဏီဖြစ်သဖြင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တချို့ကိုလွယ်ကူစွာတွေ့ရပါသည်။ထိုဖုန်းနံပါတ်တွေထဲက နံပါတ်တစ်ခုကိုကျွန်တော်ကောက်ဆက်လိုက်သည်။

"ဟုတ်ကဲ့....ကျွန်တော်စိုးအောင်ပါ...ရွှေပယင်းကုမ္ပဏီရဲ့ဂျီအမ်ပါ..."

"ဟုတ်ကဲ့...ကျွန်တော်က ရတနာခရီးသွားအေဂျင်စီနဲ့ဟိုတယ်လုပ်ငန်းကပါ...ကျွန်တော်တစ်ခုသိချင်လို့ပါ..."

"ဟုတ်ကဲ့..."

"အရင်က..ဦးစိုးအောင်တို့ကုမ္ပဏီမှာမန်နေဂျာလုပ်ခဲ့ဖူးတဲ့ကိုဝင်းမွန်ဆိုတဲ့လူတစ်ယောက်အကြောင်းသိချင်လို့ပါ..."

"ဪ...ကိုဝင်းမွန်လား...ဒီလူဟာလူတော်တစ်ယောက်ပါ....ရိုးလည်းရိုးသားပါတယ်...ကျွန်တော်တို့ဆီမှာအလုပ်လုပ်နေစဉ်မှာတော့...အားလုံးအဆင်ပြေပါတယ်...ဘာဖြစ်လို့လဲခင်ဗျာ..."

"သူ့အကြောင်းသိချင်လို့ပါ...ကျေးဇူးပါဘဲခင်ဗျာ..."

ကျွန်တော်သိချင်တာသိရပြီဖြစ်သည့်အတွက်ရွှေပယင်းကုမ္ပဏီကိုကျေးဇူးတင်ကြောင်းပြောပြီးဖုန်းကိုချလိုက်သည်။ကိုဝင်းမွန်သည်ကျွန်တော့်ကိုမျက်လုံးမခိုတ်ကြည့်နေ၏။

"ကိုဝင်းမွန်ရဲ့နောက်ကြောင်းမှာနာမည်ပျက်မရှိတာရယ်...အခု အလွဲသုံးစားလုပ်ထားတဲ့ငွေကြေးပမာဏကလည်းသိပ်မများတာရယ်...နောက်ပြီးအဲဒီငွေတာ...တကယ်ပဲကိုဝင်းမွန်ရဲ့အမျိုးသမီးမီးဖွားဖို့ကိစ္စနဲ့ခွင့်ယူထားတာ...ငွေများတာတချို့ကိုကျွန်တော်စုံစမ်းပြီးပြီ...ဘာပဲဖြစ်ဖြစ် ဖြစ်မှုကျူးလွန်တယ်ဆိုတော့အပြစ်တော့ပေးရမယ်..."

ကိုဝင်းမွန်သည်ရှိက်ကြီးတငင်ငိုကြွေးလေတော့သည်။

"ကိုဝင်းမွန်ဒီနေ့ကစပြီးဟိုတယ်မှာမလုပ်နဲ့တော့..."

"ဗျာ...ကျွန်တော့်ကိုအလုပ်ထုတ်လိုက်ပြီလားဆရာ..."



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားအပေါ်အထူးသက်သက်ညာညာနဲ့ ကျွန်တော်စဉ်းစားထားပါတယ် ဒီတော့မနက်ဖြန်တစပြီး...ကျွန်တော်တို့ ရုံးချုပ်မှာပဲ...ခင်ဗျားအလုပ်လာခင်ပါ နောက်ကိုတယ်တော့မှ မရိုးမသားမလုပ်ပါနဲ့...ကြားလား..."

"ကျေးဇူးတင်ပါတယ်ဆရာ..."

ကိုဝင်းမွန်သည် ကျွန်တော့်ကိုတုန်ယင်လိုက်လှဲစွာဖြင့်နုတ်ဆက်ပြီးပြန်သွားလေသည်။ကျွန်တော်တစတော့ကျွန်တော့်လုပ်ဆောင်ချက်တွေကိုပြန်စဉ်းစားကြည့်မိသည်။စာစတစတော့ကျွန်တော့်ဆုံးဖြတ်ချက်ကိုသိပ်ကျေနပ်မည်မဟုတ်သော်လည်း လူတစ်ယောက်၏နောက်တွယ်တမိသားစုများ၏ဘဝကိုကြည့်၍ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းသိပါလိမ့်မည်။

အမှန်တစတော့ ကျွန်တော်တလည်းသိပ်သဘောကောင်းသောကောင်တော့မဟုတ်ပါ။ကိုယ့်တပ္ပဏီအပေါ်မရိုးမသားပြုသူကိုသည်းမခံနိုင်ညာနေစရာအကြောင်းမရှိပါ။သို့သော်သည်ကိစ္စအပေါ်မျိုး၏သဘောထားကကျွန်တော့်အပေါ်လွှမ်းမိုးနေကြောင်းကျွန်တော်ဝန်ခံမိပါသည်။ထို့ကြောင့်ပင်လျှင်ကျွန်တော်သက်ညာစွာစဉ်းစားဆုံးဖြတ်မိခဲ့ခြင်းဖြစ်ပါသည်။

နောင်တွင်သည်လိုပြဿနာမျိုးတွေမဖြစ်အောင်တော့ကြပ်မတ်ရပေလိမ့်မည်။ပြီးတော့ဝန်ထမ်းတွေ၏လစာကိစ္စနှင့်သက်သာချောင်ချိရေးကိစ္စတွေကိုအဖြေသုံးသပ်နေရပေလိမ့်မည်။ကျွန်တော်မည်သို့ဆုံးဖြတ်လိုက်ကြောင်းမျိုးလည်းသိချင်ပေလိမ့်မည်။ထို့ကြောင့်ကျွန်တော်မျိုးထံသို့ဖုန်းကောက်ဆက်လိုက်မိပါတော့သည်။

"မျိုး..."

"ရှင်...ဘာလဲမောင်...ဘာပြောစရာရှိလို့လဲ..."

"အခုဘာလုပ်နေလဲ..."

"အခုလေးတွင်ပဲ...ပဌန်းရွတ်ပြီးသွားတာ...."

"အခုလေးတွင်ပဲ...မောင်လည်း..ကိုဝင်းမွန်ဆိုတဲ့မန်နေဂျာကိစ္စကိုဆုံးဖြတ်ဖြေရှင်းလိုက်တယ်...ဟိုတလောက မောင်ပြောဖူးတဲ့တိုတယ်မန်နေဂျာလေ"

"မျိုးမှတ်မိတယ်...မောင်ဘယ်လိုဆုံးဖြတ်လိုက်သလဲဟင်..."

မျိုးသည်အလွန်ပင်သနားတတ်သူဖြစ်ပြီးအလွန်လည်းစိတ်ထားနူးညံ့သူ



www.burmeseclassic.com

www.burmeseclassic.com



…ဦးဖြစ်ပါသည်။ယခုပင်ကြည့်ပါ။သူမ၏အသံသည်စိတ်လှုပ်ရှားမှုတွေပါနေ၏။

"ကိုဝင်းမွန်ကို တိုတယ်မှာမထားတော့ဘူး...ရုံးချုပ်ကို ပြောင်းပြီးတာ …န်ပေးလိုက်တယ်..."

"ဝမ်းသာလိုက်တာမောင်ရယ်...လူတစ်ယောက်ရဲ့ စားဝတ်နေရေးထက် …ူ့နောက်ကွယ်ကမိသားစုရဲ့ စားဝတ်နေရေးကိုမျိုးစိတ်ပူတာ...ဘာပဲဖြစ်ဖြစ်… …ောင့်ဆုံးဖြတ်ချက်ကိုတော့ မျိုးသာရဒေါ်ပါတယ်..."

အားတက်သရောပြောနေသည့်မျိုး၏အသံကြောင့်ကျွန်တော်ပြုံးမိပါ …ည်။

"သိပ်တော့လည်း..မောင့်ကိုအထင်ကြီးမနေနဲ့ဦး..အခုလိုမောင်ဆုံးဖြတ် …ိုက်တာက...တစ်ကြိမ်မှားပေမယ့်..လူတော်လူကောင်းတစ်ယောက်ဖြစ်နေလို့ သာ …ုံးဖြတ်လိုက်တာ...ပြီးတော့အတိတ်က သူ့မှာမကောင်းတဲ့ကိုယ်ကျင့်တရားရှိလို့ …တော့မောင်ရက်စက်ရတော့မှာ..."

"ဒါတော့ဒါပေါ့...ဒါပေမဲ့..ချင့်ချိန်တတ်တဲ့မောင့်ကိုမျိုးချီးကျူးပါတယ်"

"ထမင်းစားပြီးပြီလား..."

"အင်းပေါ့...နှစ်နာရီတောင်ရှိနေပြီ..."

"ဘာဟင်းနဲ့ စားလဲ.."

"ငါးဖယ်ငါးဆုပ်ဟင်း...ပြီးတော့ဗူးညွှန့် ကြော်ချက်..ပြီးတော့.."

"အဲဒီဟင်း...မောင်လည်းသိပ်ကြိုက်တယ်...လက်ထပ်ပြီးရင် မျိုးကိုအဲဒီ …င်းမောင်ချက်ကျွေးမယ်...စားမလား..."

"မောင်ကချက်တတ်လို့လား..."

"တင့်အင်း..မချက်တတ်ဘူး...ဒါပေမဲ့...မျိုးစားဖို့ ဆိုတော့မောင်ကြိုးစား …ီးတော့ချက်မှာပေါ့..."

"ပြောလိုက်ရင်တော့မစားရ ဝခမန်းပဲ...ဒါနဲ့ အဲဒီဟင်းတွေချက်ကျွေး …ို့မောင့်မှာအချိန်ရောရရဲ့လား..."

"လက်ထပ်ပြီးရင်တော့ မျိုးအတွက်မောင် အချိန်တွေအများကြီးပေး …မယ်...သိပ်တော့လည်းမခက်ပါဘူး...အလုပ်တွေကိုအတတ်နိုင်ဆုံးအိမ်မှာပဲလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရမယ်..မနက်အိပ်ရာကထရင်..မျိုးကိုမောင်ပဲ မျက်နှာသစ်သွားတိုက်လုပ်ပေးမယ် ပြီးတော့ သနပ်ခါးလိမ်းတာကအစ..မောင်ပဲလိမ်းပေးမယ်..."

"တိတ်...မျိုးက ခြေထောက်သာမသန်တာ...လက်တွေကတော့ဘာမှ မဖြစ်ဘူး..."

"အို..သန်သန်မသန်သန်..မောင်ကတော့အတင်းကိုလုပ်ပေးမှာပဲ...နေ့ ထမင်းစားရင်လည်း..မျိုးကိုမောင်ပဲခွံ့ကျွေးပေးမယ်..."

"ဘာတွေလျှောက်ပြောနေတာလဲ..ရှက်စရာကောင်းလိုက်တာ..."

"ထမင်းခွံ့ကျွေးရမယ်လို့ဖြစ်လာရင်ဘာရှက်စရာလိုလို့လဲမျိုးရဲ့...မောင် ကတော့မရှက်ပါဘူး..."

"အော်..သူကတော့ဘယ်ရှက်မလဲ..ပြောလိုက်ရင်ပြောင်းပြန်..."

မျိုးနှင့်စကားပြောရတာအလွန်ပဲအရသာရှိပါသည်။တကယ်ကတော့ ကိုယ်ချစ်သူနှင့်ထိုသို့စကားပြောရတာအရသာရှိခြင်းသည်အိမ်ထောင်ရေးအတွက် ပါကောင်းပါလိမ့်မည်။ကျွန်တော်ကတော့မျိုးနှင့်အိမ်ထောင်ကျသွားလို့ကတော့ စကားအတော်များမည့်ကောင်ဖြစ်မည်ထင်တာပဲ။

"မျိုး...သီတင်းကျွတ်ဖို့သိပ်မလိုတော့ဘူးနော်...မောင်တို့အခုကတည်း တရက်ကောင်းရက်မြတ်ရွေးကြရအောင်..."

မျိုးအသံတိတ်သွားပါသည်။ခဏကြာမှ...

"မောင့်ကိုလက်ထပ်မယ်လို့ ဘယ်သူကပြောသေးလို့လဲ..."

"လုပ်မနေနဲ့မျိုး...မျိုးလက်မထပ်ချင်လည်းမရဘူး...မောင်ကအတင်း လက်ထပ်မှာပဲ...အဲဒီတော့ခန်းဝင်ပစ္စည်းတွေလည်းဝယ်ထားဖို့လိုနေပြီ...အခုက တည်းက အိပ်ရာအခန်းအနားအတွက်မောင် ကတ်တလောက်တွေရှာနေတယ် အဲဒီထဲကမျိုးကြိုက်တာရွေး...မျိုးကြိုက်တာဟာ..မောင်ကြိုက်တာပဲ..."

"မောင်ကဇွတ်ပဲ...အင်းလေ...အချိန်တွေရှိပါသေးတယ်...မောင့်သဘော ထားပြောင်းသွားပါစေလို့ မျိုးမျှော်လင့်နေမယ်..."

"ဘာမှပြောင်းလဲစရာမရှိဘူး...အရင်ကလည်းဒီသဘောပဲ..အခုလည်း ဒီသဘောပဲ...နောင်လည်းဒီသဘောပဲ..."



www.burmeseclassic.com

www.burmeseclassic.com



မျိုး၏ရယ်သံလွင်လွင်ကလေးကိုခပ်တိုးတိုးကြားရသည်။

"ညနေ...မျိုးဆီလာဦးမလား..."

"လာမှာပေါ့...ဩော်...တနင်္ဂနွေနေ့ကျရင် မျိုးလေ့ကျင့်ခန်းနည်းနည်း မြန်လုပ်ကြည့်ပါလား...မောင်လာကူပေးမယ်...ဆရာဝန်ကြီးကတော့စိတ်မပျက်ဖို့ ပြောတာပဲ...ဒါမျိုးဆိုတာ...အဲဒီလိုလေ့ကျင့်ရင်းနဲ့ပြန်ကောင်းလာတတ်တယ်တဲ့..."

"အင်း....မျိုးလည်းလုပ်ကြည့်ချင်တယ်...."

"ဒါပဲနော်...မောင်အလုပ်နည်းနည်းဆက်လုပ်လိုက်ဦးမယ်..."

မျိုးကိုနုတ်ဆက်၍ကျွန်တော်ဖုန်းချလိုက်သည်။ခဏကြာသည်အထိကျွန် တော်ငိုင်နေမိပါသည်။ထိုအခိုက်မှာပင် ကျွန်တော့်ရုံးခန်းတံခါးပွင့်သွားပြီး ကျွန်တော့် သူငယ်ချင်းသော်တာနှင့်ဝင်းမိုးတို့ရောက်လာသည်။

"ဟေ့ကောင်...ဂျီအမ်ကြီး....အလုပ်တွေများနေလား....တီးတိုင်မ်း ရောက်နေပြီလေကွာ....လက်ဖက်ရည်သွားသောက်ရအောင်..."

"မင်းတို့ဘယ်ကလှည့်လာတာလဲ..."

"မင့်ဆီပဲထွက်လာကြတာ..."

သော်တာက ကျောင်းပြီးကတည်းက ကားဝပ်ရှော့တစ်ခုဖွင့်ထားသည်။ သည်ကောင့်ဝပ်ရှော့ကကြီးလည်းကြီး၊ကျွမ်းကျင်သောလုပ်သားတွေလည်းရှိသဖြင့် အောင်မြင်နေသောဝပ်ရှော့ဖြစ်ပါသည်။ယာဉ်တိုက်မှုဖြစ်စဉ်က ခေါင်းပိုင်းကြေမွ သွားသောကျွန်တော့်ကားကိုသည်ကောင့်ဆီပို့ထားရသည်။ဝင်းမိုးကတော့ရုပ်ရှင် ဇာတ်ညွှန်းရေးဆရာဖြစ်သည်။

သည်ကောင်ကတော့ကျောင်းမှာကတည်းကစာတိုပေစလေးတွေရေး သည်။မိဘကနဂိုကတည်းကချမ်းသာသူတွေဖြစ်၍အလုပ်မလုပ်ဘဲထိုင်စားနိုင်သော် ငြားသည်ကောင်က သူ့ဝါသနာပါသည့်အလုပ်ကိုသာလုပ်ခဲ့သူဖြစ်ပါသည်။သည် ကောင့်ရုပ်ရှင်ကားတွေက သိပ်မများလှသော်လည်း အနုပညာအရည်အသွေးတော့ ပြည့်ဝါသဖြင့် အကယ်ဒမီတောင်တစ်ဆုရထား၏။

ကျွန်တော်တို့သူငယ်ချင်းတွေထဲမှာတော့သည်ကောင်က တစ်ဦးတည်း သောအနုပညာသမားဖြစ်ပြီးသူကအပျော်တမ်းတီးဝိုင်းတစ်ဝိုင်းလည်းထောင်ထား



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

ကျွန်တော်လည်းစားပွဲပေါ်ကကွန်ပျူတာနှင့်ဖိုင်တချို့ကိုပိတ်လိုက်ပြီး သူငယ်ချင်းတွေနှင့်အပြင်သို့ထွက်လာခဲ့သည်။လောလောဆယ် ကျွန်တော့်ကား တိုဝပ်ရှော့ပို့ထားရသဖြင့် ဖေဖေ့ကားကိုပင်သားအဖနှစ်ယောက်စွစီးနေရပါသည်။

"မင့်တားနဲ့ပဲလိုက်ရမှာပဲ သော်တာ…လောလောဆယ်ငါ့မှာစီးစရာမရှိဘူး…"

"ဒါကြောင့်ငါပြောတာ…ငါ့ဆီကကားတစ်စီးခဏယူထားပါလို့…"

"မင်းကွာ…ရှိအပ်ကြီး တစ်ယောက်ဖြစ်ပြီး ကားတစ်စီးထပ်ဝယ်လိုက်တာမှတ်ဘူး…"

"မိုးနဲ့ငါလက်ထပ်ရင်…ဖေဖေက ကားတစ်စီးလက်ဖွဲ့မယ်ဆိုတာနဲ့ငါလည်းစောင့်နေတယ်…"

သည်တော့နှစ်တောင်တကျွန်တော့်မျက်နှာကိုသေသေချာချာအကဲခတ်ကြည့်ပါသည်။တော်ရောက်တော့မှ သော်တာကစပြောသည်။

"မင်း…မိုးကိုတကယ်လက်ထပ်မှာလား…"

"အေး…"

"မလွယ်တော့မလွယ်ဘူးကွနော်…ရေရှည်ကိုမင်းစဉ်းစားဖို့ကောင်းတယ်မင်းဆွေ…"

"စဉ်းစားပြီးပြီ သူငယ်ချင်း…ငါအားလုံးစဉ်းစားပြီးပြီ…"

"အိမ်ထောင်ပြုတယ်ဆိုတာ…တခဏကိစ္စမဟုတ်ဘူးနော်မင်းဆွေ… တစ်သက်လုံးကိစ္စ…တစ်သက်လုံးမင့်မိုးတာ ကိုယ်တစ်ပိုင်းသေသဘဝနဲ့ပဲနေချင်နေသွားရမှာ…တစ်နေ့နေ့တစ်ချိန်ချိန်မှာ…မင်းမိုးအပေါ်မငြိုငြင်လာဘူးလို့ပြောနိုင်မလား…ငါတို့တော့မိုးကိုသနားတယ်…တော်ကြာမင်းနဲ့အိမ်ထောင်ပြုလိုက်မှ…မိုးပိုပြီးတော့စိတ်အနာတရဖြစ်သွားရင်မကောင်းဘူး…"

မခံချင်စိတ်ဖြင့်ကျွန်တော်ပြုံးလိုက်မိသွားသည်။

"လောလောဆယ်ဖြစ်မလာသေးတဲ့ကိစ္စဆိုတော့သက်သေပြဖို့ခက်တယ်ကွ…ဒါပေမဲ့…မင်းတို့စောင့်ကြည့်နေပါ…ပြီးတော့ငါ့လုပ်ရပ်တွေကိုသာစုံခေါ်


www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါတော့ကျွန်တော့်သူငယ်ချင်းနှစ်ယောက်စလုံးပြုံးသွားကြ၏။

"အဲဒီလိုအဖြစ်မျိုးရောက်ရင်...ငါတို့တကယ်ပဲသဘောခွေခါပဲ့မယ်သူငယ်ချင်း ဒါပေမဲ့...မျိုးအနေနဲ့ထပ်ပြီးစိတ်မချမ်းသာစရာအဖြစ်မျိုးတွေဖြစ်လာရင်တော့မင်း တိုငါတို့ထိုးသင့်ထိုးရလိမ့်မယ်တော့ကောင်....တကယ်ပြောတာ...အင်းလေ...ဒါပေမဲ့ ငါထင်ပါတယ်....အဲဒီလိုအခြေအနေမျိုးတော့ ဘယ်တော့မှရောက်မှာမဟုတ်ပါဘူး ကွာနော...."

ဝင်းမိုးကတော့စဉ်းစဉ်းစားစားနှင့်ပြော၏။

"မင်းတို့နှစ်ယောက်အကြောင်းက...ရုပ်ရှင်ဇာတ်လမ်းတစ်ခုလိုပဲကွ... မျိုးအပေါ်မှာ....မင်းအခုလိုသဘောထားရှိနေတာကို ဘယ်သူတွေဘာပြောပြော... ငါတော့ချီးကျူးတယ်...အိမ်ထောင်ရေးမှာအလွန်တရာ သန့်စင်မွန်မြတ်တဲ့အချစ် ဟာ အဓိကနေရာကရှိနေတယ်ဆိုတာမင်းပြရတော့မယ်...ဒီတော့မင်းအနေနဲ့မျိုး ကိုဖြစ်ဖြစ်တဲ့နည်းနဲ့လက်ထပ်လိုက်စမ်းပါ....ဒါဟာ ချစ်ခြင်းရဲ့အနုပညာပဲကွ"

ဝင်းမိုး၏စကားကြောင့်ကျွန်တော်ကြည်နူးသွားမိပါသည်။စကားစအဖြတ် တွင် ကားထဲ၌အိုက်စပ်စပ်ဖြစ်လာသဖြင့် သော်တာကကားမှန်တွေတင်ပြီးအဲယား ကွန်းဖွင့်လိုက်ရာ ချက်ခြင်းပင်အေးစိမ့်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၄ )

မျိုးနှင့်လက်ထပ်ဖို့ အတွက်ကျွန်တော့်မှာအကြီးအကျယ်တိုက်ပွဲဝင်ရလေတော့သည်။အဓိက ကတော့မျိုးပင်ဖြစ်ပါသည်။မျိုးသည်ယခင်ကငြင်းသလိုပင် လက်ထပ်ဖို့ အရေးကိုခါးခါးသီးသီးငြင်းပါတော့သည်။

"ဘယ်လိုမှ မဖြစ်နိုင်ပါဘူးမောင်..."

"မောင့်ကို...မချစ်ဘူးလားမျိုး..."

"ချစ်တာပေါ့မောင်ရယ်...နင့်သည်းနေအောင်ကိုချစ်တယ်...အခုလိုမျိုးငြင်းနေရတာလည်း...မောင့်ကိုချစ်လွန်းလို့ ပဲ..."

"မတုတ်သေးဘူးမျိုး...အခြေအနေတစ်ခုကိုမရောက်သေးဘဲနဲ့ တွေးပြီးကြောက်နေတာ အဓိပ္ပါယ်မရှိဘူး...ဘာပဲဖြစ်ဖြစ်အဲမျိုးဆိုတာ...အချိန်ကသက်သေပြသွားပါလိမ့်မယ်...မျိုးစောင့်ကြည့်နေပါ..."

"စိတ်ညစ်တယ်...အတင်းပဲ..."

"မောင်...ဖေဖေတို့ ကိုဖွင့်ပြောလိုက်တော့မယ်....မျိုးလည်းသဘောတူပါပြီလို့..."

ကျွန်တော်ကပဲခေါင်းမာလွန်းသည်လား။မျိုးကပဲကျွန်တော်ခေါင်းမာလွန်း၍စိတ်ညစ်လာသည်လားတော့မသိပါ။နောက်ပိုင်းမှာ သဘောထားနည်းနည်းပျော့ပြောင်းလာပါတော့သည်။ထိုနေ့ ကတော့ကျွန်တော့်စကားတွေဆုံး၍ သာအခါမျိုးက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်တစ်ဖက်ကိုဆွဲယူ၍ဆုပ်ကိုင်ထားပါသည်။သူမ၏မျက်ဝန်းတွေသည်နူးညံ့နေလေ၏။

"မျိုးဘယ်လိုမှ...ငြင်းလို့မရတော့ဘူးလားဟင်..."

"မရဘူး..မျိုးဘယ်လိုငြင်းငြင်း...မောင်ရအောင်လက်ထပ်မှာပဲ..."

မျိုးသည်ချစ်စဖွယ်ပြုံးရှာသည်။ထိုအပြုံး၏အဆုံးတွင်ပင့်သက်ရှိုက်၏။ပြီးမှတည်ငြိမ်စွာနှင့်ပြောလေသည်။

"ကောင်းပြီလေ...မျိုးအရှုံးပေးပါတယ်...မောင်နဲ့လက်ထပ်ဖို့သဘောတူပါတယ်...ပြီးတော့ နောင်ဖြစ်လာနိုင်မယ့်ပြဿနာတွေအတွက်လည်းခံနိုင်ရည်ရှိအောင် ပြင်ဆင်ထားပါ့မယ်...."

"နောင်မှာဖြစ်လာနိုင်မယ့် ပြဿနာဆိုတာ ဘယ်တော့မှရှိမှာမဟုတ်ဘူး နောင်မှာဖြစ်လာမယ့် ပီတိတွေ....ကြည်နူးမှုတွေအတွက်အခုကတည်းက စိတ်ကူးယဉ်နေတော့မျိုး...အဲဒါဟာမောင့်သစ္စာစကားပဲ..."

မျိုးသည်ကျွန်တော့်ကိုစိုက်ကြည့်ရင်းက သူမ၏မျက်လုံးအိမ်တွင်မျက်ရည်တွေပြည့်လာသည်။

"မောင်ရယ်...မျိုးခြေထောက်တွေပြန်ကောင်းချင်လိုက်တာ..."

ကျွန်တော်စိတ်မကောင်းဖြစ်သွားပါသည်။ထိုခဏမှာပင်မျိုး၏မျက်ဝန်းမှမျက်ရည်တွေကပိုးပိုးပေါက်ပေါက်ကျလာတော့၏။

"မျိုးရယ်...မျိုးကိုမောင်အရမ်းချစ်တယ်....စိတ်မကောင်းစရာတွေမတွေးနဲ့တော့...ရှေ့ကိုမောင့်ဆီက...ဘယ်လိုအကြင်နာတွေရမလဲဆိုတာသာတွေးနော်..."

မျိုးကခေါင်းကလေးကိုဆတ်ခနဲညိတ်သည်။မျိုးထံမှခွင့်ပြုချက်ရလေသော်အခါမေမေတို့ကိုဖွင့်ပြောရလေသည်။ထိုအခါဖေဖေက မှတ်သားဖွယ်ရာကောင်းသောအောက်ပါစကားတို့ကိုဆိုခဲ့လေ၏။

"သားဟာ...ယောကျာ်းကောင်းတစ်ယောက်လို့ဖေဖေယုံကြည်တယ် ယောကျာ်းကောင်းတစ်ယောက်ဟာ...သစ္စာရှိရမယ်..ကတိတည်ရမယ်...မျိုးအပေါ်မှာ သားအခုလိုသဘောထားတာကို ဖေဖေတို့သာဓုခေါ်ပါတယ်...သားရဲ့မျိုးအပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ သားရဲ့ သဘောထားဟာ...တစ်သက်လုံးဒီအတိုင်းပဲဖြစ်နေအောင် ..သားကြိုးစားရမယ်..."

မေမေ့စကားတတော့နည်းနည်းပိုတည်ငြိမ်ပါသည်။

"သားရဲ့ အသက်တာ...လူလားမြောက်နေပြီ...ကုမ္ပဏီကြီးတစ်ခုလုံးကိုလည်းစီမံအုပ်ချုပ်နိုင်စွမ်းရှိနေပြီ...ဒီတော့..သားရဲ့ ဆုံးဖြတ်ချက်ကိုမေမေတို့ လိုက်လျောပေးမယ်...သားတို့ နှစ်ယောက်ကိုလက်ထပ်ပေးမယ်...ပြီးရင် သားတို့ မင်္ဂလာဖွဲ့မှာ သားတို့ အတွက်တားတစ်စီးလက်ဖွဲ့ မယ်..."

မေမေမေမေတို့ သဘောထားက အဆင်ပြေသွားသောအခါ မျိုး၏မိဘနှစ်ပါးက ပြဿနာလုပ်ပြန်သည်။နောက်ဆုံးတွင်မျိုး၏ဦးလေးဦးဗိတာ၏စေ့စပ်ပေးမှုကြောင့်သူတို့ လည်းသဘောတူသွားလေတော့သည်။ထိုအတောအတွင်းအန်ကယ်ဦးဗိတာက ကျွန်တော့်ကိုလာရောက်တွေ့ ဆုံသည်။

"မောင်မင်းဆွေရဲ့ အန်ကယ့်တူမလေးအပေါ်ထားတဲ့ သဘောထားကိုအန်ကယ်သိပြီးပါပြီလေ...ဒါပေမယ့် အန်ကယ်တစ်ခုတော့ပြောချင်တယ်...မျိုးတာဒုက္ခိတ ဘဝနဲ့ တစ်သက်လုံးနေသွားရမှာ...သူ့ အခြေအနေဟာဘယ်တော့ပြန်ကောင်းလာမလဲဆို ဘယ်သူမှမပြောနိုင်တဲ့ဘဝ...တကယ်ကတော့အန်ကယ့်တူမလေးမျိုးရဲ့ ဘဝဟာအရမ်းသနားစရာကောင်းပါတယ်..."

အန်ကယ်ဦးဗိတာသည် လူပျိုကြီးတစ်ဦးဖြစ်ပြီး သဘော်အရာရှိတစ်ဦးလည်းဖြစ်ပါသည်။အသက်ကတော့လေးဆယ့်ငါးနှစ်လောက်သာရှိဦးမည်။ဦးဗိတာ၏စကားတို့ သည်ဝေ့လည်ကြောင်ပတ်နိုင်နေပါသည်။

"မျိုးဟာ မောင်မင်းဆွေကို...တကယ်ချစ်မြတ်နိုးရှာပါတယ်...အဲဒီတော့ကွာ...မောင်မင်းဆွေကိုအန်ကယ်တစ်ခုတော့တောင်းဆိုချင်တယ်...ဘီးတပ်ကုလားထိုင်နဲ့ တစ်သက်လုံးနေသွားရမယ့်...ဒုက္ခိတတစ်ဦးဖြစ်တဲ့ အန်ကယ့်တူမလေးမျိုးကိုမောင်မင်းဆွေသစ္စာရှိစေချင်တယ်....တကယ်လို့ မောင်မင်းဆွေသစ္စာမဲ့ခဲ့မယ်ဆိုရင်...မျိုးရဲ့ ဘဝဟာရစရာမရှိအောင်ဖြစ်သွားလိမ့်မယ်..."

"ဟုတ်ကဲ့...အဲဒီအတွက် ကျွန်တော် ကတိပေးပါတယ်အန်ကယ်...တကယ်လို့ များ...ကျွန်တော်သစ္စာမဲ့မယ်ဆိုရင် အန်ကယ့်လက်နဲ့ ကျွန်တော့်ကိုလာ



www.burmeseclassic.com

www.burmeseclassic.com



သတ်နိုင်ပါတယ်...”

အန်ကယ်ဦးပီတာသည်ကျွန်တော့်လက်ကိုဆွဲဆုပ်၍ပြုံးလေသည်။

“အန်ကယ်ယုံပါတယ်ကွာ....အဲဒီအခြေအနေမျိုးကလည်းစကားအဖြစ်သာပြောရတာပါ...ဘယ်တော့မှရောက်မှာမဟုတ်ပါဘူး...”

“အန်ကယ်စိတ်ချပါ...ဒါနဲ့ အန်ကယ်ရော...ဘယ်တော့သင်္ဘောပြန်ထွက်မလဲ...”

“ငါ့တူတို့ မင်္ဂလာပွဲပြီးတဲ့အထိတော့ နေဦးမယ်...အင်း..နိုဝင်ဘာလလောက်တော့ပြန်ထွက်ဖြစ်မလားပဲ...”

နောက်တော့နှစ်ဖက်မိဘများက မင်္ဂလာနေ့ရက်ကိုသတ်မှတ်ရွေးချယ်ကြသည်။မျိုး၏မိဘများက မင်္ဂလာပွဲကိုအကျယ်မချဲ့လိုကြ။သူတို့၏အကြောင်းပြချက်က မျိုးသည်ဒုက္ခိတတစ်ဦးဖြစ်နေသဖြင့် မင်္ဂလာပွဲအခမ်းအနားနှင့်မည်သို့မျှအဆင်ပြေလိမ့်မည်မဟုတ်ဟူသောအကြောင်းပြချက်ဖြစ်၏။

ထိုအချက်အတွက်ကျွန်တော်မရှိတင်ကဲခံစားရပါသည်။ရင်မှာဆွေးမြေ့ကြေကွဲရပါသည်။ကျွန်တော့်ပေါ့လျော့မှုကြောင့်သာမျိုးယခုလိုခံစားရသည်တုပို၍စိတ်ထိခိုက်မိသည်။နောက်ဆုံးတွင် မင်္ဂလာဧည့်ခံပွဲကို မည်သည့်ဟိုတယ်၊မည်သည့်ခန်းမဆောင်တွင်မှ မပြုလုပ်ဘဲ၊ ကျွန်တော်တို့နှစ်ဦးအတွက်ဝယ်ပေးထားသည့်တိုက်အိမ်ကလေး၏ ခြံဝင်းအတွင်းမှာပင်ဧည့်ပရိသတ် အနည်းငယ်မျှဖြင့်သာ ကျင်းပပြုလုပ်ရန်သဘောတူလိုက်ကြသည်။

ကျွန်တော်တို့အတွက် မျိုး၏မိဘများလက်ဖွဲ့သောတိုက်အိမ်ကလေးသည်နှစ်ထပ်တိုက်ပုလေးဖြစ်ပြီး နေချင့်စဖွယ်ပင်ဖြစ်ပါသည်။ခြံဝင်းတစ်နေရာတွင် ပေ၂၀×၃၀ကျော်လောက်ရှိမည့်ရေကူးကန်အငယ်စားလေးတစ်ခုရှိသည်။အပေါ်ထပ်ဝရံတာမှ ကြည့်လျှင်ခြံတစ်ခုလုံးကိုစီး၍မြင်နိုင်ပါသည်။ခြံဝင်းတစ်ခုလုံးကိုညီညာအလှဆင်ထားသဖြင့် သစ်ပင်ပန်းမာန်မြက်ခင်းစသည်တို့သည်တင့်တယ်နေလေ၏။

အိမ်ရှေ့ဘက်တွင်နှစ်ယောက်စီးအန်းကလေးတစ်ခုလည်းရှိသည်။

“ဒီတိုက်နဲ့ခြံကို သားနဲ့သမီးတို့မစေ့စပ်ခင်ကတည်းက အန်ကယ်



www.burmeseclassic.com

www.burmeseclassic.com



တို့ဝယ်ထားပြီးသား...အခုလို သမီးမကျန်းမာဖြစ်လာတော့ ဒီခြံနဲ့တိုက်အနေအထားက သမီးနဲ့သိပ်အဆင်မပြေမှန်းအန်ကယ်တို့သိရတယ်...အမှန်ကတစ်ထပ်တိုက်...အနိမ့်အမြင့်မရှိတဲ့အခန်းအဆင်အပြင်မျိုးဝယ်ရမှာ...ဒါပေမဲ့ဒါကိုပြန်ရောင်းပြီးအသစ်ထပ်ဝယ်ဖို့ကျတော့လဲ...ဒီတိုက်လေးကသိပ်လှတော့ပြန်ရောင်းပစ်ဖို့နှမြောနေတယ်...ဒီတော့သားနဲ့သမီးခဏတော့ သည်းခံပြီးဒီမှာပဲနေကြဦး...အန်တယ်တို့သမီးနဲ့အဆင်ပြေမယ့် တိုက် ထပ်ရှာကြည့်ဦးမယ်...”

အောက်ထပ်တလည်းအတော်ကျယ်ဝန်းသဖြင့်မျိုးသည်အောက်ထပ်မှာသာနေရပေလိမ့်မည်။ပြီးတော့ခြံထဲကရေကူးကန်ကလည်းမျိုးအတွက်အပိုလိုဖြစ်နေသည်အတော်ယ်၍သာ ယာဉ်တိုက်မှုသာဖြစ်ပေါ်ခဲ့လျှင် မျိုးနှင့်ကျွန်တော့်ဘဝသည်ပျော်ရွှင်ရာဖွယ်စရာကောင်းလေမည်နည်း။မျိုးသည် ယခုရက်ပိုင်းများ၌ပို၍ရွှင်ပြလာ၏။ယခင်လိုငေးငေးငိုင်ငိုင်သိပ်မရှိတော့ဘဲ၊ကျွန်တော့်အပေါ်မှာလည်း ပို၍လိုက်လိုက်လျောလျောရှိလာ၏။ကြည်နူးဖွယ်စကားလေးတွေဆိုလာလေ့ရှိပါသည်။

မင်္ဂလာ ခန်းဝင်ပစ္စည်းများနှင့် ပရိဘောဂများကိုကတ်တလောက်များကြည့်၍မှာယူသည်။ကျွန်တော်တို့နှစ်ယောက်အတွက်အိပ်ခန်းကိုအတွင်းဘက်ခပ်ကျကျ အခန်းကျယ်မှာပြင်ဆင်သည်။ မျိုးသည်ဘီးတပ်ကုလားထိုင်လေးဖြင့်အောက်ထပ်မှာတိုသည်လျှောက်သွားရင်းကျေနပ်နေ၏။ကျွန်တော်တို့နှစ်ယောက်၏အခန်းထဲမှာ အယ်လ်စီဒီတီဗွီ၊ဒီဗွီဒီစက်နှင့် စလောင်းစက်များတပ်ဆင်ထားပြီး၊စီဒီကက်ဆက်ကြီးတစ်လုံးပါရှိသည်။

ပစ္စည်းကိရိယာ အသုံးအဆောင်တို့သည်ခေတ်မီသန့်ပြန့်၏။မျိုးယခင်တလေ့ကျင့်ခဲ့သည့် အားကစားပစ္စည်းတွေကိုတော့ အပေါ်ထပ်က အခန်းတစ်ခန်းထဲမှာထည့်ထားလိုက်သည်။အပေါ်ထပ်မှာတော့ကျွန်တော့်စာကြည့်ခန်းနှင့် အလုပ်ခန်းရှိသည်။

သည်လိုနှင့်ပင် ဖိတ်စာရိုက်သည့်အဆင့်ကိုရောက်လာတော့သည်။မင်္ဂလာပွဲကိုသီးသန့်ရွေးချယ်ထားသောလူငါးဆယ်ကျော်လောက်ကိုသာဖိတ်မည်။နံနက်ပိုင်းတွင် ရန်ကုန်တိုင်းတရားသူကြီးရှေ့၌ကျွန်တော်တို့နှစ်ဦးလက်မှတ်ရေးထိုးပြီးလက်ထပ်မည်။ညနေပိုင်းတွင် ခြံထဲ၌ပင် မင်္ဂလာဧည့်ခံပွဲပြုလုပ်မည်။

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက်၏ မင်္ဂလာပွဲသို့ သူငယ်ချင်းတွေကလည်းလာ ကြပါသည်။သီတင်းကျွတ်လသည်မိုးသားမိုးတိမ်ကင်းစင်သဖြင့် ကျက်သရေ ရှိစွာပြိုးချမ်းနေ၏။မင်္ဂလာပွဲကျင်းပရန် တစ်ပတ်ခန့်အလိုတစ်ညသို့ကျွန်တော်နှင့် နှင်းသည်မျိုး၏အိမ်မှာစကားတွေပြောနေမိကြသည်။လပြည့်ကျော်သုံးရက်ဖြစ်သော ညဉ့်လက ပြည့်ဝနေဆဲပင်ဖြစ်၏။ဖြူဖွေးလတ်ဆတ်သောလရောင်က ကျွန်တော် တို့နှစ်ယောက်ထိုင်ရာနေရာသို့ကျနေ၏။

သေးတိုက်မြင်နေရသောမျိုး၏မျက်နှာပြင်မှ မျက်တောင်ကော့လေးတွေ ကိုအချယ်အသအမွှမ်းအာမံ မဲ့စွာဖြင့်မြင်နေရသည်။နဖူးပြင်ဝင်းဝင်း နှင့်နှာတံအလှ သည်လရောင်အောက်မှာတင့်တယ်နေ၏။မျက်လုံးအလှသည်မျက်တောင်ကော့ လေးတွေကြောင့်ပို၍သိသာထင်ရှားသည်။နှုတ်ခမ်းနှစ်လွှာသည်တင်းတင်းမို့မို့။မျိုး၏ ညှပ်တိုင်သည်သည်ဖြူစင်ဝင်းမွတ်လျက်ရှိပြီးရင်သားမို့မို့သည်ကျန်းမာရေးလေ့ ကျင့်လိုက်စားခဲ့သောမိန်းမတစ်ယောက်၏သဘာဝအလှကိုဖော်ပြပေးနေသလိုရှိ သည်။

သေးကျဉ်သောခါးသည်ကားစွင့်သောတင်ပါးအထက်၌တင့်တယ်စွာ။

"ဟိတ်...လူကိုဘာလို့ဒီလောက်တောင်ကြည့်နေရတာလဲ..."

"မျိုး..."

"ဟင်..."

"မျိုးအရမ်းလှတယ်..."

နုတ်ခမ်း၌အပြုံးလေးတစထင်လာ၏။

"မျိုးကို မောင်သိပ်ချစ်တယ်..."

"မျိုးအသက် ခြောက်ဆယ်၊ခုနစ်ဆယ်ဆိုရင်အဲဒီစကားကိုမောင့်ဆီက ကြားရပါတော့မလားမသိဘူး..."

"ဒါတော့စိတ်ချ...အဘိုးကြီးက ကလေးကလားစကားတွေအသက်ကြီး အထိပြောနေတုန်းပဲဆိုပြီးမျိုးကသာနားမထောင်မှာစိုးတယ်..."

"ဟင်းဟင်း...မောင်ကအံ့ဩစရာတော့ကောင်းတယ်..."

"ဘာကိုအံ့ဩတာလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ဩြဘ်...မိုးလိုဒုက္ခိတကိုမှလက်ထပ်ချင်လို့..."

ကျွန်တော်သူမ၏ကိုယ်လေးကိုညင်သာစွာသိုင်းဖက်ထားလိုက်သည်။

"ဘာမှတော့အံ့ဩစရာမရှိပါဘူးမိုးရယ်...မောင်ကမိုးကိုအရမ်းချစ်တာ ကိုး..."

"ဩြဘ်..စကားမစပ်ပြောရဦးမယ်...မောင်တို့လက်ထပ်ပြီးရင်မိုးဖို့ချော ကိစ္စ...အချက်အပြုတ်ကိစ္စတွေအတွက် ဒေါ်ဟာသာ် ဆိုတဲ့အဒေါ်ကြီးတစ်ယော ကိုမေမေကရှာထားတယ်...သူကရိုးလည်းရိုးသားတယ်...အချက်အပြုတ်လည် ကောင်းတယ်...သန့်လည်းသန့်ရှင်းတယ်...လျှော်ရေးဖွတ်ရေးကိစ္စကိုတော့အဝတ် လျှော်စက်ကိုဘယ်လို သုံးရတယ်ဆိုတာပြထားလိုက်ရင်ရတယ်..."

"မိုးထဘီတွေလျှော်ဖို့ရော..."

"အင်း...မောင်မေ့နေတယ်...အဝတ်လျှော်စက်နောက်တစ်လုံးဝယ်ရဦး မယ်...ဩြဘ်...အရေးအကြီးဆုံးအချက်ကိုမောင်ပြောဖို့မေ့နေတယ်...နေ့လယ်ခင်း မောင်အလုပ်သွားရင်...မိုးကိုအနီးကပ်ပြုစုလို့ရအောင်....ပြီးတော့အဖော်လည်း အောင်...သူနာပြုတစ်ယောက်ငှားထားရမယ်..."

မိုးသည်မျက်မှောင်အနည်းငယ်ကုတ်သွား၏။

"အဲဒီ သူနာပြုဆရာမကိုရော ရှာပြီးပြီလား..."

"မရှာရသေးဘူး...ဒါပေမဲ့..ရှာလိုက်ရင်ချက်ခြင်းရမှာပါ..."

ညမွှေးပန်းရနံ့သည်ကျွန်တော်တို့ထံသို့ ဝေ့ကာဝဲကာရောက်ရှိလာ၏ ပြတင်းဝနားတွင်ပိုးစုန်းကြူးတစ်ကောင်ကိုတွေ့ရသည်။မိုး၏အခန်းထဲမှနာရီ ကိုးချက်ထိုးသံကြားမှကျွန်တော်လည်းပြန်ရန်သတိရသည်။လက်မထပ်မီ မိန်း လေး၏အိမ်တွင်သည့်ထက်ညဉ့်နက်စွာနေရန်မသင့်တော့။

"ကိုးနာရီထိုးပြီ...မောင်ပြန်တော့မယ်..."

"အင်း..."

"ကုလားထိုင်မှာပဲ..ဆက်ထိုင်ဦးမလား..ကုတင်ပေါ်မှာလှဲတော့မလား"

"ကိုးနာရီတောင်ထိုးနေပြီ...ကုတင်ပေါ်မှာပဲလှဲတော့မယ်..."

"ဒါဆို..မောင်တင်ပေးခဲ့မယ်..."



www.burmeseclassic.com

www.burmeseclassic.com



မျိုးကိုဘီးတစ်ကုလားထိုင်လေးပေါ်မှ အသာမပွေ့ချီကာ မျိုး၏အိပ်ရာပေါ်သို့ အသာချပေးလိုက်ပြီး မျိုး၏နဖူးပြင်ဝင်းဝင်းလေးကိုကျွန်တော်ငုံ့နမ်းလိုက်သည်။

"မောင်..."

"ဟင်..."

"အပြန်မှာ....ကားကိုသတိနဲ့မောင်းနော်...အိမ်ပြန်ရောက်ရင်လဲမျိုးဆီဖုန်းဆက်..."

"အင်းပါ...ကဲ..မောင်သွားတော့မယ်...."

မျိုး၏မိဘနှစ်ပါးကိုနှုတ်ဆက်ဝ၍ကျွန်တော်ပြန်လာခဲ့သည်။သီတင်းကျွတ်လ၏ညချမ်းသည်ကြည်နူးချမ်းမြေ့ဖွယ်ဖြစ်နေလေ၏။

ခြံထဲတွင် ရောင်စုံမီးလုံးတွေထွန်းညှိထားပြီးဂီတသံခပ်တိုးတိုးကိုဖွင့်ထားသည်။ရင်းနှီးခင်မင်သော ဧည့်ပရိသတ်သည်တဖြည်းဖြည်းစုံလာသည်။မျိုးသည် ...လွင်တောက်ပသောပိုးထည်တစ်စုံကိုဝတ်ဆင်ထားပြီး မျက်နှာသည်အခြယ်အသ...သွမ်းအမံတို့ဖြင့်ကြွေရုပ်ကလေးတစ်ရုပ်နှယ်ဖြစ်နေ၏။သို့သော်သူမသည်ဘီးတပ်ကုလားထိုင်လေးပေါ်တွင်သာထိုင်နေရရှာပါသည်။

ဧည့်ပရိတ်သတ်ကို မျိုး၏တွန်းလှည်းလေးကိုကျွန်တော်ကတွန်းပေးရင်း ...နှုတ်ဆက်သည်။ပရိသတ်ကလည်း ကျွန်တော်တို့ယာဉ်တိုက်မှု အခြေအနေ...ထားသဖြင့်သည်အဖြစ်အပျက်၊သည်မြင်ကွင်းသည် သူတို့အတွက်ထူးဆန်း...ပေ။သို့သော်သည်လိုမြင်ကွင်းမျိုးကိုသူတို့ယခင်ကတစ်ခါမျှတွေ့ဖူးလိမ့်မည်...။

မျိုးကိုလက်ထပ်ရသဖြင့် ကြည်နူးချမ်းမြေ့ရသောစိတ်နှင့်အသူဝမ်းနည်း



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲရသောစိတ်သည် ကျွန်တော့်နှလုံးသားထဲမှာအတူတွဲနေ၏။တဖြည်းဖြည်း ညဉ့်နက်လာသောအခါလပြည့်ဝန်းသည်ကျွန်တော်တို့ခေါင်းပေါ်ရောက်လာ၏။ ညည့်ပရိတ်သည် ညဉ့်နက်လာသဖြင့် ကျွန်တော်တို့ဇနီးမောင်နှံကိုနုတ်ဆက်၍ပြန်ကျ ကြလေပြီ။

သော်တာနှင့်ဝင်းစိုးကတော့ ကျွန်တော့်လူပျိုညကိုဆက်၍ကျင်းပလိုကြ သည်။သို့သော် သည်ကောင်တွေကယခုပင်လျှင် ခွက်ပုန်းတွေနှိပ်ထားသဖြင့်အ တော်ပင်ရေချိန်မှန်နေလေပြီ။

"မင်းတို့အတွက် တစ်ရက်တော့သီးသန့် တစ်ဝိုင်းလုပ်ပေးပါ့မယ်ကွာ အခုတော့မင်းတို့ကောင်တွေလည်းအတော်မှန်နေကြပြီ...ပြန်ကြတော့ဟုတ်လား.."

မျိုး၏သူငယ်ချင်းအေးစန္ဒာက မပြန်ခင် မျိုးကိုတိုးတိုးလေးကပ်ပြီးပြော သွားသောစကားကြောင့် မျိုး၏မျက်နှာကလေးရဲသွားပြီး အေးစန္ဒာကိုဆွဲဆိတ်လိုက် သည်ကိုကျွန်တော်တွေ့လိုက်ရသည်။တဖြည်းဖြည်းနှင့်နှစ်ဖက်မိဘများသာကျွန်တော် တို့အနားမှာကျန်တော့သည်။

ဘွားဘွားသည်ကျွန်တော့်လက်ကိုအသာအယာကိုင်ပြီး...

"ကဲ...ငါ့မြေးတို့...ဘွားဘွားတို့ပြန်တော့မယ်...လင်မယားနှစ်ယောက် ချစ်ချစ်ခင်ခင်နေကြနော်..."

မျိုးနှင့်ဘွားဘွား၏လက်ဖွဲ့ဖြစ်သောစိန်တစ်ဆင်စာသည် ကျက်သရေ စွာဖြင့်လှပနေ၏။

"ဖေဖေတို့ပြန်မယ်သား...သားကိုတစ်ပတ်တိတိ...သားကိုခွင့်ပေးထား တယ်....တန်းနီးမွန်းတော့သီးသန့်ထွက်မနေနဲ့တော့...ဒီမှာပဲတစ်ပတ်တိတိတန်း နီးမွန်းထွက်နေတယ်လို့ပဲသဘောထား...ဟုတ်ပြီလား..."

မျိုး၏မိဘနှစ်ပါးကလည်းကျွန်တော်တို့နှစ်ယောက်ကို နုတ်ဆက်၍ပြန် သွားကြလေပြီ။ခြံကြီးထဲမှာကျွန်တော်တို့လင်မယားနှစ်ယောက်ထဲသာကျန်ခဲ့ စားသောက်ထားသည့်စားကြွင်းစားကျန်များ၊စားပွဲခုံများကိုမနက်ကျမှပြင်ဆင်ပေး ထားသည့်ဆိုင်မှ လာရောက်သိမ်းဆည်းယူငင်ကြပေလိမ့်မည်။ကျွန်တော်လည်း တံခါးကိုအရင်သွားပိတ်လိုက်ပြီးမှ ခြံထဲမှာထွန်းညှိထားသောရောင်စုံမီးပွင့်များ



www.burmeseclassic.com

www.burmeseclassic.com



ခိတ်လိုက်သည်။

ပြီးတော့မျိုး၏ဂိုးချဲလေးကိုအသာအယာတွန်းကာအိပ်ထဲသို့ဝင်ခဲ့ပါသည်။ အိပ်ထဲမှာတော့ညည့်ခန်းမီးမှအပ ကျန်မီးတွေကခပ်မှိန်မှိန်သာလင်းနေသည်။ဂိုးချဲလေးကိုအိပ်ခန်းထဲသို့တွန်းသွားပြီးကျွန်တော်မျိုးရှေ့မှာဒူးထောက်ထိုင်ချလိုက်၏။

"မျိုး..."

"တင်...ဘာလဲမောင်..."

"ဒီနေ့ဒီရက်ကနေစပြီး...မျိုးကိုဘဝတစ်သက်တာလုံးမောင်စိတ်ချမ်းသာအောင်ထားပါ့မယ်...မျိုးကိုလည်းအသက်ထက်ဆုံးမောင်မြတ်မြတ်နိုးနိုးနဲ့ချစ်သွားမယ်လို့ကတိပေးပါတယ်...."

မျိုးသည်နှစ်လိုဖွယ်ရာပြုံးလေသည်။သူမကကျွန်တော့်ပခုံးပေါ်လက်လှမ်းတင်ပြီးကျွန်တော့်မျက်နှာကိုနှစ်လိုဖွယ်ရာကြည့်၏။

"မောင်..."

"တင်..."

"မောင့်ကိုမျိုးသိပ်ချစ်တယ်သိလား...ရင်ထဲမှာနင့်သည်းနေအောင်တိုချစ်တယ်..."

"အင်း...မောင်သိပါတယ်...ကဲအိပ်ကြရအောင်...."

"အို...ဘယ့်နှယ်တာလဲ...အခုမှ အစောကြီးရှိသေးတာ..."

"စောပေမယ့်...ဒီညဟာမောင်တို့မင်္ဂလာဦးညလေ...လာပါအိပ်ကြရအောင်_"

မျိုးသည်မျက်နှာကလေးအနည်းငယ်အိုသွားကာ ခေါင်းခါ၏။

"မျိုးနဲ့မောင်ဘာလင်မယားဆိုပေမယ့်...မျိုးကဒုက္ခိတပါ...ဒီတော့မောင့်ဆိုတိုဘယ်လိုနည်းနဲ့မှ လိုက်နိုင်မှာမဟုတ်ပါဘူး...အဲဒီတော့မျိုးတို့မောင်နှမလိုနေကြရအောင်နော်..."

"ဘာမှမဆိုင်ပါဘူးမျိုးရယ်...ခြေထောက်တွေမသန်တာနဲ့ပဲ...မျိုးရဲ့အမြင့်မြတ်ဆုံးအရှုံးပေးတော့မှာလား...အိမ်ထောင်ရေးကိုအမြဲကြောက်နေတော့မှာလား...ဒီကမ္ဘာမှာ ခြေထောက်မသန်တဲ့သူတွေ...ကိုယ်အောက်ပိုင်းသေနေတဲ့သူတွေ



www.burmeseclassic.com

www.burmeseclassic.com



[illegible] သူတို့ဟာ အိမ်ထောင်ပြုကြပါတယ်...သားသမီးတွေမွေးဖွားကြပါတယ် [illegible] လူသားတစ်ယောက်ရဲ့ရပိုင်ခွင့်တွေကိုရယူပိုင် [illegible]ကြပါတယ်..."

[illegible] ဆိုသောအသုံးအနှုန်းကိုသုံးရသည့်အခါတိုင်းကျွန်တော့်ရင်ထဲမှာနာကျင်ရလေသည်။

"မောင် မျိုးကိုလက်ထပ်တာဟာ...မျိုးရဲ့ခန္ဓာကိုယ်ကိုရယူပိုင်ဆိုင်ဖို့လား...ခြေထောက်တွေမသန်တော့တဲ့ချစ်သူကိုပြုစုယုယ ကြင်နာဖို့လား...."

"ကောင်းပါပြီလေ...မျိုးပြောတာမှန်ပါတယ်...မောင်...မျိုးကိုလက်ထပ်ခဲ့တာ...မျိုးကိုပြုစုယုယဖို့ပါ...မောင့်ကိုခွင့်လွှတ်ပါမျိုး...မောင်အတွက်နည်းနည်းကြီးသွားတယ်..."

ကျွန်တော်မတ်တပ်ပြန်ရပ်လိုက်မိသည်။

"မျိုးကိုစိတ်ဆိုးသွားလားမောင်..."

ကျွန်တော်မျိုးကိုပြန်ငုံ့ကြည့်လိုက်မိသောအခါမျိုးက ကျွန်တော့်လက်ကိုလှမ်းကိုင်ရင်းခပ်တိုးတိုးဆက်ပြောသည်။

"အခုနေတော့ မျိုးစိတ်ထဲမှာ ကားတိုက်တဲ့နေ့က ကြုံခဲ့ရတဲ့ခံစားချက်ကြီးတရှိနေတုန်းပဲမောင်ရယ်....မျိုးကိုနားလည်ပေးပါ...တစ်နေ့နေ့တစ်ချိန်ချိန်တော့...မောင်မျှော်လင့်နေပါ..."

မျိုး၏အသံသည်လိုက်ကျသွားသည်။ကျွန်တော်ဝမ်းနည်းသွားမိ၏။မျိုးကိုစိတ်ချမ်းသာမှုတွေပေးမည်ဆိုသည့်ကျွန်တော်သည် မင်္ဂလာဦးညမှာပင် မျိုးကိုစိတ်မချမ်းမြေ့အောင် လုပ်နေသည်နှင့်တူနေ၏။ကျွန်တော်မျိုးကိုညင်ညင်သာသာပြုံးပြလိုက်မိသည်။ပြီးတော့မျိုး၏ကိုယ်လုံးလေးကိုပွေ့ချီပေါ်မှ အသာအယာပွေ့ချီကာကုတင်ပေါ်သို့အသာတင်ပေးလိုက်သည်။

"မျိုးအဝတ်တွေလဲလိုက်တော့...မောင်အပြင်ထွက်ပေးမယ်..."

ညဝတ်အဝတ်အစားတချို့ကိုဘီရိုမှအသာထုတ်ပြီးမျိုး၏ဘေးမှာချပေးလိုက်သည်။

"မောင်လည်း...အဝတ်အစားတွေလဲတော့လေ...မင်္ဂလာဆည်ခံပွဲအဝတ်



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ အိပ်မလို့လား..."

"ဒီထဲမှာပဲလဲရမှာလား..."

"အင်းပေါ့...လင်မယားအခန်းပဲဥစ္စာ..."

သူမကိုကျောခိုင်းပြီးကျွန်တော်အဝတ်အစားလဲနေချိန်မှာမျိုးကလည်းအဝတ်တွေလဲနေပါသည်။ကျွန်တော်ကယောကျ်ားလေးမို့ ခပ်မြန်မြန်ပြီးသွားသော်လည်းသူမကတော့ပြီးပုံမရသေးပါ။အဝတ်အစားခြင်းပွတ်တိုက်သံလားအသားနှင့်အဝတ်ပွတ်တိုက်သံလား၊တရှတ်ရှတ်ကြားနေရသေးသည်။

"မောင်လှည့်ကြည့်လို့ရပြီလား..."

"ပြီးနေတာဖြင့်ကြာလှပြီ..."

ကျွန်တော်အံ့ဩသွားပြီးသူမကိုလှည့်ကြည့်တော့တကယ်ကိုပင်အဝတ်အစားလဲပြီးနေကြောင်းတွေ့ရသည်။

"စောစောက...တရှတ်ရှတ်အသံက...ဘယ်ကလဲ.."

"အကျီလက်မောင်းထဲကယားလို့ပွတ်နေတာ..."

ကြမ်းပြင်ပေါ်မှာတော့မျိုး၏အဝတ်အစားတွေကပုံလျက်သား။ကျွန်တော်အသာကောက်ယူမည်ပြင်သောအခါမျိုးက ကျွန်တော့်ကိုကန့်တော့လေသည်။

"မောင်...ကန်တော့နော်..ကန်တော့...ဟိုနားမှာပဲထားထားလိုက်...မျိုးနေတော်ကျမှ...မျိုးသိမ်းလိုက်မယ်..."

ခဏနေတော့ ကျွန်တော်တို့နှစ်ယောက်စလုံးကုတင်ပေါ်မှာယှဉ်လှဲရင်းအနားယူမိကြသည်။မျိုးသည်ကျွန်တော့်ဘက်သို့ စောင်း၍ရီဝေသောမျက်လုံးဖြင့်ကြည့်နေသည်။ကျွန်တော်မျိုးကိုအသာလှမ်းဖက်လိုက်သည်။

"အိပ်တော့နော်..."

"ဟင့်အင်း..မျိုးမျက်လုံးကြောင်နေတယ်.."

"ဒါဆိုသီချင်းနားထောင်မလား..."

"ဟင့်အင်း..."

"ဗွီဒီယိုကြည့်မလား.."

"ဟင့်အင်း...မောင်ပုံပြောပြ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်းပုံပြင်တွေဘာတွေသိပ်နားထောင်ခဲ့ရသူမဟုတ်သည့်အပြင် စိကာပတ်ကုံးလည်းပြောတတ်သူမဟုတ်သဖြင့်အလျဉ်းသင့်သည့်ပုံပြင်တစ်ခုကို ပြောပြလိုက်သည်။မျိုးသည်ကျွန်တော့်ပုံပြင်မဆုံးမီမှာပင်အိပ်ပျော်သွားလေသည်။

ကျွန်တော်ကတော့အိပ်မပျော်နိုင်သေးဘဲ။တောင်တောင်အီအီလျှောက်စဉ်းစားနေမိပြီးညဥ့် အတော်နက်တော့မျိုးကတစ်ရေးနိုးလာသည်။မောင်အိပ်တော့လေဟုပြောပြီးကျွန်တော့်ရင်ခွင်ကြားထဲခေါင်းတိုးဝင်ကာပြန်အိပ်ပျော်သွား၏။မိုးအတွက်သူနာပြုဆရာမတစ်ဦးကတော့အမြန်ဆုံးခေါ်မှဖြစ်ပေလိမ့်မည်။ကိုယ့်မိန်းမကြိမ်ဖန်များပြစ်သော်လည်းမိုးက ကျွန်တော့်ရှေ့မှာအဝတ်အစားလဲရမှာရှုံ့နေပါလိမ့်မည်။

နောက်တော့ကျွန်တော်လည်းအိပ်ပျော်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၅ )

မျိုးအတွက်ပြုစုမည့် သူနာပြုတွေသည် ကျွန်တော်နှင့်အင်တာဗျူးရန် အပြင်မှာ စောင့်နေကြ၏။ရောက်လာတာတော့ဆယ်ယောက်။ဆယ့်နှစ်ယောက် ယောက်ရှိမည်။ကျွန်တော်က သူတို့၏အလုပ်လျှောက်လွှာတွေကို ကိုင်ပြီးတစ်ယောက်ခြင်းခေါ်တွေ့သည်။ အချို့သည်တကယ့်သူနာပြုဆရာမများဖြစ်ကြပြီးအချို့သည် သူနာပြုဆရာမများမဟုတ်သေး။ပုဂ္ဂလိက သူနာပြုသင်တန်းကျောင်းများ မှသင်တန်းသူများသာဖြစ်သေးသည်။

ကျွန်တော် သူတို့ကိုတစ်ယောက်ချင်းခေါ်တွေ့နေသည်ကိုကျွန်တော့် ဘေးခပ်လှမ်းလှမ်းမှမျိုးကဘီးတပ်ကုလားထိုင်လေးပေါ်မှစိတ်ဝင်စားစွာ ကြည့်နေ သည်။နှင့်ပင်နောက်ဆုံးတစ်ယောက်၏အလှည့်သို့ရောက်လာသည်။ကျွန်တော် သည်လျှောက်လွှာကအမည်ကို ခေါ်လိုက်မိသည်။

"စင်သီယာ.."

ထိုအခါ ခန်းဆီးကိုမ၍ငယ်ရွယ်နုပျိုသော အမျိုးသမီးငယ်တစ်ယောက် ဝင်လာပြီး ကျွန်တော့်ရှေ့မှာအသာဝင်ထိုင်သည်။ကျွန်တော်ထိုအမျိုးသမီးငယ်ကို သေသေချာချာကြည့်လိုက်သည်။ခန္ဓာကိုယ်လှပလွန်းသောအမျိုးသမီး၊မျက်နှာအလှ သည်လည်းချောမောလှပပါသည်။သူမသည်ဂျင်းဘောင်းဘီအကျပ်ကိုဝတ်ဆင်ထား

www.burmeseclassic.com



သဖြင့် လှပသောကိုယ်လုံးအလှသည်ပီပြင်နေ၏။အင်္ကျီကလည်း စွပ်ကျယ်လိုလက်ဖြတ်အင်္ကျီဖြစ်သဖြင့်လက်မောင်းသားအလှသည် တင့်တယ်နေ၏။ပြီးတော့ရင်အစုံသည်လှပလွန်းနေ၏။ဘုရားဘုရား။အမျိုးသမီးငယ်သည်သူမကိုကျွန်တော်အကဲခပ်နေခိုက်မှာ သူမကလည်းကျွန်တော့်ကိုရဲတင်းစွာပြန်ကြည့်နေ၏။

"မင်းနာမည်...စင်သီယာဟုတ်လား..."

"ဟုတ်ပါတယ် အစ်ကို..."

"အသက်က ..."

"နှစ်ဆယ့်နှစ်ပါ..."

"မင်းက သူနာပြုဆရာမလည်းမဟုတ်သလို..သူနာပြုသင်တန်းသူလဲ မဟုတ်ဘူး...အရင်တုန်းက သူနာပြုအလုပ်တွေလုပ်ဖူးသလား..."

"မလုပ်ဖူးပါဘူး...ဒါက...စင်သီယာ့ရဲ့ ပထမဆုံးလုပ်ကြည့်မယ့် အလုပ် ဖြစ်ပါတယ်အစ်ကို..."

"နေတာက...အဆောင်မှာ...ဟုတ်လား..."

"ဟုတ်တဲ့...စင်သီယာ...အမျိုးသမီးအဆောင်မှာနေပြီးကျောင်းတက်ခဲ့တာပါ...မိဘတွေကတော့နယ်မှာပါ..."

ကျွန်တော်ချက်ခြင်းပင်ဆုံးဖြတ်လိုက်မိသည်။အလုပ်လာလျှောက်ကြသူတွေအနက်မှ ဤမိန်းကလေးကိုအရင်ဆုံးစ ပယ်ရလိမ့်မည်။မဖြစ်ပါ။သည်လိုမိန်းကလေးမျိုးကို မိုး၏သူနာပြုအဖြစ်လုံးဝခန့်အပ်၍မဖြစ်ပါ။အများအမြင်မှာလည်း အထင်မှားအမြင်မှားတွေဖြစ်လာနိုင်သလို ကောင်မလေးကြည့်ရတာလည်းဆပ်တော့လပ်တော့ပုံစံမျိုးဖြစ်နေသည်။အလုပ်ကိုလည်းလက်ကြောတင်းအောင်လုပ်မည့်ပုံမပေါ်ပါ။

"အစ်ကို...စင်သီယာ ဒီအလုပ်ကိုရမှဖြစ်မယ်အစ်ကို...နောက်မို့ဆို စင်သီယာ ရန်ကုန်မှာရပ်တည်ဖို့ မလွယ်တော့ဘူး..ဒါကြောင့်မို့ ကျေးဇူးပြုပြီးစင်သီယာ့ကိုခန့်ပေးပါအစ်ကို..."

"ဒီလိုလုပ်ရအောင်...ဒီအလုပ်ကို လာလျှောက်ကြတဲ့သူတွေကဆယ်ယောက်ကျော်လောက်ရှိတယ်ကွ...တို့လင်မယားနှစ်ယောက်တိုင်ပင်လိုက်ဦးမယ်

www.burmeseclassic.com



တတယ်လို့မင်းကိုရွေးတယ်ဆိုရင်လည်းဒီလျှောက်လွှာထဲက ဖုန်းနံပါတ်နဲ့ဖဲ့ ခင်းကိုပြန်ဆက်သွယ်လိုက်ပါ့မယ်...''

ထိုအခါစင်သီယာဆိုသည့်ကောင်မလေးသည်ဆိုးဆိုးဆတ်ဆတ်နှင့်ပင် ဆျှိမျိုးရှေ့မှာဒူးသွားထောက်သည်။

''မမ...စင်သီယာလေ...အရမ်းကိုအခက်အခဲဖြစ်နေလို့ပါ...ဒီအလုပ်သာ ဝင်သီယာမရရင်လေ...နေစရာလည်းခက်လိမ့်မယ်...စားဖို့လည်းခက်လိမ့်မယ်...''

ခက်တော့ခက်နေလေပြီ။မျိုးကလည်းသနားစရာဆိုလျှင်အသားတုန်သ နားတတ်သူ။ကျွန်တော့်အလုပ်ထဲက ဘဝတွေကိုတောင်အခြေက်တိုက်သနားနေ လေ့ရှိသူ။ကျွန်တော်ခပ်မြန်မြန်ပဲမတ်တပ်ထရပ်ပြီးကောင်မလေးကိုအတင်းပြန်ခိုင်း လိုက်ရသည်။ကောင်မလေးပြန်သွားသောအခါမျိုးကလှည်းကိုအသာလှိမ့်ရင်းကျွန် တော့်ရှေ့သို့ရောက်လာ၏။

''မောင် ဘယ်သူ့ကိုခန့်မယ်လို့စိတ်ကူးလဲ...''

''အခုထိတော့ ဘယ်သူ့ကိုမှစိတ်တိုင်းမကျသေးဘူး...လျှောက်လွှာ အပ်ခေါ်ရင်ကောင်းမလား...''

''စောစောက ကောင်မလေးကိုပဲခန့်လိုက်ပါ...''

''ဘယ်လို ...စောစောကကောင်မလေးကိုခန့်ရမယ်ဟုတ်လား...မဖြစ် ဘူး...လုံးဝမဖြစ်ဘူး...''

''ဖြစ်ပါတယ်မောင်ရဲ့...ကောင်မလေးကရိုးသားပုံလည်းရပါတယ်...ပြီး တော့...အရမ်းလည်းသွက်တယ်...ပြီးတော့ သူ့အရမ်းကိုအခက်အခဲဖြစ်နေရှာတာ''

''မျိုး..စဉ်းစဉ်းစားစားပြောနော်...ကောင်မလေးက သူနာပြုအလုပ်ကို အရင်လုပ်ဖူးတာမဟုတ်ဘူး..နောက်ပြီး...''

''သိပ်ပြဿနာမရှိပါဘူး...တော်ရုံတန်ရုံလောက်တော့မျိုးဘာသာမျိုး လုပ်နိုင်နေတာပဲ...သူ့အကူအညီယူလည်းနည်းနည်းပါးပါးလောက်ပဲယူရမှာ... နောက်ပြီးကောင်မလေးကပညာလည်း တတ်တယ်...အဲဒီတော့မျိုးနဲ့လည်းစကား ပြောလို့ရတာပေါ့...''

''မောင်ကတော့...အသက်နည်းနည်းကြီးတဲ့..တကယ့်သူနာပြုဆရာမ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ယောက်လောက်ရှာရရင်ကောင်းမလားလို့…”

“မျိုးက ခြေထောက်တွေမသန်တာကလွဲရင်..ကျန်းမာသန်စွမ်းတဲ့မိန်းမတစ်ယောက်ပါမောင်ရယ်…နောက်ပြီးမျိုးထက်အသက်ကြီးတဲ့သူတစ်ယောက်ကို မျိုးလက်တိုလက်တောင်းခိုင်းဖို့လည်းစိတ်သိပ်မရဲဘူး…မျိုးကတော့စောစောက ကောင်မလေးကိုပဲခန့်လိုက်ချင်တယ်..”

“ကောင်းပြီလေ…ဒါပေမဲ့..မျိုးအတွက် လိုနေတဲ့သူနာပြုအလုပ်ဟာ..မောင်အလုပ်သွားနေတဲ့အချိန်တွေအတွက်ပဲနော်…အလုပ်ကမောင်ပြန်ရောက်လာတာနဲ့ သူနာပြုရဲ့အလုပ်တာပြီးပြီ…ပြီးတော့မောင်တို့သူနာပြုအပေါ်စည်းကမ်းတွေသတ်မှတ်ပေးထားရမယ်…”

“ကောင်းတယ်မောင်…ဒါဆိုပြီးရော…ပြော်..စကားမစပ်မောင်…မျိုးအိမ်သားတာရေကူးကန်မှာရေနည်းနည်းကူးကြည့်ချင်တယ်…ခြေထောက်ခတ်တာများရှိမလားလို့–”

ရေကူးခြင်းသည်ကိုယ်အောက်ပိုင်းသေသူများအတွက် အကောင်းဆုံးလေ့ကျင့်ခန်းတု ဒေါက်တာတင်လတ်ကပြောဖူးပါသည်။ယခင်ကတော့မျိုးကရေကူးအရမ်းတျွမ်းကျင်သူဖြစ်သည်။ဘာပဲဖြစ်ဖြစ် မျိုး၏ခြေထောက်တွေပြန်ကောင်းလာရန် မျှော်လင့်ချက်ကတော့ ရှိနေ၏။

“ကောင်းသားပဲ…ကံကောင်းရင်မျိုးခြေထောက်တွေပြန်ကောင်းလာနိုင်တယ်…”

“ဒါပေမယ့်…မောင့်ကိုမျိုးရှက်တယ်…”

မျိုးသည်ကျွန်တော့်ရှေ့တွင်ရေကူးဝတ်စုံနှင့်ရေကူးရန်ရှက်နေခြင်းပင်ဖြစ်ပါသည်။

“မျိုး…မျိုးနဲ့မောင်နဲ့က ဘာတော်စပ်သလဲ…”

“လင်မယား…”

“ဒါဆိုရင် မရှက်ရဘူး…နောက်ဆိုမျိုးကိုမောင်ပဲရေချိုးပေးရမှာ…အဲဒီဆို မျိုးဘာသာမျိုးရေချိုးခန်းထဲတစ်ယောက်ထဲဝင်ဝင်ပြီးရေချိုးဟာ..မောင်ဘယ်လောက်စိတ်ပူရသလဲ…မတော်တဆ ချော်များလဲနေမလား…ဘာများဖြစ်နေမလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး..."

"အင်းပါ...အခုတော့မျိုးဘာသာပဲ ရေကူးဝတ်စုံဝတ်မယ်...မောင်အခန်းထဲက ခဏထွက်ပေး..."

"ပြဿနာပဲ..."

"ကဲပါ...ကိုယ့်မိန်းမက ရှက်လို့ဥစ္စာကို...ဘီရိုထဲမှာ မျိုးရေကူးဝတ်စုံတွေရှိတယ်...အဝါရောင်လေးယူပေးနော်...ပြီးရင်မောင် အပြင်ခဏထွက်...ချောင်းချောင်းကြည့်မနေနဲ့ဦးနော်..."

"နက္ခပါပဲ..."

ကျွန်တော်လည်း မျိုးအတွက်ရေကူးဝတ်စုံအဝါလေးယူပေးလိုက်ပြီး အခန်းအပြင်ထွက်ပေးလိုက်ရသည်။ခဏအကြာတွင်မျိုးအသံကိုကြားရ၏။

"အမလေး...လာပါပြီးမောင်..."

ကျွန်တော်လည်းထိတ်ထိတ်ပြာပြာနှင့်ပင်အခန်းထဲသို့ အပြေးဝင်လိုက်မည်။ထိုအခါမျိုး၏ရင်သပ်ရှုမောဖွယ်အလှတချို့ကိုတွေ့လိုက်ရသည်။လက်ရာမြောက်ပန်းပုရုပ်လေးတစ်ရုပ်သဖွယ်။

"ဟိုမှာ...တိုမှာ..."

သူမညွှန်ပြသောနေရာမှာပိုးဟတ်တစ်ကောင်။ကျွန်တော်လည်းပိုးဟတ်ကိုသာကောက်ယူပြီးအပြင်ဖက်သွားလွှင့်ပစ်လိုက်သည်။အခန်းထဲပြန်ရောက်သော့မျိုးကကျွန်တော့်ကိုရှက်ကိုးရှက်ကန်းနှင့်...

"မောင်နော်...မျက်နှာကစပ်ဖြီးဖြီးနဲ့...ဘာဖြစ်နေတာလဲ..."

"အလိုဗျာ...မောင့်မျက်နှာက အစကတည်းကဒီအတိုင်းပါ...သူ့ဘာသာသူ စိတ်မလုံတိုင်း..."

"ခစ်..."

"မောင်တော့...ပိုးဟတ်ကိုကျေးဇူးတင်တယ်..."

"သွား...နောက်ဆိုဘယ်တော့မှ...ရေကူးဝတ်စုံမဝတ်တော့ဘူး..."

"မလုပ်ပါနဲ့...ရေကူးတာက မျိုးအတွက်အကောင်းဆုံးလေ့ကျင့်ခန်းပဲ ...... မောင် ... မျိုးကိုရေကူးသင်ပေးမယ်..."



www.burmeseclassic.com

www.burmeseclassic.com



မျိုးသည်ကျွန်တော့်ကိုချစ်စဖွယ်မျက်စောင်းထိုး၏လင်မယားဘဝတွင် ဘာမတုတ်သည့်ကိစ္စလေးတခို့ သည်ပင်စိတ်နှလုံးချမ်းမြေ့ဖွယ်ပါတကား။ချစ်ခြင်း မေတ္တာ၏တန်ခိုးသည်ဆန်းလေစွတကား။

စင်သီယာဆိုသည့်ကောင်မလေးကိုမျိုး၏အတန်တန်တိုက်တွန်းချက်ဖြင့် ပင် မျိုး၏သူနာပြုအဖြစ် ကျွန်တော်ရွေးချယ်လိုက်ရသည်။သူမအတွက်စည်းကမ်း ချက်တွေကိုကျွန်တော်တို့ လင်မယားနှစ်ယောက်တိုင်ပင်ပြီးအောက်ပါအတိုင်းသတ် မှတ်ပေးလိုက်ကြသည်။

သူမ၏အလုပ်တာဝန်သည် တနင်္လာနေ့ မှစနေနေ့ အထိဖြစ်ပြီးရုံးချိန် အတိုင်းပင်အလုပ်ချိန်ကဖြစ်ပါသည်။ကျွန်တော်အလုပ်မှပြန်ရောက်သည်နှင့်သူမ၏ တာဝန် ပြီးဆုံးပြီ။အစိုးရရုံးပိတ်ရက်များတွင်သူမတာဝန်ထမ်းဆောင်ရန်မလို။

ယနေ့သည်ကျွန်တော်အလုပ်ပြန်တက်ရမည့်နေ့ဖြစ်သဖြင့်စင်သီယာက မနက်ခပ်စောစောကတည်းကရောက်နှင့်နေသည်။ကျွန်တော်အလုပ်သွားခါနီးသော် မျိုးတို မှာသင့်မှာထိုက်တာတွေမှာရပါသည်။

"တဲ့...မောင်မှာပြီးသွားရင်...မျိုးကလည်းမောင့်ကိုဆက်မှာမယ်...မမှာ ခင် မျိုးရှေ့နားလာဦး...မှန်တင်ခုံက ဘီးပါယူလာခဲ့.."

မျိုးက ကျွန်တော့်ခေါင်းကဆံပင်တွေကိုဘီးနှင့်တယုတယဖီးပေးသည်။ မိန်းမယူရသည့်အရသာသည်တယ်အရသာရှိပါကလားဟုကျွန်တော်တွေးရင်းတ ဝိတ်ဖြစ်မိပါသည်။

"အချိန်မရဘူးဆိုပြီး..ကားကိုဘယ်တော့မှအမြန်မမောင်းနဲ့..နောက်ပြီး အလုပ်ထဲက ဘယ်မိန်းကလေးနဲ့မှရောရောနှောနှော မနေနဲ့...လူပျိုလူလွတ်တုန်း က သိပ်ပြဿနာမရှိပေမယ့်..အိမ်ထောင်သည်ဖြစ်လာတော့ အများအမြင်မှာတင့် တယ်ဖို့လိုတယ်မောင်ရဲ့...နောက်ပြီး အလုပ်ကပြီးတာနဲ့ အိမ်ကိုတန်းပြန်ခဲ့–



www.burmeseclassic.com

www.burmeseclassic.com



အရေးတကြီးအပြင်တွေဘာတွေသွားစရာရှိတာတို့ ..အစည်းအဝေးရှိတာတို့ ဆို ထည်းမျိုးဆီဖုန်းဆက်..."

ကျွန်တော်ပြုံးလိုက်မိပါသည်။

"ကဲပါ...မောင့်ကိုအားလုံးစိတ်ချ..ကဲ..မောင်သွားတော့မယ်..."

မျိုးကိုနုတ်ဆက်ပြီးသော် စင်သီယာ့ကိုခေါ်၍လိုအပ်တာတွေမှာရသေး၏။ စင်သီယာသည်ယနေ့ တွင်လည်းဂျင်းဘောင်းဘီအကျပ်ကိုဝတ်ထားသေးသလို အပေါ်ကသူမ၏အင်္ကျီကလည်းလည်ဟိုက်လွန်းနေသည်။သူမသည်ကျွန်တော်မှာ နေသည်တို့ ကိုငြိမ်ငြိမ်သက်သက်နားထောင်နေရင်းကျွန်တော့်မျက်လုံးတွေကိုစပ် စပ်စွာကြည့်နေ၏။

ကျွန်တော်ကတော့ လှပလွန်းသောသူမ၏ခန္ဓာကိုယ်ကို မကြည့်မိအောင် စည်းသတိထားနေရသည်။ဤမိန်းကလေးသည်လွတ်လပ်ပွင့်လင်းသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။စင်သီယာကို မျိုးရွေးချယ်ခဲ့ခြင်းနှင့်ပတ်သက်၍မျိုး၏မှတ်ချက် တစ်ခုကလည်းစိတ်ဝင်စားစရာဖြစ်ပါသည်။

"မျိုးအနေနဲ့ ..စင်သီယာကိုပဲရွေးချယ်ရမယ့် အချက်တစ်ချက်ရှိသေး တယ်...မျိုးကဒုက္ခတဆိုပေမယ့် ကိုယ်လုံးကထွားတယ်မဟုတ်လား...အရေးဟယ် အကြောင်းဟယ် ချော်ပြုလဲရင်...မျိုးကိုနိုင်နိုင်နင်းနင်းပွေ့ ထူချီမပေးမယ့်လူကသေး သေးတွေးကွေးလေးတွေဆိုဘယ်လိုမှမဖြစ်ဘူး..စင်သီယာကျတော့မျိုးထက်တောင် ကိုယ်လုံးနည်းနည်းထွားချင်သေးတယ်...ဒါကြောင့်မျိုး..သူ့ ကိုပဲရွေးလိုက်တာ..."

ခြံထဲမှာရပ်ထားသော ကားရှေ့မှာကျွန်တော်ရပ်လိုက်သောအခါစင်သီ ယာကကျွန်တော့်အနားရောက်လာပြန်သည်။

"မမအတွက် အားလုံးစိတ်ချပါ..."

ကျွန်တော်ခေါင်းညိတ်လိုက်ပြီးကားတံခါးဖွင့်လိုက်သည်။

"အစ်ကို..."

စင်သီယာသည်ကျွန်တော့်ကို ရှုန်းလဲ့စွာကြည့်နေ၏။

"အားလုံးထဲက..စင်သီယာ့ကိုပဲရွေးပြီးအလုပ်ခန့် ပေးကာကျေးဇူးပါ"

ကျွန်တော်ဘာမှပြန်မပြောမိဘဲ၊ကားကိုသာစပ်ဖြည်းဖြည်းမောင်းထွက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ရှုံးရောက်ရောက်ခြင်းပင်မျိုးဆီသို့ ဖုန်းဆက်မိပြန်သည်။

"စိတ်ချပါမောင်ရဲ့…အားလုံးအဆင်ပြေပါတယ်…မျိုးဆီစိတ်ပူပြီးခဏခဏဆက်မနေနဲ့တော့…တော်ကြာမောင်အလုပ်ပျက်နေလိမ့်မယ်…အခု..စင်သီယာနဲ့ထိုင်စကားပြောနေတာ…ဒါပဲနော်…မျိုးဖုန်းပိတ်လိုက်တော့မယ်…"

တစ်ပတ်ခန့်ကျွန်တော်အလုပ်နားခဲ့သဖြင့် လုပ်စရာအလုပ်တွေကပုံနေ၏။သည်ကြားထဲဖေဖေကမုံရွာသို့ခရီးခဏထွက်သွားသဖြင့်ပိုဆိုးတော့သည်။နေ့လည်ဘက်တွင်ပင် အပြင်ထွက်၍လက်ဖက်ရည်မသောက်နိုင်။ညနေလေးနာရီထိုးသော် မျက်လုံးတွေညောင်းလာပြီး ဇက်ကြောတွေလည်းလေးလာသဖြင့် မတ်တတ်ထရပ်ရင်းကျွန်တော့်လက်ပ်တော့ကွန်ပျူတာကိုပိတ်လိုက်သည်။

ထိုအခါအိမ်အကြောင်းစဉ်းစားမိပြန်သည်။ဒေါ်တာသော် သည်တကယ်ကိုပင်အချက်အပြုတ်တောင်သူဖြစ်ပါသည်။ကျွန်တော်တို့မင်္ဂလာပွဲနောက်တစ်နေ့မှာပင်ဒေါ်တာသော်ရောက်လာပြီးသူမ၏လက်ရာကိုကျွန်တော်တို့စတင်စားသောက်ခဲ့ရသည်။မျိုးတတော့ သူမ၏ထုံးစံအတိုင်းပဲ ချီးမွမ်းစရာဆိုလျှင်အကြွေးမထားတတ်သူမို့ချက်ခြင်းပင်ချီးမွမ်းခန်းဖွင့်လေတော့၏။

"ဒေါ်လေးရဲ့လက်ရာကတော့တကယ့်စံပဲ…အရမ်းကျွမ်းတယ်…သမီးတဆာန်မစွမ်းဖြစ်နေတော့ ဒေါ်လေးကိုဝင်ကူချင်ပေမယ့် ကိုယ့်ကိုကိုယ်တောင်အနိုင်နိုင်ဆိုတော့…"

"ရပါတယ်သမီးရယ်…ဒေါ်လေးတစ်ယောက်ထဲနိုင်ပါတယ်…စားချင်တာလေးတွေရှိရင်လည်း ဒေါ်လေးကိုကြိုပြောပေါ့…"

"ဟုတ်ကဲ့..ဒေါ်လေး…ဪ..မောင်..တစ်ခါလောက်မျိုးတို့သူငယ်ချင်းတွေကိုအိမ် ခေါ်ပြီးထမင်းဖိတ်ကျွေးရအောင်…ဒေါ်လေးလက်ရာကိုလည်းကြွားရတာပေါ့…"

"ကောင်းတယ်…မျိုးကျွေးချင်တဲ့နေ့ကိုပြောလေ…မောင်ဖိတ်ပေးမယ်"

"အင်း…အားလုံးအဆင်ပြေမယ့်တစ်ရက်ကိုမျိုးပြောမယ်လေ.."

မျိုးသည်ယာဉ်တိုက်မှုဖြစ်ပြီးကာစနှင့်မတူတော့ချေ။ယာဉ်တိုက်မှုဖြစ်ပြီးကာစကအမြဲလိုငေးငေးငိုင်ငိုင်ရှိနေတတ်ပြီး အချိန်အတော်များများမှာမျက်ရည်တွေ

www.burmeseclassic.com



ကျနေတတ်သည်။ကံကြမ္မာအပြောင်းအလဲ၏ဒဏ်ကိုခွေးမြေ့ကြေကွဲနေတတ်၏။ ယခုတော့သူမသည် လက်ရှိပကတိအခြေအနေကိုလက်ခံလိုက်ပုံရပြီး သည်အခြေအနေမှာပျော်အောင်နေတတ်လာပါသည်။အိမ်ထောင်ပြုလိုက်ခြင်းကပင်လျှင်သူမကိုထိုသို့ပြောင်းလဲသွားစေသလားတော့မပြောတတ်ပါ။သို့သော်တစ်ခါတရံမှာတော့ ဝမ်းနည်းစကားတချို့ကိုဆိုတတ်လေသည်။

"မျိုးကိုချည်းပဲ..မောင်ပြုစုနေတာ...မျိုးဝမ်းနည်းတယ်သိလား...တ တယ်ဆို လင့်ဝတ္တရားတွေကိုမျိုးကသာလုပ်ပေးရမှာ...မျိုးခြေထောက်တွေပြန်ကောင်း ချင်လိုက်တာမောင်ရယ်..."

မျိုးခံစားနေရသောစိတ်ခံစားမှုတွေကိုကျွန်တော်ကိုယ်ခြင်းစာပါသည်။ ကျွန်တော်လည်းမျိုး၏ခြေထောက်တွေပြန်ကောင်းလာစေချင်ပါသည်။သို့သော် ပြန်မကောင်းတော့လျှင်လည်းကျွန်တော့်အတွက်ကိစ္စမရှိပါ။ကျွန်တော့်အချစ်ဖြင့် မျိုးကိုအသက်ထက်ဆုံး စိတ်ချမ်းမြေ့စေရမည်။ခါးအညောင်းဆန့်ရင်းနှင့် ကျွန် တော့်အတွေးတွေကအိမ်ကိုပြန်ရောက်သွားမိခြင်းဖြစ်ပါသည်။

မကြာမီအလုပ်ဆင်းချိန်ရောက်ပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆ )

အရေးကြီးသောဗိုင်တစ်ခုက အိမ်မှာကျန်ခဲ့သည်။ဟိုတယ်နှင့်ခရီးသွားလာရေးအတွက် အရေးကြီးသောဗိုင်ဖြစ်သဖြင့်အိမ်ကိုလူလွှတ်ပြီးယူခိုင်းဖို့ကိုလည်း စိတ်မချပြန်။ပြီးတော့ ကျွန်တော့်ဗိုင်ကို အပေါ်ထပ်ကအလုပ်ခန်းမှာထားခဲ့ခြင်းဖြစ်သဖြင့် မျိုးကလည်းတက်ရောက်ရှာဖွေယူမပေးနိုင်။တစိမ်းတရံကိုလည်းအပေါ်သို့ မတက်စေချင်သဖြင့် ကျွန်တော့်ဘာသာကျွန်တော်ဗိုင်ပြန်ယူခြင်းသာအကောင်းဆုံး တုစဉ်းစားမိပါသည်။

ချက်ခြင်းပင်ကျွန်တော်အိမ်သို့ ခပ်သွက်သွက်မောင်းပြီးပြန်သွားလိုက်၏ ကားမောင်းနေရင်းနှင့်မျိုး၏လက်ကိုင်ဖုန်းကိုဖုန်းခေါ်လိုက်မိသည်။သို့ သော်တယ်လီဖုန်းကဆက်မရ။ကျွန်တော်တို့ခြံရှေ့သို့ ရောက်သော်ကိုယ်တိုင်ပဲခြံတံခါးကိုဖွင့်ဝင်ခဲ့သည်။အိမ်ရှေ့ခန်းမှာမည်သူမျှမရှိ။

အိမ်ဘေးသို့ လှမ်းကြည့်လိုက်သောအခါ ရေကူးကန်ဘေးမှာ အရင်းဘက်နှင့်လှဲနေသောမျိုးကိုတွေ့ရသည်။မျိုးသည်ရေကူးဝတ်စုံအဝါကလေးနှင့်ဖြစ်ပြီး နေပူစာလှုံနေဟန်တူပါသည်။မျက်နှာကိုနေပူရှိန်မကျအောင် မဂ္ဂဇင်းတစ်အုပ်နှင့် အုပ်ထားပြီးအိပ်ပျော်နေပုံရ၏။

အိမ်ထဲဝင်မည်ပြုပြီးမှ မဝင်ဖြစ်တော့ဘဲ မျိုးထံသို့ လျှောက်သွားလိုက်မိသည်။ရေကူးဝတ်စုံအဝါလေးအောက်မှ လှပကျော့ရှင်းသော မျိုး၏ကိုယ်ခန္ဓာကို

www.burmeseclassic.com



မြင်လိုက်ရသောအခါကျွန်တော်ရင်ခုန်သံတွေမြန်လာသည်။ထို့ကြောင့်မျိုး၏သေး တွင်အသာထိုင်ချလိုက်ပြီး မျိုး၏ဝင်းဝါနေသောအသားလေးကိုနမ်းလိုက်၏။သို့သော် မျိုးကမနိုး။ကျွန်တော်အတင့်ရဲလာပြီး မျိုး၏လည်တိုင်ကလေးကိုနမ်းလိုက်မိပြန် သည်။

ထိုအခိုက်မှာပင်မျိုးကနိုးလာပြီး မျက်နှာမှာအုပ်ထားသောမဂ္ဂဇင်းကိုအ သာဆွဲဖယ်လိုက်သည်။

"ဟင်...ဘာလဲဟ..."

ဗုဒ္ဓေါ။မြတ်စွာဘုရား။စင်သီယာသည် ကျွန်တော့်ကိုအံ့ဩတကြီးအန်းတန်း ကြီးကြည့်နေသည်။မျိုးမဟုတ်ပါလား။ဘာဖြစ်လို့မျိုး၏ရေကူးဝတ်စုံကိုသည်ကောင် မလေးကယူဝတ်ထားရတာလည်း။ချက်ခြင်းပင်ကျွန်တော်ရှက်သွားမိသလို၊ဒေါသ လည်းထွက်သွားမိသည်။

"မင်း...မင်းဘာဖြစ်လို့မျိုးရဲ့ရေကူးဝတ်စုံ ဝတ်ထားပြီးဒီနေရာမှာရောက် နေရတာလဲ...မင်းကိုခန့်ထားတာ...အခုလိုရေကူးပြီးနေပူစာလှုံဖို့မဟုတ်ဘူး...လူ ဆော့ဖြုရုဖို့..."

စင်သီယာသည်မျက်နှာကလေးရဲနေ၏။သူမက လုပ်သောရင်အစုံကိုသူ မ၏လက်နှစ်ဖက်နှင့်သိုင်းယှက်၍ကာထားရှာသည်။

"ဆောရီးနော် အစ်ကို...မမမျိုးက စင်သီယာဟျင်းရင်ရေကူးချင်တူးပါ သေးဆိုပြီးရေကူးဝတ်စုံထုပ်ပေးလို့စင်သီယာ ရေကူးမိတာပါ...အစ်ကိုမကြိုက်ရင် နောက်ကိုမကူးတော့ပါဘူး..."

"မျိုးအခုဘယ်မှာလဲ..."

"အိပ်နေတယ်အစ်ကို...."

ကျွန်တော် ကောင်မလေးကိုကျောခိုင်းမလို့လုပ်လိုက်စဉ်ကောင်မလေး အရင်းဘက်ပေါ်ကရတ်တရက်ထရပ်လိုက်ပြီး ဘေးကမျက်နှာသုတ်ပဝါကိုကောက် ဆွဲပြီးသူမ၏ခါးအောက်ပိုင်းကိုပတ်လိုက်သည်။ကျွန်တော့်မျက်လုံးသည်ကောင်မ လေး၏အလှအပများသို့ဖျတ်ခနဲရောက်သွားမိသည်။

ကျွန်တော့် ရင်သည်တဆတ်ဆတ်ခုန်သွားတော့၏။အိပ်ခန်းဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



မြန်လျှောက်စဉ်ကျွန်တော်မျက်နှာတွေထူထူပူပူဖြစ်နေမိပါသည်။ဖြစ်မှဖြစ်ရလေ။ ကိုယ့်ဇနီးဟုတ်မဟုတ်ကိုပင်ကျွန်တော်မမှတ်မိတော့ဘူးလား။တစ်ခုတော့ရှိသည်။ ကောင်မလေးကမျိုး၏ရေကူးဝတ်စုံကိုလည်းဝတ်ထားသေးသည်။ပြီးတော့မျက်နှာကိုလည်းမဂ္ဂဇင်းလည်းကွယ်ထားသဖြင့် ကောင်မလေးကိုမျိုးမှတ်ပြီးနမ်းလိုက်မိခြင်းဖြစ်ပါသည်။

နောက်တစ်ချက်က နှစ်ယောက်ယှဉ်ကြည့်လိုက်လျှင် စင်သီယာကပိုမိုပြည့်ဖြိုးမည်ဖြစ်သော်လည်း လဲလျောင်းနေခိုက်တွင် ဒါတွေကိုခွဲခြားရန်ခက်ခဲပါသည်။သို့သော်ကျွန်တော်ကလည်းမစူးမစမ်းဘဲ နမ်းလိုက်ဖို့မကောင်း။ထူပူရင်တွေခုန်လျက်နှင့်ပင် ကျွန်တော်အိမ်ထဲဝင်ခဲ့ရာ မျိုးကအခန်းထဲမှာအိပ်နေတုန်းပင်ရှိသေးသည်။

ကျွန်တော်လည်းမျိုးကိုမနှိုးမိသေးဘဲ။အိမ်ပေါ်သို့ပြေးတက်ကာ ဗိုင်ကိုရှာသည်။ဗိုင်ကိုရမှ အောက်ထပ်သို့ပြန်ဆင်းခဲ့ပြီးမျိုးကိုနှိုးရတော့သည်။

"မျိုး..မျိုးအိပ်ပျော်နေလား..."

"ဟယ် မောင်..ဘယ်တုန်းကပြန်ရောက်လဲ...ဆောရီး...မျိုးအိပ်ပျော်သွားတယ်..."

"အရေးကြီးတဲ့ဗိုင်တစ်ခုကျန်ခဲ့လို့ပြန်ယူတာ...မျိုးထမင်းစားပြီးပြီလား"

"စားပြီးပြီ...မောင်မစားရသေးရင်..စားသွားလေ...မျိုး..ဒေါ်ဟသာ်ကိုပြင်ခိုင်းလိုက်မယ်..."

"နေပေစေတော့...ဖေဖေလည်းမစားရသေးတော့..ဖေဖေနဲ့ပဲစားလိုက်တော့မယ်...ကဲ..မောင်အချိန်မရဘူး...သွားတော့မယ်..."

မျိုးကိုနှုတ်ဆက်ပြီးအိမ်ကထွက်လာသောခဏ၌စင်သီယာ၏ရေကူးဝတ်စုံနှင့်အလှအပများကိုမျက်စိထဲပြန်မြင်ယောင်မိသည်။ကျွန်တော်ခေါင်းကိုယမ်းခါလိုက်မိသည်။နောင်တွင်ကောင်မလေးကို အနေအထိုင်ဆင်ခြင်ဖို့ မျိုးမှတဆင့်ပြောခိုင်းရကောင်းမလား။အဝတ်အစားဝတ်တာတွေဆင်ခြင်ဖို့ ပြောခိုင်းရကောင်းမလား။

သို့သော်ပြောခိုင်းလိုက်မှပင်မျိုးစိတ်ထဲ တစ်မျိုးထင်ပြီး ကျွန်တော့်အ


www.burmeseclassic.com

www.burmeseclassic.com



ပေါ်တစ်မျိုးများထင်သွားမလားရေကူးတာကတော့ ကျွန်တော်မရှိသည့်အချိန်တုန်းကပဲ။သိပ်တော့ပြဿနာမရှိပါ။အဝတ်အစားပေါ့ရှေ့တွေဝတ်တာကျတော့လည်းသည်ခေတ်မိန်းကလေးတွေအတော်များများဝတ်နေကြသည့်စတိုင်မို့ပြောရခက်နေပြန်သည်။

ကျွန်တော်တို့နှစ်ယောက်စလုံးရိုးသားကြလျှင်ဖြင့်သည်ကိစ္စကဘာမှပြဿနာမရှိပါ။သို့သော်ဘာကြောင့်မှန်းမသိဘဲ။ကျွန်တော့်သက်ပြင်းတွေအခါခါချနေမိသည်။ပြီးတော့ကောင်မလေး၏ရေကူးဝတ်စုံဝတ်ခန္ဓာကိုယ်ကို ခဏခဏမျက်စိထဲမြင်နေမိသည်။

ညနေစောင်းလောက်မှာမျိုးဆီကတယ်လီဖုန်းလာသည်။

"မောင်...အလုပ်များနေလား..."

"မျိုး...ဘာဖြစ်သလဲ...ဘာကိစ္စဖြစ်လို့လဲ..."

မျိုးကရယ်သံလေးစွက်၍ပြောသည်။

"ဘာမှမဖြစ်ပါဘူးမောင်ရဲ့...ဒိုလေ...မျိုးတို့သူငယ်ချင်းတွေကိုအိမ်မှာဓာတ်ပွဲတစ်ခုခုကျွေးဖို့ကိစ္စလေ...အဲ့ဒါစင်သီယာနဲ့တိုင်ပင်ကြည့်နေတာ...သူတရှေ့တောင်ခေါက်ဆွဲလုပ်တာ...အရမ်းကျွမ်းတယ်တဲ့...အဲ့ဒါမျိုးတို့ရှေ့တောင်ခေါက်ဆွဲပဲကျွေးကြမလား..."

"မောင့်သဘောကတော့...ထမင်းပဲပိုကောင်းမလားလို့..."

"ထမင်းက နေ့တိုင်းစားနေကြရတာဆိုတော့ရိုးနေပြီ..."

"ကောင်းပြီလေ...မျိုးစိစဉ်စရာရှိတာစီစဉ်လိုက်..."

"အင်း...အခုလာမယ့်တနင်္ဂနွေနေ့နှင့်နောက်ဆယ်နာရီလောက်...သူငယ်ချင်းတွေကိုမောင်ဖိတ်လိုက်တော့...."

မျိုးဘက်ကဖုန်းချသွားချေသော် ကျွန်တော်လည်းတလက်စထဲနှင့်သူငယ်ချင်းတွေဆီဖုန်းဆက်ကာ တနင်္ဂနွေနေ့အတွက်ဖိတ်ရလေတော့သည်။တယ်လီဖုန်းတွေဆက်ပြီးသော် လည်းကျွန်တော့်စိတ်တွေကတည်ငြိမ်မှုမရှိသေး။စင်သီယာက ရှေ့တောင်ခေါက်ဆွဲလုပ်တာ...အရမ်းကျွမ်းတယ်ဆိုသည့်မျိုး၏စကားကိုပြန်ကြားနေမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကိုပြောရဦးမယ်..."

ကွန်ပျူတာ နှင့်စာရင်းဇယားတွေရေးဆွဲနေသည့်ကျွန်တော့်အနီးသို့ ဘီးတပ်ကုလားထိုင်လေးကိုရွှေ့လာပြီး မျိုးကပြောလေ၏။မျိုးသည်ရေမိုးချိုးထားပြီးသနပ်ခါးပါးပါးလေးလိမ်းထားသည်။မျိုးသည်တစ်နေကုန်အိမ်မှာပျင်းနေရှာသည်လားမသိ။ကျွန်တော်အားလျှင်အားသလိုကျွန်တော့်အနားရောက်ရောက်လာပြီးစကားတွေလာလာပြောလေ့ရှိပါသည်။

ကျွန်တော်လည်းမျိုးကပြောရဦးမယ်ဆိုသည်နှင့်ကွန်ပျူတာကိုပိတ်လိုက်သည်။မျိုးအတွက်အချိန်ပေးရတော့မည်မို့ ပိတ်လိုက်ခြင်းဖြစ်ပြီးမနက်ဖြန်ရုံးကျမှပဲဆက်လုပ်တော့မည်။

"အို...မောင်ကအလုပ်တွေသိမ်းလိုက်ပြီကိုး...မျိုးကခဏလေးပဲပြောမလို့..."

"အမှန်အတိုင်းပြောရရင် ကြာတော့ညီးစီစီလည်းဖြစ်နေပြီ...နောက်ပြီးမျိုးအတွက်လည်းအချိန်ပေးချင်လို့...ဘယ်လောက်ပင်ပန်းပင်ပန်း...မျိုးနဲ့စကားပြောလိုက်ရရင်...စိတ်ထဲမှာလန်းသွားတယ်...ကဲ...ဘယ်မှာပြောကြမလဲ...ကုတင်ပေါ်မှာပြောကြမလား..."

"အို..ဘယ့်နှယ်..စကားပြောဖို့ကုတင်ပေါ်မကောင်းဘူး...အိပ်ရေးချန်းပေါ်သွားရအောင်ကွာ..."

ကျွန်တော်လည်းမျိုး၏တွန်းလှည်းလေးကိုအသာတွန်းရင်းအိမ်ရှေ့ကိုထွက်ခဲ့သည်။ပြီးတော့မျိုးကိုပွေ့ချီပြီးခန်းပေါ်တင်ပေးလိုက်သည်။

"မောင်လဲ ထိုင်လေ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မျိုး၏ဘေးမှာကပ်ထိုင်လိုက်သည်။အိမ်ရှေ့ဘက်မှာစိုက်ထားသောသစ်ခွတချို့ပွင့်နေသည်ကိုတွေ့ရ၏။ခပ်လှမ်းလှမ်းမှာရှိသော လမ်းမီးတိုင်တွေမှအလင်းရောင်မှိန်ပြပြသည် မျိုး၏နုညက်သောပါးပြင်ပေါ်သို့ စိုးတဝါးကျနေလေ၏။

"မျိုးကိုပြုစုရတာမောင်စိတ်မပျက်သေးဘူးလား...."

"ဒီစကားတွေပြောဖို့မောင့်ကိုခေါ်လာတာလား...."

"မဟုတ်ပါဘူး..."

"မှတ်ထားမျိုး...မောင်...မျိုးကိုပြုစုရလို့ အခုလည်းစိတ်မပျက်ဘူး...နောင်လည်းစိတ်မပျက်ဘူး..."

မျိုးသည် ချစ်စဖွယ်ပြုံးပြီးကျွန်တော့်ရင်ခွင်ထဲခေါင်းတိုးဝင်လေ၏။သူမသည်ကျွန်တော့်လက်မောင်းကိုဖက်တွယ်ထားရှာသည်။ဆောင်းဦးပေါက်လာပြီဖြစ်သဖြင့်ညဥ့်လေပြည်သည်အေးမြလတ်ဆတ်နေ၏။အိမ်ရှေ့ဘက်တွင်မြူတွေခပ်ပါးပါးကျနေသည်။

"စင်သီယာကပြောတယ်မောင်...သူအခုနေတဲ့မိန်းကလေးဆောင်တအဆစ်ပြင်ဆောက်တော့မှာတဲ့...လောလောဆယ်ခြောက်လလောက်...သူတို့အဲဒီအဆောင်ယ်ပေးရလိမ့်မယ်...အဲဒါသူ့မှာနေစရာအခက်အခဲအရမ်းဖြစ်နေတယ်...တခြားနေရာမှာပြောင်းနေဖို့ဆိုတာကလည်းမိန်းကလေးတစ်ယောက်အတွက်သိပ်မလွယ်ဘူးမောင်ရဲ့...အဲဒါ မျိုးကိုဖွင့်ပြောပြီး...ဒီမှာခြောက်လလောက်လာနေပါရစေတဲ့"

ကျွန်တော်ခေါင်းကြီးသွားသည်။စင်သီယာလိုမိန်းကလေးမျိုးတစ်ယောက်ကိုအိမ်ပေါ်ခေါ်တင်ထားဖို့ဆိုတာလုံးဝမဖြစ်နိုင်ပါ။မျိုးကလည်းစိတ်ထားအလွန်ဖြူစင်သည့်မိန်းမတစ်ကနဲဆိုလျှင်တိုလှ၊သနားသည်လှသနားနှင့်တဲ့ထဲခေါ်ထည့်ကုလားအုတ်ပုံပြင်အကြောင်းသူမ မသိဘူးလား။နောက်တစ်ချက်ကမြန်မာစကားပုံတစ်ခုရှိသေးသည်။သဒ္ဒါလွန်တော့တဏှာကျွန်တတ်သည်တဲ့။

ကျွန်တော်ခေါင်းယမ်းလိုက်မိသည်။

"မဖြစ်နိုင်ဘူးလို့ပဲပြောလိုက်ပါမျိုး...တော်ကြာကုလားအုတ်ပုံပြင်ထဲကအဖြစ်နေဦးမယ်..."



www.burmeseclassic.com

www.burmeseclassic.com



ကုလားအုတ်က အပြင်မှာချမ်းသဖြင့်တဲထဲဝင်ချင်သဖြင့်သခင်ထံမှာခွင့်တောင်းပြီးခေါင်းတစ်ခေါင်းသာ ထည့်ရာမှ နောက်ဆုံးတစ်ကိုယ်လုံးအထဲရောက်သွားပြီးသခင်ကတော့အပြင်ထွက်နေလိုက်ရသည့်ပုံပြင်။

"သနားတော့သနားပါတယ်မောင်ရယ်...မိန်းကလေးကလည်းဖြစ်ပြန်နောက်ပြီး..အပျိုလေးကလည်းဖြစ်ပြန်..."

"ဒီကမ္ဘာပေါ်မှာလူတွေဟာ...ကိုယ့်ဒုက္ခနဲ့ ကိုယ်ပဲမျိုး...ဆင်းရဲတဲ့သူတွေမှာလည်းဒုက္ခရှိသလို...ချမ်းသာတဲ့သူတွေမှာလည်းဒုက္ခရှိတာပဲ...နောက်ပြီးမောင်တို့လင်မယားက ဆင်းရဲဒုက္ခရောက်နေတဲ့သူတွေကိုလိုက်ကူညီနေတဲ့...ကူညီရေးအသင်းကြီးလည်းမဟုတ်ဘူး..နောက်တစ်ချက်ရှိသေးတယ်မျိုး...မျိုးကဒီအိမ်မှာအမြဲရှိနေတယ်ဆိုပေမယ့် အများအမြင်လည်းကြည့်ရသေးတယ်...ကောင်မလေးကိုဒီအိမ်မှာနေခိုင်းလိုက်ရင်ပတ်ဝန်းကျင်က ဘာပြောကြမလဲ..."

"ဒီရပ်ကွက်က...မြို့နဲ့ဝန်းနဲ့ ရပ်ကွက်ပါမောင်ရယ်..တစ်အိမ်နဲ့ တစ်အိမ်တစ်ခြံနဲ့ တစ်ခြံနာမည်တောင်သိကြတာမဟုတ်ဘူး...အဓိက ကတော့ကိုယ့်လိပ်ပြာကိုယ်လုံဖို့ပဲလိုတယ်..."

ကျွန်တော်မျိုးကိုဖျတ်ခနဲကြည့်လိုက်သည်။ဘာအဓိပ္ပါယ်နှင့်သည့်စကားကိုမျိုးပြောလေသနည်း။သို့သော်မျိုးသည်ဘာမှထူးထူးခြားခြားဖြစ်မနေပါ။ကျွန်တော်သက်ပြင်းတစ်ချက်ကိုကြိမ်၍ချလိုက်မိပါသည်။ကျွန်တော်မျိုးကိုအလွန်ချစ်ပါသည်။သို့သော်အဘယ်ကြောင့်မှန်းမသိဘဲ၊ပြဿနာတစ်ရပ်ကိုမဖြစ်ခင်က ကြိုလန့်နေသလိုခံစားနေရသည်။

စင်သီယာဆိုသည့်ကောင်မလေးအပေါ် ကျွန်တော်ထိတ်လန့်နေသည်မှာတော့သေချာပါသည်။ပြီးတော့ကောင်မလေးအပေါ် အလိုမကျခြင်းမှာလည်းအကြောင်းဖြစ်နေရလေသနည်း။စင်သီယာသည် ကျန်းမာသန်စွမ်း၍လုပတင့်တယ်သောမိန်းကလေးဖြစ်သည်ကိုကျွန်တော်ဝန်ခံပါသည်။

သူမသည်ကျွန်တော့်အတွက်ဌားထားသော သူနာပြုမဟုတ်ပါ။သို့သော်သူမသည်ကျွန်တော်၏အလုပ်သမားတစ်ဦးတော့ဖြစ်ပါသည်။ထို့အပြင်ဒေါ်ဟသာသည်လည်းကျွန်တော့်အလုပ်သမားတစ်ဦးပင်ဖြစ်၏။ဒေါ်ဟသာကကျွန်ုပ်၏အိမ်၌အလုပ်



www.burmeseclassic.com

www.burmeseclassic.com



သားတစ်ဦးအဖြစ် ညအိပ်ညနေ နေထိုင်ခွင့်ပေးထားလျှင် စင်သီယာကိုလည်း ဘာကြောင့်ထိုသို့ မပေးနိုင်ရလေမည်နည်း။

"ညရေးညတာတွေမှာ...မောင်ရှိတယ်ဆိုပေမယ့်...တစ်ခါတလေအလုပ်တစ္စအရေးပေါ်ပြီးအပြင်ထွက်ရရင်...ဘယ်လိုလုပ်မလဲ...နောက်ပြီးမောင်အိမ်ပြန်နောက်ကျလောက်အောင်အလုပ်များတဲ့နေ့ တွေရှိခဲ့ရင်...ဘယ်လိုလုပ်မလဲ..."

"မျိုးကိုယ်တိုင်က..လိုလိုလားလားဖြစ်နေတယ်ဆိုတော့...မောင်မငြင်းတော့ပါဘူး...မျိုးသဘောကျသလိုပဲစီစဉ်လိုက်ပါ..."

မျိုးသည်ကျွန်တော့်ပါးပြင်ကိုအသာမော့ကာနမ်းသည်။ပြောက်မြန်လေသည်ကျွန်တော်တို့နှစ်ယောက်ကိုညင်ညင်သာသာပဲတိုးဇော့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

စင်သီယာ၏ရွှေတောင်ခေါက်ဆွဲသည်ဖွင့်တချိန်းမွမ်းရလောက်သည်အထိ ကောင်းမွန်ပါသည်။သူမသည်မျိုး၏ဆန္ဒအရ ကျွန်တော်တို့ အိမ်မှာလာနေသည်။ အပေါ်ထပ်မှာရှိသော ကျွန်တော့်အလုပ်ခန်းဘေးက အခန်းလွတ်တွင်သူမကနေ ထိုင်ခြင်းဖြစ်ပြီး သူမ၏ပစ္စည်းပစ္စယတွေက သိပ်များများစားစားတော့မဟုတ်။

သူမသည်ကျွန်တော်တို့ သူငယ်ချင်းများကိုချက်ပြုတ်ကျွေးမွေးရန်အ တွက် စနေ နေ့ညကတည်းကဒေါ်ဟာသ်၏အကူအညီနှင့်ပင်မီးဖိုချောင်ထဲဝင်၍ချက် ပြုတ်စီမံလေသည်။သူမသည် ကျွန်တော်တို့ လင်မယားနှစ်ယောက်နှင့် ပိုမိုရင်းနှီး လာသည်။

မျိုးကတော့ စင်သီယာ၏သွက်လက်ချက်ချာမှုအသိဉာဏ်ထက်မြက်မှု ရိုးသားမှုတို့ ကိုချီးမွမ်းလေ့ရှိပါသည်။

"ကောင်မလေးက...ရိုးသားတယ်သိလား...တစ်နေ့ ကမျိုးဘီရိုပိတ်ခဲ့ဖို့ မေ့နေလို့ပြန်ပိတ်ရင်း လက်ဝတ်ရတနာတွေကိုပြန်စစ်ကြည့်တော့ တစ်ခုမှမပျောက် ဘူး...နောက်ပြီးငွေတွေ လည်းလုံးဝမလျော့ဘူး...ကောင်မလေးအဲဒီအခန်းထဲဝင်ပြ ထွက်ပေမယ့်လည်း...ဘာတစ်ခုမှခြေရာလက်ရာမပျက်ဘူး...မီးဖိုထဲလည်းသူဝင်ပြ ကူတယ်သိလား...ဒေါ်ဟာသ်ကလည်း ချီးကျူးရှာတယ်..."

မျိုးသည် စင်သီယာ့အပေါ်တွယ်တာနေလေပြီ။ဘာပဲပြောပြော ကောင်မ လေးကလိမ္မာရေးခြားရှိသည်ဆိုတော့ကျွန်တော်ကျေနပ်မိပါသည်။ခိုးကြောင်ဖွက်တတ် သူဆိုလျှင် ပြဿနာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ညကတော့ ကျွန်တော့်သူငယ်ချင်း သော်တာနှင့်ဝင်းမိုးတို့ ကိုကျွန်တော့်လူပျိုညတုန်းက မလုပ်ခဲ့သည့်အကြွေးကိုပြန်ဆပ်ရလေသည်။သူတို့နှစ်ယောက်တိုဆိုင်တစ်ဆိုင်မှာ ပြုစုရခြင်းဖြစ်ပြီး အိမ်မှာတော့စင်သီယာရောက်နေသဖြင့်သိပ်တော့နောက်ဆံမငင်မိချေ။

ကျွန်တော်ကတော့နဂိုကတည်းကအရက်သိပ်မကြိုက်သူမို့ ဘီယာတိုသာ အချိန်ယူ၍သောက်ရင်းသူငယ်ချင်းတွေနှင့်စကားလက်ဆုံကျမိပါသည်။

"မင်းတို့ အဆင်ပြေတယ်မဟုတ်လား..မင်းဆွေ..."

ကျွန်တော့်မျက်နှာနည်းနည်းတည်သွားမိပါသည်။ကျွန်တော့်အိမ်ထောင်ရေးကိုအဆင်ပြေသည်ဟုပင်ပြောရမလား၊မဆိုးပါဘူးဟုပင်ပြောရကောင်းမလား။မိုးကိုလက်ထပ်ခွင့်ရလိုက်ခြင်းကြောင့်ကျွန်တော့်မှာ စိတ်ချမ်းသာမှုတွေရခဲ့ပါသည်။ချစ်သူကိုပြုစုရခြင်းအပေါ်မှာလည်းစိတ်ကျေနပ်မှုတွေရခဲ့ပါသည်။

သို့သော်မိုးနှင့်ကျွန်တော်လက်ထပ်ရခြင်းသည်တကယ့်အိမ်ထောင်ရေးအစ်အမှန်ဟုတ်ပါရဲ့လား။မိုးနှင့်ကျွန်တော် ကချစ်သူဖြစ်သွားကြသောအချိန်မှစ၍အချစ်ဝင်သန့်ရှင်းစင်ကြယ်ခဲ့သူတွေဖြစ်ပါသည်။လူငယ်၊လူလွတ် အပျိုလူပျိုများဖြစ်ကြသော်လည်း ကျွန်တော်တို့သည်စောင့်ထိန်းခဲ့ကြပါသည်။ကျွန်တော်၏လူပျိုဘဝသည်လည်းကောင်း၊မိုး၏အပျိုစင်ဘဝသည်လည်းကောင်းယခုအချိန်ထိသန့်စင်နေဆဲပင်ဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့နှစ်ဦးသည်ဥပဒေအရစာချုပ်စာတမ်းနှင့်လက်ထပ်ထားသော အကြင်လင်မယားဖြစ်ပြီးပတ်ဝန်းကျင် အသိုင်းအဝန်းရှေ့မှာလည်းအရားဝင်ဇနီးမောင်နှံပင်ဖြစ်ပါသည်။

"ငါနဲ့မိုးလက်ထပ်လိုက်ရလို့မိုးအရမ်းစိတ်ချမ်းသာနေတယ်...ငါတည်းမိုးကိုစိတ်ချမ်းသာအောင် အမြဲထားတယ်...အဲဒီအတွက်လည်းငါ့မှာပီတိဖြစ်တယ်..ကျေနပ်တယ်...ဒီတော့ငါတို့အိမ်ထောင်ရေးကသာယာပါတယ်သူငယ်ချင်း"

ဝင်းမိုးနှင့်သော်တာသည်ရေချိန်မှန်နေလေပြီ။သူတို့နှစ်ယောက်သည်ကျွန်တော့်ကိုစိုက်ကြည့်နေကြ၏။

"မင်းဟာ အရမ်းထူးဆန်းတဲ့ကောင်ပဲ...ကောင်းတယ်..ကောင်းတယ်..



www.burmeseclassic.com

www.burmeseclassic.com



မျိုးကိုမင်း ဒီအတိုင်းပဲ..စိတ်မပြောင်းဘဲ..တစ်သက်လုံးဆက်စောင့်ရှောက်ပေ တော့..."

သည့်နောက်မှာတော့ကျွန်တော်တို့ သည်ငယ်ငယ်တုန်းကအဖြစ်အပျက် တချို့ကိုပြန်ပြောရင်းဟားကြသည်။ကျောင်းတုန်းက အဖြစ်အပျက်တွေကိုပြန်ပြော ရင်းဟားကြသည်။ညဉ့်အတော်နက်မှ သူငယ်ချင်းတွေနှင့်လမ်းခွဲပြီးအိမ်သို့ပြန် လာခဲ့သည်။အိမ်ကျတော့မျိုးကအိပ်ပျော်နေနှင့်ပြီး ကျွန်တော့်ကိုစင်သီယာကတံခါး လာဖွင့်ပေးသည်။

စင်သီယာ သည်ယနေ့ညဉ့်ထူးထူးခြားခြားလှပနေသည်။ပြည့်တင်းလှ ပသောကိုယ်ကာယအလှသည်ညဝတ်အင်္ကျီအောက်မှာပိပိသသ။အင်္ကျီသည်ပါး လှပ်လှပ်ဖြစ်၍ရင်အလှသည် သိသာထင်ရှားနေ၏။

"အစ်ကို..ညစာ စားဦးမလား..."

အရေးထဲ ဘီယာတွေသောက်တာများသွားသဖြင့်နည်းနည်းမူးနေသည်။ ကျွန်တော်နည်းနည်းယိုင်သွားသောအခါ စင်သီယာကကျွန်တော့်လက်မောင်းကို လာတွဲ၏။သူမ၏လက်နှင့်ကျွန်တော့်ရင်ပတ်ထိနေသည်။သူမ၏လှပသောမျက်နှာကို မရည်ရွယ်ပါဘဲ ကျွန်တော်ငုံ့ကြည့်မိသည်။ နုတ်ခမ်းနှစ်လွှာသည်စိုပြေတင်းမို့ လျက်ရှိပြီး သူမကကျွန်တော့်ကိုရီဝေဝေလေးပြန်မော့ကြည့်နေသည်။

ကျွန်တော်သူမကိုအသာပြန်တွန်းလိုက်ရင်း...

"စားခဲ့ပြီးပြီ...မျိုးအိပ်သွားတာကြာပြီလား...."

"စောစောကမှ...မမစောင့်နေသေးတယ်..."

"မင်း...ဒီမှာပဲထမင်းစားတယ်မဟုတ်လား...နေရတာလဲအဆင်ပြေ တယ်မဟုတ်လား..."

"ဟုတ်ကဲ့..."

"ရပြီရပြီ...သွားအိပ်တော့..."

စင်သီယာသည်အပေါ်ထပ်သို့ ခပ်ဖြည်းဖြည်းတက်သွားသည်။လှုပ်ရှား ရှင်းသောသူမ၏ကိုယ်ခန္ဓာသို့ ထိန်းချုပ်ထားသည့်ကြားမှ တစ်ချက်ကြည့်မိပြန် သည်။ထိတ်လန့်တုန်လှုပ်စွာဖြင့် ကျွန်တော်အကြည့်ကိုမြန်မြန်ပြန်လွှဲလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုယ်ထဲတွင်တစ်စုံတစ်ခုသည်သိသိသာသာဖြစ်ပေါ်နေလေပြီ။ထိုတစ်စုံတစ်ခုသည်မည်သည့်အခြင်းအရာဖြစ်သည်ကိုကျွန်တော်ချက်ခြင်းသဘောပေါက်သည်။ကျွန်တော့်တစ်ကိုယ်လုံးသွေးတွေဆူပွက်လျက်ရှိ၏။ကျွန်တော်မျက်စိတို့စုံမှိတ်ထားလိုက်ရင်းစိတ်ကိုပြောင်းနေမိသည်။

စဉ်းစားစမ်း။အလုပ်ထဲမှာဘာတွေလုပ်ဖို့ရှိသေးလဲ။ဆယ့်သုံးခြောက်လီဘယ်လောက်လဲ။နှစ်ဆယ့်သုံးလေးလီဘယ်လောက်လဲ။ကြွေးဆုံးလျှာထားဆိုလျှင်လက်ကျန်ရှင်းတမ်းမှာ ဘယ်မှာဖော်ပြမလဲ။

ရပြီ။ကျွန်တော့်စိတ်တွေပြန်ငြိမ်သက်သွားလေပြီ။ကျွန်တော်တို့နှစ်ယောက်၏အိပ်ခန်းထဲသို့ ကျွန်တော်အသာဝင်လိုက်သည်။မျိုးသည်ကုတင်ထက်၌ခွေခွေခေါက်ခေါက်လေးအိပ်ပျော်နေသည်။ညမီးရောင်မှိန်ပြပြဖြင့်ပင် အဝတ်အစားတွေကိုကျွန်တော်လဲသည်။ညဆယ့်နှစ်နာရီရှိပြီဖြစ်သော်လည်း ကျွန်တော့်မှာအိပ်ချင်စိတ်ကမရှိ။

ထို့ကြောင့်စာကြည့်စားပွဲဝင်ထိုင်လိုက်ပြီး စာကြည့်မီးလေးဖွင့်လိုက်ရင်းစာအုပ်စင်က လက်လှမ်းမီရာစာအုပ်တစ်အုပ်ကိုဆွဲယူပြီးဖတ်လိုက်မိသည်။စာအုပ်က Blue Dream in Love ဖြစ်ပြီးစာရေးဆရာကတော့ Robert Role ဖြစ်သည်။ဖတ်ရင်းနှင့်စာမျက်နှာသုံးဆယ်ကျော်လာသည်။ဇာတ်လမ်းကတော့သိပ်ဆိုးအိမ်ထောင်ရှင်ယောကျ်ားတစ်ယောက်၏အိမ်ထောင်ရေးအရှုပ်ဇာတ်လမ်း။

ဆက်မဖတ်ချင်တော့သဖြင့်စာအုပ်ကိုပိတ်ပစ်လိုက်သည်။စာကြည့်မီးပိတ်စာအုပ်ကိုသူ့နေရာသူထားကာ ကုတင်ပေါ်တက်၍မျိုး၏ဘေးတွင်ညင်သာစွာလှဲလိုက်မှ မျိုးကနိုးသွားလေတော့၏။

"မောင်တောင်..ပြန်ရောက်လာပြီ...ဆောရီးနော်...မျိုးအိပ်ပျော်သွားတယ်..."

ကျွန်တော်မျိုး၏ကိုယ်လုံးလေးကိုအသာဖက်လိုက်သည်။ဆောင်းဝင်လာပြီဖြစ်သဖြင့် ကျွန်တော်တို့အခန်းထဲမှာအေးစိမ့်နေသည်။ကုတင်ခြေရင်းတခြည်စောင်ပါးပါးလေးကိုအသာဆွဲယူပြီး မျိုးကိုခြုံပေးလိုက်သည်။ခဏနေတော့မျိုးပြန်အိပ်ပျော်သွားပါသည်။နံနက်နှစ်နာရီလောက်မှာကျွန်တော်မှေးခနဲအိပ်ပျော်သွား



www.burmeseclassic.com

www.burmeseclassic.com



ခိုက်မှ မျိုးကပြန်နိုးလာပြီး ကျွန်တော့်ကိုနိုးလေ၏။

"မောင်...မျိုးရှူရှုပေါက်ချင်လို့..."

ကျွန်တော်ကပျာကယာထ၍မျိုးကိုပွဲချပေါ်တင်ပြီးအိမ်သာသို့ပို့ပေးရသည်။အိမ်သာရောက်မှ သူမကိုပွေ့ချပြီး အိမ်သာပေါ်တင်ပေးပြီးကျွန်တော်အပြင်မှာထွက်စောင့်နေရ၏။ထိုတာဝန်တွေကိုကျွန်တော်လုပ်ပေးနေခိုက် ပထမဦးဆုံးအကြိမ်အဖြစ် ကျွန်တော့်ကိုယ်ကျွန်တော်မေးမိသည်။တစ်သက်လုံးအတွက်သည်တာဝန်တွေကိုကျွန်တော်မငြီးမငြူလုပ်ပေးနိုင်ပါ့မလား။

ကျွန်တော်ခေါင်းကိုတဆတ်ဆတ်ညိတ်လိုက်မိသည်။မျိုးသည်ကျွန်တော့်ချစ်သူ၊ကျွန်တော့်ဇနီးဖြစ်ပါသည်။ပြီးတော့သူမသည်ဒုက္ခိတဖြစ်သလို ကျွန်တော်အလွန်ချစ်သည့်မိန်းမဖြစ်ပါသည်။သူမ၏ဝေယျာဝစ္စတွေကိုကကျွန်တော်ဘာလို့ငြီးငြူရမှာလဲ။သည်တာဝန်တွေအပေါ်ကျွန်တော်မည်သည့်အခါမျှစိတ်ပျက်လိမ့်မည်မဟုတ်ပါ။ထိုသို့စဉ်းစားဆဲမှာပင်ကျွန်တော့်မျက်လုံးထဲမှာစင်သီယာ၏ ညဝတ်အင်္ကျီပါးပါးနှင့်အလှအပများက ပေါ်လာပြန်သည်။

ကျွန်တော်ခေါင်းကိုသွက်သွက်ခါအောင် ယမ်းလိုက်ရင်းမျက်လုံးထဲကပုံရိပ်တွေကိုဖျောက်ပစ်လိုက်ရသည်။မျိုးကိုအိပ်ရာသို့ပြန်ပို့ပြီးသော်ပြန်အိပ်မရတော့ပါ။နံနက်လေးနာရီထိုးသော် စင်သီယာကအိပ်ရာမှနိုးလာပြီး မီးဖိုထဲဝင်ကာအော်ဗာတင်း နှင့်အကျွေးအမွေးအတွက်စီမံနေလေတော့သည်။

ငါးနာရီးထိုးခါနီးတွင်ကျွန်တော့်ကိုလာနှိုးသည်။

"အစ်ကို...ဘုန်းကြီးကျောင်းအတွက်...အရာတော်ဆွမ်းပို့ဖို့အဆင်သင့်ဖြစ်နေပြီ..."

ထိုအခါမှကျွန်တော်လည်းအိပ်ရာကခပ်သွက်သွက်ထ ကာသွားတိုက်၊မျက်နှာသစ် အဝတ်အစားလဲပြီးစင်သီယာပြင်ဆင်ထားပေးသောချိုင့်ကြီးချိုင့်ငယ်တို့ကိုကားပေါ်တင်ကာဘုန်းကြီးကျောင်းသို့ထွက်ခဲ့သည်။ဘုန်းကြီးကျောင်းမှကျွန်တော်ပြန်ရောက်သောအခါ မျိုးက ထမင်းစားခန်းထဲမှာ နံနက်စာစားရန်ကျွန်တော့်ကိုအဆင်သင့်စောင့်နေ၏။

အော်ဗာတင်းက ကျွန်တော်တို့အတွက် ကိတ်မုန့်၊ပေါင်မုန့်၊ မီးကင်ကြက်

www.burmeseclassic.com



ဥကြော်၊ကော်ဖီတို့ကိုစီမံပေးထားသည်။

"လာလေ..ညီမလေး...မမတို့နဲ့တစ်ခါတည်းဝင်စားလိုက်...တော်ကြာဧည့်သည်တွေရောက်လာရင် ညီမလေးစားချိန်ရမှာမဟုတ်တော့ဘူး..."

မျိုးကစင်သီယာကိုဖိတ်မန္တကပြု၍စင်သီယာက စားပွဲမှာကျွန်တော်နှင့်စားသည်။ကျွန်တော်မျိုးအတွက်အဆင်သင့်စားရအောင်ပေါင်မုန့်မီးကင်ကိုဂျမ်သုတ်ခြင်း၊ကြက်ဥကြော် သို့ဖွန်းအဆင်သင့်ချပေးခြင်းတို့ကိုစင်သီယာကမသိမသာအကဲခပ်နေ၏။

နံနက်ကိုးနာရီလောက်တွင်ဖိတ်ထားသောသူငယ်ချင်းတွေရောက်လာသည်။ကျွန်တော့်သူငယ်ချင်းတချို့နှင့်မျိုး သူငယ်ချင်းတွေ။တစ်အိမ်လုံးသည်ဆူညံနေလေ၏။စင်သီယာ၏ရွှေတောင်ခေါက်ဆွဲသည် အံ့ဩဖွယ်ပင်ဖြစ်ပါသည်။အားလုံးသည်ရွှေတောင်ခေါက်ဆွဲ၏လက်ရာရှင်ကိုတွေ့ချင်သည်ဆိုသဖြင့် စင်သီယာနှင့်မိတ်ဆက်ပေးရသည်။

ယနေ့တော့စင်သီယာသည်မြန်မာဆံဆံဝတ်ထားပြီးဆံထုံးထုံးထား၏။နဖူးလတ်ဆတ်နေသောသူမ၏အသွင်သည် သူနာပြုတစ်ယောက်နှင့်မတူတော့။အထက်တန်းလွှာက ခေတ်ပညာတတ်မိန်းကလေးတစ်ယောက်နှင့်တူနေ၏။

သော်တာနှင့်ကျွန်တော် လူအနည်းငယ်ရှင်းသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာမျက်နှာခြင်းဆိုင်ထိုင်နေမိသည်။နေ့လယ်စာ စားပြီးစမှာ လက်ဖက်ရည်ကောင်းကောင်းတစ်ခွက်ကိုသောက်ရခြင်းမှာအလွန်ပင် အရသာရှိလှပါသည်။သည်ဆိုင်သည်မုန့်တွေကောင်းသလို လက်ဖက်ရည်လည်းကောင်းလွန်းလှပါသည်။

"အဲဒီ ကောင်မလေးကိုအလုပ်ခန့်လိုက်တာမင်းလား..."

"အင်း...အင်တာဗျူးလုပ်တော့မျိုးလည်းအနားမှာရှိနေတယ်လေ။မျိုးတာသဘောကျသွားလို့..."



www.burmeseclassic.com

www.burmeseclassic.com



“ငါပွင့်ပွင့်လင်းလင်းပဲပြောမယ်..မင်းဆွေ..ကောင်မလေးကလှလွန်းတယ်...ငါ့စိတ်ထင်တော့..အဲဒီပြဿနာဟာတစ်နေ့ဖြစ်လာနိုင်တယ်..မင်းတို့အိမ်ထောင်ရေးမှာ ကောင်မလေးဟာဆူးညှောင့်ခလုတ်ဖြစ်လာလိမ့်မယ်...”

ကျွန်တော်အသံထွက်၍ရယ်လိုက်မိသည်။သည်ကောင်ကကောင်မလေးလှတာတစ်ခုတည်းနဲ့ စိုးရိမ်နေတာကိုး။လှတာဘာဖြစ်သလဲ။လှတာနဲ့ပဲကျွန်တော်တို့နှစ်ယောက်ကဖြစ်ကြရမှာလား။

“မင်းအစိုးရိမ်ကြီးနေတာပဲသော်တာ..မှတ်ထား..ငါဆိုတဲ့ကောင်ကလည်းမင်းဆွေပါ..ငါ့သမာဓိကိုငါယုံတယ်...”

“မဟုတ်ဘူးသူငယ်ချင်း...မင်းတို့ငါတို့လို ပုထုဇဉ်တွေမပြောနဲ့အရိယာသူတော်စင်တွေတောင် မိန်းမကြောင့် ရှာန်လျောကြတာမင်းကြားဖူးတယ်မဟုတ်လား..ယောကျ်ားတွေ..မိန်းမတွေဘာကြောင့်ဖောက်ပြန်ကြတယ်ထင်သလဲမှတ်ထားတော့ကောင်...တဏှာကြောင့်ကွ...အဲဒါကိုအချစ်လေးဘာလေးတော့လာမပြောနဲ့..လူဆိုတာဖောက်ပြန်ဖို့အခြေအနေပေးရင်ဖောက်ပြန်ကြတာပဲ...”

ကျွန်တော်ပြုံးလိုက်မိသည်။သော်တာကဆက်ပြောသည်။

“နေ့စဉ်နှင့်အမျှ... အောက်ပိုင်းသေနေတဲ့ဇနီးအနားမှာ ဒီလိုခပ်လှလှခပ်တောင့်တောင့် မိန်းကလေးတစ်ယောက်ရှိနေရင် ကျန်းမာသန်စွမ်းတဲ့ယောကျ်ားဆိုတာ စိတ်လှုပ်ရှားလာလိမ့်မယ်...အဲဒီအခါမှာစိတ်အလိုကိုမထိန်းနိုင်ရင် အိမ်ထောင်ရေးတို့သွားထိခိုက်လိမ့်မယ်...နောက်ဆုံးတော့မျိုးပဲ နာကျင်ကြေကွဲရမှာ”

သည်တစ်ခါတော့ကျွန်တော်နာကျင်ကြေကွဲစွာခံစားရပါသည်။သော်တာပြောသည်တို့သည်အကြောင်းအကျိုးဆီလျော်ပါသည်။သည်အချက်တို့သည်စောဒကတက်စရာမရှိပါ။ကျွန်တော်နှင့်မျိုးကြားမှာ မည်သည့်ဆူးညှောင့်ခလုတ်မျှအဝင်ခံနိုင်ပါ။

ချစ်တို့သည်နှစ်ဖက်ဆုံမှသာချစ်တတ်ပါသလား။ကျွန်တော့်ဘက်ကချောင့်မတ်နေရုံနှင့်ပင် ပြီးပါရောလား။အိုးခြင်းထားလျှင်အိုးခြင်းထိသတဲ့။ကြိုးခြင်းထားလျှင်ကြိုးခြင်းငြိသတဲ့။ကျွန်တော့်ဆင်ခြင်တုံတရားသည်မည်မျှကောင်းမွန်ပါသနည်း။မည်မျှအတိုင်းအတာထိကိုဆင်ခြင်နိုင်ပါသနည်း။ကျွန်တော့်သမာဓိသည်

www.burmeseclassic.com



ညည်းမှုပြည့်စုံကောင်းမွန်ပါသနည်း။

"ဒီ့အိမ်ထောင်ရေးကိုတော့ဘယ်နည်းနဲ့မှ အဲထိမခံနိုင်ဘူးသော်တာ ကောင်မလေးကိုအလုပ်ပြန်ထုတ်လိုက်ရင်ကောင်းမလား..."

"အမှန်က...ကောင်မလေးကိုမင်းတို့ညအိပ်ညနေ နေခိုင်းလိုက်တာ ကိုက အမှားပဲ...တစ်နေ့လုံးမင်းမရှိတဲ့အချိန်မှာ သူဘယ်လိုနေနေပြဿနာမရှိဘူး ညဘက်ကျတော့ပြဿနာတွေရှိလာနိုင်တယ်သူငယ်ချင်း..."

"ဒီ့သဘောကတော့ ညလည်းမထားချင်တော့ဘူး...နေ့လည်းမထား ချင်တော့ဘူး...ဒါပေမယ့်..မျိုးကကောင်မလေးကိုအရမ်းခင်တွယ်နေရှာတယ်...နောက် ပြီးမင်းသိတဲ့အတိုင်းပဲ..မျိုးကအရမ်းသနားတတ်တာမဟုတ်လား...ငါလည်းဘာ လုပ်ရမှန်းကိုမသိတော့ဘူး..."

ထိုအခိုက်မှာပင်ကျွန်တော်တို့ရှိနေသည့်လက်ဖက်ရည်ဆိုင်သို့ဝင်းမိုး တလိုက်လာသည်။

"မင့် ရုံးကိုရောက်ခဲ့သေးတယ်...လက်ဖက်ရည်ဆိုင်သွားတယ်ဆိုလို့ လိုက်လာတာ...မင်းတို့ရောက်နေတာကြာပြီလား..."

သော်တာက ဝင်းမိုးကိုကျွန်တော်တို့ပြောနေသည့်အကြောင်းတွေပြော ပြလိုက်သည်။

"ရုပ်ရှင်ဇာတ်လမ်းတစ်ပုဒ်တော့ရပြီကွ...ဒါပေမယ့်..မင်းပြဿနာက သွယ်လေးပါကွာ...မင်းဆွေ...မင်းဟာကိုယ့်ကိုကိုယ်သစ္စာ သမာဓိရှိတဲ့ယောကျ်ား တစ်ယောက်လို့ထင်တယ်မဟုတ်လား...မင့်ဘက်ကစည်းစောင့်နေသရွေ့ဘာမှမ ဖြစ်နိုင်ဘူး..မျိုးဘက်ကကြည့်တော့လဲ..ကောင်မလေးကတကယ့်ကိုလိုအပ်တယ် တွ..ဒီတော့...မင်းလည်းပိုနေမြဲ..ကျားနေမြဲ..ဆက်သာနေ...ဒါဟာမင့်ကိုယ်ကျင့်တ ရားကိုစိန်ခေါ်နေတဲ့ပြဿနာပဲ..."

ဝင်းမိုး၏ဒါဟာမင့်ကိုယ်ကျင့်တရားကိုစိန်ခေါ်နေတဲ့ပြဿနာပဲဟူသော စကားသည်ကျွန်တော့်နားစည်မြေးကိုအရှိန်ပြင်းပြင်းနှင့်ရိုက်ခတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

အပေါ်ထပ်ရှိကွန်ပျူတာအလုပ်ခန်းမှာ ကျွန်တော်အလုပ်လုပ်နေမိပါသည်။ ယနေ့သည်တနင်္ဂနွေနေ့ဖြစ်ပြီး နေ့လယ်စာလည်းစားပြီးကြလေပြီ။မိုးကတော့ အခန်းထဲမှာသီချင်းနားထောင်နေ၏။ကွန်ပျူတာနှင့်နှစ်ချုပ်စာရင်းတွေကိုရေးဆွဲနေရင်းနှင့်ခဏကြာတော့ညောင်းလာသဖြင့်ဝရံတာသို့ ခဏထွက်ရပ်သည်။ဝရံတာမှ တစ်ခြံလုံးကိုလှမ်းမြင်နေရ၏။စင်ဒီယာသည်ရေကူးဝတ်စုံအနီရောင်လေးတစ်ထည် ဝတ်ထားပြီးခြံထဲကရေကူးကန်မှာရေကူးနေ၏။

မကြည့်မိအောင်သတိထားနေသည့်ကြားမှပင်သူမကိုကြည့်မိ၏။ထိုအခိုက် မှာပင်စင်ဒီယာက လည်းရေကူးကန်ထဲကတက်လာသည်။ကျွန်တော်အသက်ရှူဖို့ မေ့သွားမိပါသည်။သူမ၏ကိုယ်ခန္ဓာသည်လက်ရာမြောက်ပန်းပုရုပ်သဖွယ်ဖြစ်နေပါ သည်။ရှိုက်ကြီးဖိုငယ်အသွယ်သွယ်သည်တင့်တယ်လှပလွန်းနေသည်။သူမသည်စို နေသောဆံပင်တွေကိုလက်နှင့်သပ်ချနေရာမှ ကျွန်တော်လှမ်းကြည့်နေသည်ကို တွေ့သွားပါသည်။

ကျွန်တော်ရှက်လည်းရှက်၊ရင်တွေလည်းခုန်နေမိပြီးအိမ်ထဲသို့ ကမန်းက တမ်းပြန်ဝင်ခဲ့မိသည်။အလုပ်တွေကိုပြန်ဆက်လုပ်သော်လည်းအလုပ်ထဲမည်သို့မျှ အာရုံဝင်စားမရ။ကျွန်တော့်ကိုယ်ခန္ဓာသည်ပူလောင်နေလေ၏။အသက်ရှူသံတွေပြင်း နေလေ၏။

မည်သို့မျှစိတ်တွေကိုထိန်းချုပ်၍မရသဖြင့် ကွန်ပျူတာထဲကသီချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆံတိုးတိုးဖွင့်လိုက်သည်။သိပ်မကြာမီမှာပင် ကျွန်တော်စိတ်ပြန်ငြိမ်သွား၏။သို့နှင့်ဝင်အလုပ်လည်းဆက်မလုပ်ချင်တော့သဖြင့်ကွန်ပျူတာကိုပိတ်ကာအောက်ထပ်သို့ဆင်းခဲ့သည်။မျိုးသည်သီချင်းနားထောင်နေရာမှ ကျွန်တော့်ကိုပြုံးပြသည်။

"အလုပ်တွေပြီးပြီလားမောင်..."

"အင်း..."

"လာ..မျိုးအနားလာထိုင်..."

ကျွန်တော်မျိုးအနားကကုလားထိုင်မှာဝင်ထိုင်လိုက်သည်။

"အားတဲ့တစ်နေ့မျိုးကိုဆံပင်ညှပ်ဆိုင်မောင်လိုက်ပို့ဦး..ရှေ့ဘက်တဆံပင်တွေနည်းနည်းညှိချင်လို့..မောင်လည်းဆံပင်ညှပ်လိုက်ဦး...အတော်တောင်ရှည်နေပြီ..."

ထိုအခိုက်မှာပင်ကျွန်တော့်လက်ကိုင်ဖုန်းက အသံခပ်တိုးတိုးလေးမြည်လာ၏။မျိုးတို့အိမ်ကဖုန်း။ကျွန်တော်ဖုန်းကိုဖွင့်လိုက်သည်။

"သားလား...မေမေပါ..."

မျိုးမေမေ၏အသံ။အသံသည်ပြာလောင်ခတ်နေ၏။

"ဟုတ်ကဲ့မေမေ..ပြောပါ..."

"အနားမှာမျိုးရောရှိလား...အခုလေးတင် မျိုးဖေဖေ ရေချိုးခန်းမှာချော်လဲလို့ဆေးရုံတင်လိုက်ရပြီ..."

"ဗျာ..."

အဘွားကြီးသည်ရှိုက်သံတစ်ဝက်နှင့်ဆက်ပြောသည်။

"အခြေအနေကသိပ်မကောင်းဘူးသား...သွေးတိုးကြောင့်ဦးနှောက်သွေးကြောပြတ်သွားတာ...အခုတော့သတိလစ်နေတုန်းပဲ...အဲဒါသမီးလေးမျိုးတိုပါခေါ်ပြီးဆေးရုံကိုမြန်မြန်လိုက်ခဲ့ကြ...သမီးကိုတော့အတိအကျမပြောဘဲထိန်းပြီးပြောနော်...တော်ကြာ...စိတ်မထိန်းနိုင်ဘဲ..တစ်ခုခုဖြစ်သွားမှာစိုးလို့..."

"ဟုတ်ကဲ့ပါမေမေ..ကျွန်တော်တို့အခုချက်ခြင်းပဲလာခဲ့ပါ့မယ်..."

"ဘယ်ကလဲမောင်..."

ကျွန်တော်စိတ်ကိုငြိမ်ငြိမ်ထားလိုက်မိသည်။မျိုးကိုဖွင့်ဖွင့်လင်းလင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ရမည်လား။သူမခံနိုင်ရည်ရှိပါ့မလား။သို့သော်သူမ၏ဖခင်ကသတိမေ့နေတာဆိုတော့အခြေအနေကမဆိုးသေးဟုပြောရမလိုဖြစ်နေသည်။

"မျိုးဖေဖေ..ဆေးရုံတင်လိုက်ရတယ်တဲ့မျိုး...လာမောင်တို့မြန်မြန်လိုက်သွားကြရအောင်..."

မျိုးသည်ပတင်ခနဲတစ်ချက်ဖြစ်သွားပြီးချက်ခြင်းပင်မျက်ရည်တွေစို့လာ၏။

"ဒုက္ခပဲ...ဘယ်လိုလုပ်ကြမလဲ..အခုရောဘယ်လိုနေသေးလဲ..သက်သာတယ်တဲ့လား..."

ကျွန်တော်ပြန်မဖြေမိ။မျိုးသည်ရှိုက်ကြီးတငင်ငိုကြွေးလေတော့သည်။မျိုးငိုသံကြား၍စင်သီယာကအခန်းဝသို့ရောက်လာသည်။

"ဘာဖြစ်လို့လဲတင်...မမဘာဖြစ်လို့လဲ..."

"မျိုးဖေဖေဆေးရုံတင်လိုက်ရလို့...အဲဒါတို့လိုက်သွားလိုက်ဦးမယ်-အိမ်ကိုသေသေချာချာကြည့်ထား...ဓါတ်စ္စရှိရင် ဖုန်းလှမ်းဆက်လိုက်...ကဲ..ထ..မျိုးမောင်တို့လိုက်သွားကြရအောင်..."

ကျွန်တော်တို့လင်မယားအိမ်မှခပ်သွက်သွက်ပင်ဆေးရုံသို့ထွက်ခဲ့၏။မျိုးသည်ကားပေါ်၌လည်းငိုလေ၏။မျိုး၏ပိုးချဲလေးကိုလည်းကားပေါ်မှာခေါက်ကာယူလာခဲ့သဖြင့်ဆေးရုံရောက်သောအခါသူမကိုပိုးချဲပေါ်အသာဖေ့တင်ပြီးအထဲသို့တွန်းကာ သွားသည်။

မျိုးဖေဖေ၏အခန်းရှေ့တွင်ဆရာဝန်၊ဆရာမတွေဝိုင်းနေပြီးမျိုးဖေဖေအသက်ရှုရပ်သွားသဖြင့်အသက်ရှုကိရိယာတွေအကူအညီနှင့်အသက်ပြန်ရှုအောင်လုပ်ပေးနေကြခြင်းဖြစ်ပါသည်။ဆရာဝန်ကြီးသည်လူနာကိုအကြောဆေးတစ်ချို့သွင်းသည်။ခဏအကြာတွင်ဆရာဝန်ကြီးက လူနာ၏မျက်လုံးသူငယ်အိမ်ကိုလက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်လိုက်ပြီးခေါင်းခါလိုက်၏။

"မရတော့ဘူး...ဆုံးသွားပြီ..."

မျိုးသည်စူးစူးဝါးဝါးတစ်ချက်အော်လိုက်ပြီးဝှီးချဲပေါ်မှာပင်လဲကျသွား၏။မျိုးမေမေ၏ငိုသံကလည်းကျယ်လောင်စွာထွက်လာသည်။

"မျိုးသတိထားလေ..."



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာ မှာမျိုးပြန်သတိရလာပြီး သူ့ဖခင်ကိုကြည့်ချင်သည်ဆိုသဖြင့်တွန်းလှည်းလေးကိုအသာတွန်း၍ကုတင်နားသို့ ပို့ပေးရသည်။

"ဖြစ်မှဖြစ်ရလေဖေဖေရယ်...သမီးဖေဖေ့အသက်ကိုတောင်မမီလိုက်ဘူး..မေမေ..ဖေဖေ့ကိုကြည့်ပါဦး..."

ထို့နောက်မှာတော့အလောင်းကိုထုတ်ပိုးမသိမ်းဆည်းမီ ကျွန်တော်တို့တန်တော့ကြသည်။ပြီးတော့ဆောင်ရွက်သင့်သည်တို့ကိုဆက်လက်ဆောင်ရွက်ရန်အတွက် ကျွန်တော့်သူငယ်ချင်းတွေဆီသို့ ဖုန်းဆက်ရလေသည်။ဆေးရုံမှာလုပ်စရာရှိတာတွေလုပ်နေဆဲမှာပင်ဖေဖေ၊မေမေနှင့် သော်တာတို့ရောက်လာကြသည်။အားလုံးပြီးစီး၍ဆေးရုံမှကျွန်တော်တို့ထွက်လာခဲ့သည့်အခါညနေပင်စောင်းနေလေပြီ။

ကျွန်တော်တို့သည်မျိုးတို့အိမ်ကိုသွားကြ၏။

"မောင်...မျိုး..ဖေဖေ့ရက်လည်ပြီးတဲ့အထိ...ဒီမှာပဲနေမယ်..."

"မောင်လည်း...မျိုးနဲ့အတူဒီမှာပဲနေမယ်..."

"သားတို့အိမ်ကိုရောစိတ်ချရရဲ့လား...မကြာမကြာတော့သွားကြည့်ဦး"

"ဟုတ်ကဲ့ဖေဖေ...အိမ်ကိုစိတ်ချရပါတယ်...ဒေါ်တာဘ်လည်းရှိတာပဲ..."

"အေးလေ..ဘာပဲဖြစ်ဖြစ်...သတိတော့ထား...လက်ဝတ်ရတနာနဲ့ မိုတ်ဆံတွေတော့..ဖေဖေတို့ဆီမှာဖြစ်ဖြစ်..ဒီမှာဖြစ်ဖြစ်ခဏရွှေ့ထားပေါ့...အလုပ်အတွက်လည်းသိပ်စိတ်မပူနဲ့..ဖေဖေလုပ်ထားလိုက်မယ်..."

သေခြင်းတရားသည်မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာရောက်ရှိလာခြင်းမှာအံ့ဩစရာလည်းကောင်းပြီး၊တရားကျစရာလည်းကောင်းပါသည်။နံနက်ပိုင်းကမျိုးဖေဖေသည်သူ့ကိုယ်သူသေမည်ဟုထင်ထားလိမ့်မည်မဟုတ်ပါ။အကောင်းပကတိဖြင့်နံနက်စာကိုပင်ကောင်းမွန်စွာစားပါသည်တဲ့။

မျိုးတို့အိမ်ရှေ့ကို ကန့်ဖျင်းထိုက်ကြပြီးရပ်ကွက်လူကြီးတစ်ချို့လည်းရောက်လာခါသတင်းလာမေးရင်းလိုအပ်သောအကူအညီတွေပေး‌ကြ၏။

ညခုနစ်နာရီထိုးသောအခါ အိမ်ကိုစိတ်မချသဖြင့် ကျွန်တော်ပြန်ခေါ်လိုက်မိပါသည်။ဖုန်းကိုစင်သီယာကလာကိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလား..စင်သီယာပါ..အခြေအနေဘယ်လိုလဲဟင်..."

"လူနာကဆုံးသွားပြီ...တို့တွေအခုမျိုးအိမ်မှာရောက်နေတယ်...ဝါရေးမျိုးပါ...ဒီမှာရက်လည်ပြီးတဲ့အထိနေမယ်...အဲဒါအိမ်ကိုဒေါ်ဟသာ်နဲ့တိုင်ပင်ပြီးစောင့်ရှောက်ထား...ဘယ်လူစိမ်း..ဘယ်ဧည့်သည်ကိုမှ ခြံတံခါးပေးမဖွင့်နဲ့...ညဆိုလည်း အိမ်တံခါးတွေသေသေစစ်ပြီးမှအိပ်...အရေးအကြောင်းရှိလည်းဖုန်းဆိုဖုန်းဆက်...ဖုန်းနံပါတ်တွေက တယ်လီဖုန်းဘေးကဖုန်းစာအုပ်ထဲမှာ..."

"တုတ်ကဲ့အစ်ကို...အိမ်အတွက်စိတ်ချပါ..."

စင်သီယာကိုမှာစရာရှိတာတွေမှာပြီးသောအခါစိတ်နည်းနည်းအေးသွားသည်။မျိုးဒေါ်ဦးလေးအန်ကယ်ဦးပီတာ သဘော်ပြန်မထွက်ဖြစ်သေးသည်မှာအဆင်ပြေသွားသည်။အန်ကယ်ဦးပီတာက လည်လည်ဝယ်ဝယ်ရှိသဖြင့်ကိစ္စအတော်များများကိုသူကပင်တာဝန်ယူလေသည်။ပြီးတော့သူ့မိတ်ဆွေတွေကလည်းမနည်းပါ။

နောက်တစ်နေ့နံနက်တွင်မျိုးက အိမ်ကိုစိတ်မချဟုဆိုကာကျွန်တော့်ကိုခထပြန်လွှတ်သည်။

"မျိုးအဝတ်အစားနည်းနည်းလည်းယူလာပေး..နောက်ပြီးမောင့်အတွက်အဝတ်အစားရော...စင်သီယာနဲ့ဒေါ်ဟသာ်ကိုလိုအပ်မယ်ထင်တာတွေသေသေချာချာမှာခဲ့...နောက်ပြီး..ဒေါ်ဟသာ်မှာဈေးဖိုးနည်းနေပြီ...ဈေးဖိုးလုံလုံလောက်လောက်ပေးခဲ့..လျှပ်စစ်မီးခလုတ်တွေ...ဂက်စ်အိုးခလုတ်တွေလည်းသေသေချာချာပိတ်လို့ပြော..သူခိုးဓားပြရန်လည်းဂရုစိုက်လို့...ပိုက်ဆံတွေနဲ့လက်ဝတ်ရတနာတွေကိုတော့ မီးခံသေတ္တာထဲသာထည့်ခဲ့...စင်သီယာအတွက်ဒီလ..လစာမပေးရသေးဘူး..တစ်ခါတည်းပေးခဲ့..."

မျိုးကတတကယ့်ကိုစေ့စေ့စပ်စပ်ကိုမှာပါသည်။ကျွန်တော်လည်းအသုဘအိမ်မှာအလုပ်တွေများနေသူတွေကြားမှာမျိုးကိုသိပ်စိတ်မချသဖြင့်အိမ်သို့ခပ်သွက်သွက်ကားမောင်းခဲ့သည်။ခြံရှေ့ရောက်သော်ကားဟွန်းသံတစ်ချက်ပေးလိုက်သော်လည်းမည်သူမျှထွက်မလာသဖြင့် ကျွန်တော့်မှာရှိသောခြံတံခါးသော့နှင့်ပင်ဖွင့်ဝင်ပြီးကားကိုဆင်ဝင်အောက်မှာရပ်လိုက်သည်။

စင်သီယာနှင့်ဒေါ်ဟသာ်မီးဖိုထဲမှာပင်ရှိလိမ့်မည်ထင်သဖြင့်လူခေါ်ခေါ်င်း

www.burmeseclassic.com



လောင်းကိုမနှိပ်တော့ဘဲ။ကျွန်တော့်သော့ဖြင့်သာအထဲသို့ဝင်ခဲ့သည်။ထို့နောက် ကျွန်တော်လည်းအခန်းထဲ သို့ခပ်မြန်မြန်ဝင်ကာ ဘီရိုထဲကငွေတွေနှင့်လက်ဝတ် ရတနာတွေကိုမီးခံသေတ္တာထဲပြောင်းထည့်ကာသော့ခတ်ရ၏။ထိုအခိုက်မှာပင်ဖေဖေ့ ထံကဖုန်းကဝင်လာသည်။

"သား...အိမ်ရောက်နေပြီလား...အဲဒါဆိုမနစ်က နှစ်ချုပ်စာရင်းနဲ့ ဆွဲလက် စ ဒီနှစ်စာရင်းရယ်ကိုယူလာခဲ့...ဖေဖေ့ဆီလာပို့စရာမလိုဘူး...ဖေဖေညနေကျမှ ဝင်ယူမယ်..."

ကျွန်တော်လည်း ဘီရိုထဲကကျွန်တော့်အဝတ်အစားတချို့နှင့်မိုး၏အ ဝတ်အစားအချို့ကိုဆွဲထုတ်ပြီးသားရေအိတ်ပျော့တစ်ခုထဲထည့်လိုက်ပြီးနှစ်ချုပ် စာရင်းများယူရန် အပေါ်ထပ်သို့တက်သည်။ကျွန်တော့်အလုပ်ခန်းနားမရောက်မီ စင်သီယာ၏အခန်းဘေးမှဖြတ်သွားရသည်မို့ အခန်းထဲသို့ အမှတ်မထင်ကြည့်လိုက် မိသည်။

အခန်းထဲက ခုတင်မှာ စင်သီယာအိပ်မောကျနေ၏။မိန်းမတစ်ယောက်၏ ဇာတိအလှအပများ။လှပဖွံ့ပြိုးသော၊ကျန်းမာသန်စွမ်းသောမိန်းမတစ်ယောက်၏ အလှအပများ။ကျွန်တော့်ရင်သည်တထိတ်ထိတ်ခုန်လာ၏။အကြည့်ကိုကမန်းကတမ်း ရုတ်၍ကျွန်တော့်အလုပ်ခန်းထဲဝင်ခဲ့သည်။နှစ်ချုပ်စာရင်းဖိုင်ကိုရှာနေသောကျွန်တော့် လက်တွေသည်တဆတ်ဆတ်တုံနေ၏။

ထိုအခိုက်မှာပင် ဘောလ်ပင်ထည့်သည့်ခွက်သည်ကျွန်တော့်လက်နှင့် တိုက်မိပြီးအောက်သို့ပြုတ်ကျသွားသည်။တိတ်ဆိတ်နေသောအခန်းဖြစ်သဖြင့်အ သံသည်အတော်ကျယ်ပါသည်။ပြန့်ကျဲနေသောဘောလ်ပင်တွေကိုလိုက်မကောက် မိသေးဘဲ ဖိုင်ကိုရှာရ ဇက္ကသွားသဖြင့်အသာဆွဲယူလိုက်သည်။

"ဪ...အစ်ကိုရောက်နေတာကိုး...ဒီအခန်းထဲကအသံကြားလို့ စင် သီယာထ လာတာ..."

စင်သီယာသည်အခန်းဝတံခါးကိုကန့်လန့်ကာ ရပ်နေသည်။ ...င် တိုကရိုအဝတ်အစားကပိုကရိုနှင့်သဏ္ဌာန်သည်တင့်တယ်နေ၏။...နှင့်ရှိုးသော ဆတ်ဆတ်တင့်တယ်သောအလှကြောင့်ကျွန်တော့်ရင်ခုန်သံတွေမြန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဝတ်အစားတွေနဲ့ ဗိုင်တစ်ဗိုင် အရေးကြီးလို့ လာယူတာ..ဒေါ်ဟင်္သာရော..."

"ဈေးသွားတယ်အစ်ကို..."

မြတ်စွာဘုရား။တစ်အိမ်လုံးမှာ သူမနှင့်ကျွန်တော်နှစ်ယောက်ထဲပါကလား။ ကျွန်တော်အာခေါင်တွေခြောက်လာသည်။စင်သီယာသည်အခန်းထဲသို့ တဖြည်းဖြည်း လှမ်းဝင်လာသည်။သူမနှင့်ကျွန်တော်အလွန်ပင်နီးကပ်နေလေပြီ။သူမသည်ကျွန်တော့် မျက်နှာကို နူးညံ့စွာမော့ကြည့်သည်။နုတ်ခမ်းလွှာသည်စိုပြေတင်းမို့ လျက်ရှိပြီးမတ တတဖြစ်နေ၏။

သူမကိုယ်မှသင်းပျံ့သောကိုယ်သင်းနံ့ကိုပင်ကျွန်တော်ရှူရှိုက်မိနေလေ ပြီ။အလွန်နီးကပ်နေသောအနေအထား၌ပင်သူမသည်အလွန်ပင်လှပကြောင်းသတိ ပြုမိပြန်လေသည်။စင်သီယာကကျွန်တော့်အနားမှာထိုင်ချလိုက်ပြီး အောက်မှာပြန့် ကျဲနေသော ဘောလ်ပင်များကိုတစ်ချောင်းစီလိုက်ကောက်၍ခွက်ထဲသို့ပြန်ထည့် ပေးသည်။

"မင်းအတွက်...လစာနဲ့ ဒေါ်ဟင်္သာအတွက်ဈေးဖိုးပေးခဲ့မယ်...ရော့.."

ကျွန်တော့်အသံသည်ခြောက်ကပ်ကပ်ဖြစ်နေ၏။ပိုက်ဆံတွေကိုလှမ်းယူ သော စင်သီယာ့လက်နှင့်ထိမိသောအခါကျွန်တော်ရင်တွေခုန်လာပြန်သည်။ကျွန် တော်တတုန့်တယင်နှင့်ပင် အောက်ထပ်သို့ဆင်းခဲ့ရာ စင်သီယာကလည်းနောက် ကလိုက်ဆင်းလာသည်။

ထိုအခိုက်မှာပင်ဒေါ်ဟင်္သာက မီးဖိုဆောင်ဘက်ကထွက်လာသဖြင့်ကျွန် တော်တို့နှစ်ယောက်ကိုတွေ့သွားသည်။သူမ၏မျက်နှာသည်တစ်စုံတစ်ခုကိုတွေး မိတန်ဖြင့်မျက်မှောင်ကုတ်သွားသည်။ကျွန်တော်တို့နှစ်ယောက်အပေါ်ထပ်မှရှေ့ဆင့် နောက်ဆင့် ဆင်းလာသည်ကိုငှင်း၊စင်သီယာ၏အဝတ်အစားတွေကပိုကရိုဖြစ်နေ သည်ကိုငှင်း၊ဒေါ်ဟင်္သာသည်မသိမသာအကဲခတ်နေ၏။

သူမ၏စိတ်ထဲတွင်ကျွန်တော်တို့နှစ်ယောက်ကိုမသင်္ကာဖြစ်သွားလေမ လား။

"ဒေါ်ဟင်္သာဈေးသွားနေတာလား...ဈေးဖိုးကိုကျွန်တော်စင်သီယာ့ဆီ



www.burmeseclassic.com

www.burmeseclassic.com



မှာပေးထားခဲ့တယ်...”

ပိုဆိုးသွားလေတော့သည်။ဒေါ်ဟာသီသည်ကျွန်တော့်စကားကိုအဓိပ္ပါယ်တလွဲတွေးမိဟန်တူပါသည်။အရေးထဲစင်သီယာကလည်းအိပ်ရာမှနိုးကာစမို့ဆံကေသာတွေကပွထနေပြီးအကျီအဝတ်အစားတွေကတွန့်ကြေနေပြီးကပိုကတရိဖြစ်နေ၏။နောက်ပြီးသူမ၏အဝတ်အစားကညဝတ်အကျီ။

စိတ်ထဲမှာညစ်ညူးစွာဖြင့်ပင် အဝတ်အစားအိတ်တွေကိုကောက်ယူကာကားပေါ်သို့တင်ပြီးအိမ်မှထွက်လာခဲ့သည်။ကျွန်တော့်အတွက်ပြဿနာ။ရက်တမလွတ်သေးပါ။ကားသည်ကျွန်တော့်အိမ် မှထွက်လာပြီးဆယ်မိနစ်လောက်အကြာမှာဆီကုန်သွားလေတော့သည်။ကျွန်တော်တို့နေသောရပ်ကွက်မှာဆိတ်ငြိမ်ရပ်ကွက်ဖြစ်ပြီး ခြံတွေကလည်းတစ်ခြံနှင့်တစ်ခြံအတော်ဝေးသည်။

သည်လိုနေရာမျိုးမှာဆီဝယ်ဖို့မလွယ်ပါ။ကျွန်တော်အသံတစ်ချက်ထွက်ပြီးဆဲလိုက်မိသည်။အဝတ်အစားနည်းနည်းနှင့်ဗိုင်လေးတစ်ဗိုင်ပြန်ယူတာအတွက်ကြာသင့်သည့်အချိန်ထက်ပိုကြာနေလျှင် ကျွန်တော့်အပေါ်မျိုးတစ်မျိုးထင်သွားနိုင်ပါသည်။

ကျွန်တော်လည်းမျိုးဆီသို့အကျိုးအကြောင်းပြောပြရန်အိတ်ထဲကဖုန်းကိုစမ်းလိုက်သည်။သို့သော်ကျွန်တော့်လက်ကိုင်ဖုန်းကအိတ်ထဲမှာရှိမနေပါ။အထည့်များပြီးအဝတ်အစားအိတ်ထဲရောပါသွားသလားစဉ်းစားမိပြီးအဝတ်အစားအိတ်တွေထဲမွှေနှောက်ရှာကြည့်သော်လည်းမတွေ့ပါ။ပြဿနာတွေကမနည်းလှပါလား။

ဖုန်းက အပေါ်ထပ်ကအခန်းထဲမှာကျန်ခဲ့တာလား။အောက်ထပ်ကကျွန်တော်တို့အခန်းထဲမှာကျန်ခဲ့တာလား။ဖေဖေ ဖုန်းဆက်တုန်းကပြန်ပြောမိသေးသည်ပဲ။နောက်တော့ကျွန်တော့်အိတ်ထဲပြန်မထည့်မိဘဲ။စားပွဲပေါ်ပဲလှမ်းတင်မိသလား။ဘီရိုထဲပဲထည့်လိုက်မိသလား။အိမ်ကိုပြန်ယူဖို့ကလည်းအိမ်နှင့်အတော်ဝေးဝေးကိုရောက်နေလေပြီ။

အိမ်တစ်အိမ်ကိုဝင်၍အကူအညီတောင်းပြီးမျိုးဆီအကျိုးအကြောင်းမှာပြရမလား။ကုန်သွားသောဆီအတွက်ဆီပင်လိုက်ဝယ်ရမည်လား။ကျွန်တော်ဘာဆက်လုပ်ရမှန်းမသိ။ထိုအခိုက်မှာပင်လမ်းတွေ့တစ်ခုမှဆိုက်ကားတစ်စီးတွေ့တွေ့



www.burmeseclassic.com

www.burmeseclassic.com



လာသဖြင့်ကျွန်တော်လှမ်းခေါ်မိသည်။

"ကျွန်တော့်ကားဆီကုန်သွားလို့ဗျာ...အဲဒီနားမှာ ဆီရောင်းတဲ့နေရာများမရှိဘူးလား..."

"ဒီနားမှာတော့မရှိဘူးဆရာ...ဒါပေမယ့် ရှေ့ကလမ်းဆုံနားမှာတော့ရှိတယ်...ဆရာ့ကားက..ဒီဇယ်လား..ဓါတ်ဆီလား..."

"ဒီဇယ်..."

"ကျွန်တော်သွားဝယ်ပေးရမလား..."

"အေးဗျာ...ကျေးဇူးပဲ..ရော့..ဒါကဆီဖိုး..ဒါကခင်ဗျားအတွက်ဆိုက်ကားခ..တစ်ဂါလံလောက်ပဲ..."

ဆိုက်ကားဆရာသည်ကျွန်တော်ပေးသောပိုက်ဆံကိုယူပြီးဆိုက်ကားကိုခပ်သွက်သွက်နင်းသွားလေတော့သည်။ကျွန်တော်လည်းကားထဲပြန်ဝင်ထိုင်ကာဆိုက်ကားဆရာကိုစောင့်ရင်းစောစောကကိစ္စကိုဆက်တွေးမိပြန်သည်။စင်သီယာနှင့်ကျွန်တော့်ကိုဒေါ်တာသော်အထင်လွဲသွားပုံတော့ရသည်။သို့သော်သိပ်တော့စိုးရိမ်စရာမရှိပါ။ကျွန်တော်တို့ဖြူစင်ခဲ့ကြသည်ပဲ။

သို့သော်ယခုလိုကားဆီကုန်ပြီးမျိုးဆီလည်းဆက်သွယ်မရသည့်အခြေအနေမျိုးတွေရော ကျွန်တော်တို့အပေါ်အထင်မလွဲနိုင်ဘူးလား။ကျွန်တော့်အတွက်အတော့်ဒေါ်တာသော်အထင်လွဲမှာထက် မျိုးအထင်လွဲမှာကိုပိုစိုးရိမ်သည်။သော်တာပြောခဲ့သည့် အဲဒီကောင်မလေးတာ မင်းတို့အိမ်ထောင်ရေးမှာဆူးညှောင့်ခလုတ်ဖြစ်လာနိုင်တယ်ဆိုသောစကားသည် မှန်နေပြီလားမသိပါ။

ကျွန်တော်သက်ပြင်းတစ်ချက်ချလိုက်မိသည်။နွေဦးဝင်လာပြီဖြစ်သဖြင့်နေကတစ်စထက်တစ်စပူလာသည်။ဆိုက်ကားသမားဆီသွားဝယ်သည်မှာဆယ့်ငါးမိနစ်ကျော်လာလေပြီ။ယခုထိပြန်မရောက်လာသေး။ဆီများဝယ်မရသဖြင့်လိုက်လံရှာဖွေဝယ်ယူနေခြင်းပင်လော။သို့တည်းမဟုတ် ဆီထည့်စရာမရှိသဖြင့် ထည့်စရာလိုက်ရှာနေရ၍ပင်လော။ သို့တည်းမဟုတ် အချောင်ရသောပိုက်ဆံအလွက်ဆီလည်းသွားမဝယ်တော့ဘဲလစ်ပြေးသွားလေပြီလော။

ကျွန်တော်စိတ်မသက်မသာနှင့် ဆဲလိုက်မိပြန်သည်။ကားတံခါးဖွင့်ကာ

www.burmeseclassic.com



ဆင်းလိုက်ရင်းအနီးပတ်ဝန်းကျင် ကိုတစ်ချက်လှေ့လာလိုက်သည်။ကျွန်တော်နှင့် အနီးဆုံးနေရာမှာခြံဝင်းနီနီနှင့်အိမ်ကြီးတစ်အိမ်ကိုတွေ့လိုက်ရသဖြင့်အကူအညီ တောင်းရန် ထိုခြံကြီးဆီသို့လျှောက်သွားလိုက်မိသည်။လူခေါ်ခေါင်းလောင်းကိုနှိပ် လိုက်သော်လည်းအထဲက တစ်ယောက်မှထွက်မလာသဖြင့်ခပ်ကြာကြာဆက်နှိပ် ထားလိုက်တော့မှ ခြံထဲကလူတစ်ယောက်ထွက်လာသည်။

"ကျွန်တော့်ကားဆီကုန်သွားလို့...အဲဒီဆီများနည်းနည်းရနိုင်မလား နောက်ပြီး..ဖုန်းဆက်လို့ရရင်ဖုန်းလည်းခဏဆက်ချင်လို့ပါ..."

"ခဏနော်...ကျွန်တော်သွားမေးလိုက်ဦးမယ်..."

ထိုလူသည်အထဲပြန်ဝင်သွားပြီးအတော်နှင့်ပြန်ထွက်မလာ။ကျွန်တော် လည်းချွေးတွေပြန်နေလေပြီ။ခဏလောက်ကြာမှစောစောကလူကပြန်ရောက်လာ၏။

"အိမ်က ကားကလည်းအပြင်ထွက်သွားလို့ဆီတော့မရနိုင်ဘူးဗျ— တယ်လီဖုန်းတော့ဆက်ချင် ဆက်လို့ရပါတယ်..."

ကျွန်တော်လည်း မျိုး၏လက်ကိုင်ဖုန်းသို့အလောသုံးဆယ်နှင့်ဖုန်းခေါ် လိုက်မိသည်။ဖုန်းခေါ်နေသော်လည်းသတ်မှတ်ချိန်အတွင်းပြန်မဖြေဘဲ။နောက်မှ ထပ်ခေါ်ဖို့အလိုအလျှောက်ဖုန်းပြောကြားစက်ကဖြေလေ၏။မျိုး၏ဖုန်းကသူမနှင့်အ တူမရှိဘဲ။ကျွန်တော်တို့အခန်းထဲမှာပင်ကျန်နေခဲ့ဟန်တူသည်။မနေ့ကအရေးတ ကြီးဆေးရုံထသွားလိုက်ကြသဖြင့်ဖုန်းကိုပါမေ့ထားခဲ့ပုံရသည်။

ဘယ်လိုလုပ်ရမလဲ။မျိုးမိဘတွေအိမ်ဖုန်းသို့လည်းကျွန်တော်ဆက်လှေ့ ဆက်ထမရှိသဖြင့်ဖုန်းနံပါတ်ကိုမမှတ်မိ။အန်ကယ်ဦးပိတာ၏ဖုန်းနံပါတ်ကလည်း ကျွန်တော့်ဖုန်းထဲမှာသာရှိသဖြင့် အခက်တွေ့နေမိပြန်သည်။နောက်ဆုံးတော့မျိုး အိမ်ကဖုန်းကိုပင်ပြန်စဉ်းစားပြီးဂဏန်းတွေကိုနှိပ်လိုက်သည်။

"ဟဲလို...ကျွန်တော်မျိုးနဲ့စကားပြောချင်လို့ပါ..."

"ဘယ်ကမျိုးလဲ..."

"မျိုးလေ...မျိုးမြင့်မြင့်မြတ်..."

"ဒီမှာ အဲဒီနာမည်မရှိဘူး..."



www.burmeseclassic.com

www.burmeseclassic.com



"အခု ပြောနေတာ..အန်ကယ်ဦးပီတာမဟုတ်လား..."

"ကိုယ့်လူဘယ်ကိုဆက်နေတာလဲ..."

"ကျွန်တော်..အသုဘအိမ်ကိုဆက်နေတာ..."

"မင်း..မိုက်ရိုင်းလှချည်လား...ဒီမှာဘာအသုဘမှမရှိဘူး..."

ကျွန်တော် စောစောကနှိပ်လိုက်သည့်ဖုန်းနံပါတ်ကိုပြန်ရွတ်ပြလိုက်သည့်အခါတစ်ဖက်ကလူက...

"ဖုန်းဆက်ရင်လည်းဖုန်းနံပါတ်လေးတော့မှန်အောင်နှိပ်တတ်အောင်ကျင့်ထားဦးကိုယ့်လူ.."

"တ...ခင်ဗျားဘယ်လိုကောင်လဲ..စကားပြောတာမာရေကျောရေနိုင်လှချည်လား...ဘာကောင်မို့ခင်ဗျားဒီလောက်ရင့်နေရတာလဲ..."

"မင်းတရော..ဘာကောင်လဲ..."

တစ်ဖက်ကကျွန်တော့်ကိုဆဲပြီးဖုန်းချသွားသည်။ကျွန်တော်လည်းမျိုးတို့အိမ်ကဖုန်းနံပါတ်ကိုနောက်တစ်ကြိမ်နှိပ်လိုက်မိပြန်သည်။

"တဲလို...မျိုးလား..."

"ကိုယ့်လူ အခုထက်ထိ ဖုန်းနံပါတ်မှန်အောင်မနှိပ်တတ်သေးဘူးလား"

ကျွန်တော်စိတ်ပေါက်ပေါက်နှင့်ခပ်ကျယ်ကျယ်ဆဲချလိုက်သည်။

"မင့်အမေ××××××"

တစ်ဖက်ကကောင်ကလည်း မရှေ့သဲမြန်ဆဲသည်။

"မင့်နမ×××××"

သုံးလေးခွန်းလောက်ကျွန်တော်ဆက်တိုက်ဆဲချလိုက်ပြီးကျွန်တော်ဖုန်းကိုပြန်ချလိုက်ရာ ကျွန်တော့်ဘေးမှရပ်စောင့်နေသောအစောင့်သည်ကျွန်တော့်ကိုမျက်လုံးကြီးပြူး၍ကြည့်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၉ )

ရက်လည်ဆွမ်းကျွေးပြီးသည့်နေ့မှာပင်ကျွန်တော့်အတွက်စိတ်ညစ်စရာတွေစပြီးဖြစ်ပေါ်လာခဲ့ရပါသည်။တိုတစ်နေ့ကအိမ်သို့ကျွန်တော်ပြန်ပြီးအဝတ်အစားတွေယူသည့်နေ့ကပြန်ရောက်သင့်သည့်အချိန်ထက် များစွာနောက်ကျခဲ့ရသဖြင့် မျိုးကမျက်နှာသိပ်မကောင်းပါ။ မောင်ကြာလှချည်လားတုတစ်ခွန်းသာမေးပါသည်။

ကျွန်တော်ကလည်း အပြန်မှာကားကသီကုန်သွားသဖြင့် ကြာနေခြင်းဖြစ်ကြောင်း မျိုးထံသို့ဖုန်းဆက်သေးကြောင်း သို့သော်ဆက်၍မရကြောင်းပြန်ပြောခဲ့သော်လည်းမျိုး၏မျက်နှာတွင် ဘဝင်မကျဟန်တချို့ကိုတွေ့ရပါသည်။

တကယ်က ကျွန်တော်ဖုန်းနံပါတ်များနှိပ်ခြင်းသာဖြစ်ပါသည်။ကျွန်တော်ညည်သည့်ဖုန်းနံပါတ်ကိုမျှ သိပ်မမှတ်မိပါ။ဒါကလည်းလက်ကိုင်ဖုန်း ကိုင်သူတွေရဲ့ထုံးစံပါဘဲ။ကိုယ်ဆက်ချင်သော ဖုန်းအဆက်များသောဖုန်းတွေကိုဖုန်းထဲမှာထည့်ထားပြီးဆက်ခါနီးမှ ဖုန်းကိုဖွင့်၍ရှာပြီးဆက်လိုက်လျှင်ပြီးပြီ။မည်သည့်ဖုန်းနံပါတ်မှအလွတ်ရနေစရာမလိုပါ။

ထိုနေ့ကမျိုးတို့အိမ်ဖုန်းကိုမည်သို့မျှပြန်စဉ်းစားမရတော့သဖြင့်ဖေဖေ့ဆီသာဖုန်းလှမ်းခေါ်ရလေတော့သည်။

"ဖေဖေ...ကျွန်တော်ပါ...ကျွန်တော့်ကားသီကုန်သွားလို့ဖေဖေ...အခု



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ရပ်ကွက်ထဲက မြဲတစ်ခြံကဆက်နေတာ..အရေးထဲကျွန်တော့်ဖုန်းက လည်းအိမ်မှာကျန်ခဲ့တယ်...အဲ့ဒီနားမှာဆိုလည်းဘယ်မှရှာမရဘူး..."

"အခုထိ သားအိမ်ပြန်မရောက်သေးဘူးကိုး...အေးအေး..ဖေဖေတစ်ယောက်လွှတ်လိုက်မယ်...သားရောက်နေတဲ့နေရာပြော...."

ကျွန်တော်ရောက်နေသည့်နေရာကိုပြောပြလိုက်ရာဖေဖေက....

"အေးအေး...အဲဒီမှာပဲစောင့်နေ...နှစ်ချုပ်တရင်းဖိုင်ကိုလည်း ဖေဖေ့ဆီထည့်ပေးလိုက်...တုတ်ပြီလား..."

တော်တော့်တော်ပါသေးသည်။နောက်ထပ်နာရီဝက်လောက်အကြာမှာ ကျွန်တော်တို့ရုံးကမောင်စောအေးဆိုသည့်ချာတိတ်ကလေး ဆိုင်ကယ်တစ်စီးနှင့်ရောက်လာသည်။မျိုးကိုကျွန်တော်ကြုံတွေ့ခဲ့ရသည်တို့ကို ပြည့်ပြည့်စုံစုံပြောပြလိုက်သော်လည်းသူမသည်မည်သည့်ထင်မြင်ချက်မျှမပေးပါ။

သို့သော်မျိုး၏မျက်နှာ၌အရိပ်အယောင်တချို့ယှက်သန်းလျက်ရှိပြီးသူမ၏စိတ်ထဲ၌မည်သည့်အကြောင်းအရာတွေရှိနေသည်ကိုကျွန်တော်မသိနိုင်ပါ။ထိုရက်များအတွင်းမျိုးသည်မည်သူ့ကိုမျှစကားသိပ်မပြောပါ။သည်လိုနှင့်ပင် မျိုးဖေဖေ၏ရက်လည်ဆွမ်းကိစ္စပြီးစီးခဲ့ရသည်။ထိုနေ့ညနေတွင်ဝိုးချဲလေးပေါ်မှာငြိမ်ငြိမ်သက်သက်လေးထိုင်နေသည့် မျိုးအနားသို့ကပ်သွားခဲ့ပြီး...

"မျိုး...."

မျိုးသည်ကျွန်တော့်ကိုမကြည့်ဘဲ ပြတင်းပေါက်မှတဆင့်အပြင်သို့သာကြည့်နေ၏။

"စိတ်ပြေလက်ပျောက်...ဒီမှာပဲဆက်နေချင်သေးလား...ဒါမှမဟုတ်အိမ်ကိုပဲပြန်ကြမလား..."

"မျိုး...ဒီမှာပဲဆက်နေမယ်..မောင်..."

"အင်းလေ..တစ်ပတ်ဆယ်ရက်လောက်တော့ဆက်နေချင်လည်းနေပေါ့..."

"တစ်ပတ်မဟုတ်ဘူး...မျိုးဒီမှာပဲ...အမြဲနေတော့မယ်...."

ကျွန်တော့်ရင်ထဲဒိတ်ခနဲဖြစ်သွားပြီးမျိုးမျက်နှာကိုဖျတ်ခနဲကြည့်လိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။မျိုး၏မျက်နှာသည်တည်ငြိမ်နေလေ၏။

"ဒီမှာပဲအမြဲနေလို့တော့မဖြစ်ဘူးမျိုး…မျိုးနဲ့မောင်နဲ့…"

"မျိုးကိုခွင့်လွှတ်ပါ…မျိုးအိမ်ထောင်သည်ဘဝကိုစိတ်ကုန်သွားပါပြီ…မောင့်ကိုမျိုးကွာရှင်းပေးပါ့မယ်…ဒါဆိုမောင်လည်းမျိုးအတွက်ခံစားနေရတဲ့ဒုက္ခတွေကင်းလွတ်ရောပေါ့…"

"မဟုတ်သေးဘူး…မျိုးနဲ့မောင်နဲ့ဟာသိပ်ချစ်ကြတဲ့ချစ်သူတွေလေ…မျိုးစိတ်ချမ်းသာအောင် မောင်တစ်သက်လုံးထားမယ်လို့ကတိလည်းပေးထားတယ်…နောက်ပြီးလက်ထပ်တာက ကြောက်လတောင်မပြည့်သေးဘူး…အိမ်ထောင်ရေးကိုစိတ်ကုန်တဲ့စကားတော့မပြောပါနဲ့မျိုးရယ်…မောင့်ပြုစုယုယမှုတွေတာအခုမှအစပဲရှိသေးတယ်…မောင့်ကိုကွာရှင်းပေးမယ်ဆိုတဲ့စကားကလည်း တစ်စိမ်းဆန်လွန်းပါတယ်မျိုးရယ်…နောက်ပြီးမျိုးကိုပြုစုရတဲ့တာဝန်က မောင်ကိုယ်တိုင်ဆိုလိုချင်ချင်နဲ့ထမ်းဆောင်ခဲ့တဲ့တာဝန်ပါ…မျိုးဖေဖေအတွက်….မျိုးခံစားနေရသေးတယ်ဆိုရင်…ဒီမှာတစ်လ ကိုးသီတင်းလောက်စိတ်ပြေလက်ပျောက်နေပေါ့…မောင်လည်းမျိုးနဲ့အတူဒီမှာပဲနေပေးမယ်လေ…"

မျိုးသည်နုတ်ခမ်းထောင့်လေးကွေးညွတ်ပြီးပြုံး၏။

"မျိုးမပါဘဲနဲ့လည်း မောင်အိမ်မှာနေနိုင်မှာပါ…"

ကျွန်တော့်ရင်ထဲတွင်အောင့်ခနဲခံစားလိုက်ရ၏။ကျွန်တော့်အပေါ်မျိုးသံသယဝင်နေသည်မှာသေချာသွားလေပြီ။ဟိုတစ်နေ့ကကျွန်တော်နောက်ကျမှပြန်ရောက်လာသည်ကိုအထင်လွဲနေလေပြီ။

"မျိုး .. မောင့်အပေါ်…သံသယဝင်နေတာလား…"

မျိုးသည်ပြန်မဖြေ။

"မျိုးကိုမောင်သိပ်ချစ်တယ်မျိုး…အဲဒီအချစ်နဲ့ပဲမောင့်ကိုယ်မောင်အမြဲထိန်းသိမ်းနေခဲ့တယ်…ဘယ်တော့မှမောင် သစ္စာမဲ့..ဖောက်ပြန်မယ့်ယောကျ်ားမဟုတ်ဘူး..အဲဒါကိုမျိုးယုံပါ…"

"တကယ်ကတော့…အရာရာအားလုံးဟာ မျိုးအပြစ်ကြောင့်ပါ…မျိုးမှတ်ဉာဏ်တွေပြန်ကောင်းလာခဲ့ရင်…အခုလိုစိတ်ညစ်စရာပြဿနာတွေဖြစ်လာမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး...ဒီကြောင့်မျိုးအရင်ကမောင့်ကိုပြောခဲ့သားပဲ...မျိုးကိုလက်မထပ်ပါနဲ့လို့...မျိုးကိုလက်ထပ်ခဲ့တဲ့အတွက် မောင့်ဘဝကိုစတေးပစ်လိုက်သလိုဖြစ်သွားတယ်...မျိုးကိုယ်၌ကလည်းအပြစ်ရှိပါတယ်....မောင့်ကိုချစ်တဲ့အချစ်ရယ်...မျိုးကိုယ်မျိုးအားငယ်မိတာရယ်ကြောင့် မောင်နဲ့လက်ထပ်ဖို့သဘောတူခဲ့တာ...တကယ်လို့များ မျိုးသာမောင့်ကိုလက်မထပ်မိခဲ့ရင်..မောင့်ဘဝဟာ ဘယ်လောက်သာယာစရာကောင်းလိမ့်မလဲ...."

"မျိုးထင်သလား...မျိုးကိုမောင်လက်ထပ်ခွင့်မရရင်...မောင့်ဘဝဟာမျိုးပြောသလိုပဲ သာယာစရာကောင်းပါ့မလား...အဲဒီလိုသာဆိုရင်မောင်ဟာ..အရက်သမားဖြစ်ချင်ဖြစ်..မဖြစ်ရင်လည်းတစ်သက်လုံးဝမ်းနည်းကြေကွဲနေတဲ့သူတစ်ယောက်ဖြစ်သွားလိမ့်မယ်...ရှင်နေရက်နဲ့သေနေတဲ့ဘဝဖြစ်သွားလိမ့်မယ်..."

"မျိုးကတော့အဲဒီလိုမထင်ဘူး...ယောကျ်ားတွေဟာ..တစ်မြို့ကွယ်ရင်တစ်မယ်မေ့သတဲ့...ဒါပေမဲ့မောင့်ကိုမျိုးအပြစ်မတင်ရက်ပါဘူး...မောင်ဟာအာသဓေါတုန်ခမ်းနေတဲ့ ရတနာ္တာမဟုတ်ဘူး...မောင့်မှာလည်းသွေးနဲ့ကိုယ်သားနဲ့ကိုယ်ပဲ ဒီကြောင့်မျိုးပြောတာ...တရားခံဟာမျိုးပါဘဲလို့..."

"မဟုတ်ဘူးမျိုး...မျိုးထင်နေတာတွေတစ်ခုမှမဟုတ်ဘူး...မောင့်ကိုပွင့်ပွင့်လင်းလင်းပဲ...မေးစရာရှိတာမေးပါမျိုး..."

မျိုးသည်မရို့တရို့ပြုံးလိုက်ရင်း...

"မျိုး...အဲဒီနေ့ကပဲ...ဒေါ်တာသာ်ဆီကိုဖုန်းဆက်ပြီးမေးကြည့်ပြီးပြီ..."

ကျွန်တော်ထူပူသွားမိလေသည်။

"မဟုတ်ဘူးမျိုး...မျိုးထင်နေတာတွေတစ်ခုမှမဟုတ်ဘူး...စင်သီယာနဲ့မောင်ဘာမှမဖြစ်ကြဘူး...အဲဒီနေ့ကမောင်ကအပေါ်ထပ်မှာ ဗိုင်တက်ယူတာ...စင်သီယာက သူ့အခန်းမှာသူအိပ်နေတာ...နောက်မှသူနိုးလာတာ...မောင့်ကိုယ်တော်တရားကိုမျိုးယုံပါ...နောက်ပြီးစင်သီယာကလည်းမောင့်အပေါ်ရိုးသားပါတယ်..."

"မောင်ပြောတာကို...မျိုးယုံချင်ပါတယ်...ဒါပေမယ့်...မျိုးကစောစောကပြောခဲ့သလိုပဲ...မျိုးကဒုက္ခိတဆိုတော့မောင့်အလိုကိုမလိုက်နိုင်ဘူးလေ...မောင့်ကိုမျိုးနားလည်ပါတယ်...အပြစ်လည်းမတင်ရက်ပါဘူး...ကောင်မလေးကလည်းလှတ



www.burmeseclassic.com

www.burmeseclassic.com



ဓပတောင့်တောင့်တင်းတင်းလေးကိုး...ပြောမယ့်သာပြောရတာပါ...မောင်တို့နှစ်ယောက်ကလိုက်ဖက်ပါတယ်..."

"တော်တော့မျိုး...မျိုးစကားတွေက..မောင့်ကိုစော်ကားသလိုဖြစ်လာပြီ.."

"မောင်..မျိုးဆုံးဖြတ်ပြီးပြီ...မျိုးမေမေနဲ့ပဲ ဒီမှာနေတော့မယ်...ဖေဖေရှိတော့ မေမေလည်းအားငယ်နေမှာ...တောကတူမလေးမိစုကိုလည်းဒီမှာခေါ်ထားဖို့စိစဉ်ထားလိုက်ပြီ..."

အပျက်ပျက်နှင့်နှာခေါင်းသွေးထွက်မည့်ကိန်းပါလား။

"မောင်လည်း...မျိုးမေမေကိုခွင့်တောင်းပြီးဒီမှာပဲနေမယ်..."

မျိုး၏မျက်နှာသည်တင်းခနဲဖြစ်သွား၏။

"မောင်အိမ်ကိုပဲပြန်ပါ...အိမ်မှာလည်းပစ္စည်းတွေနဲ့.."

"အို...ပစ္စည်းတွေဘာဖြစ်ဖြစ်...အိမ်ဘာဖြစ်ဖြစ်..မောင်ဂရုမစိုက်ဘူး.."

"မောင်..ပြန်ကိုပြန်ရမယ်..."

"မပြန်ဘူး...လုံးဝမပြန်ဘူး..."

မျိုး၏မျက်လုံးသည်ဝင်းခနဲလက်သွား၏။

"ကျွန်မရှင့်ကို မပေါင်းနိုင်တော့ဘူး ကိုမင်းဆွေ..."

ကျွန်တော်နားကြားများမှားလေရော့သလား။နားထဲတွင်ထိုစကားလုံးတွေသည်ဆူညံစွာပေါက်ကွဲသွား၏။ကျွန်တော်ချက်ခြင်းပင်မျက်ရည်တွေစို့လာ၏။

"ရက်စက်လိုက်တာမျိုးရယ်...မောင့်ကိုအဲဒီလိုတောင်ပြောရက်ပြီကိုး"

ထိုအခိုက်မှာပင်တံခါးဝသို့မျိုး၏မိခင်ရောက်လာ၏။သူမသည်ကျွန်တော်တို့နှစ်ဦး၏အခြေအနေကိုအကဲခတ်လိုက်ပြီး...

"သားခဏ...မေမေနဲ့စကားပြောရအောင်..."

မျိုး၏မေမေက ညှိစန်းထဲမှာကျွန်တော့်ကိုစောင့်နေ၏။ကျွန်တော်သူမရှေ့မှာထိုင်မိသောအခါသူမက ခပ်တိုးတိုးပြောလေ၏။

"ပြဿနာအားလုံးကိုသမီးက မေမေ့ကိုဖွင့်ပြောပြီးပြီသား...ဒီလိုသွားဘယ်သူမှန်တယ်...ဘယ်သူမှားတယ်ဆိုတာ...ကာယကံရှင်တွေပဲ အကောင်းဆုံးဖြစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့..သားကပဲ..သမီးအပေါ်နားလည်ပေးလိုက်ပါ...သမီးလေးဟာ ဖအေသေလို့ ပူပူနွေးနွေးခံစားနေရတုန်း...ဒီပြဿနာထပ်ဖြစ်တာပဲ...တစ်ခုတော့မေမေတောင်းဆိုချင်ပါတယ်...သမီးလေး..ရဲ့ သဘောအတိုင်းမောင်မင်းဆွေနေပေးလိုက်ပါ..."

ကျွန်တော်ခေါင်းငိုက်စိုက်ကျသွားပါသည်။

"ကျွန်တော်မျိုးအပေါ်တစ်ခါမှသစ္စာမမဲ့ခဲ့ဘူးပါဘူး မေမေ...အရင်ကလည်းမျိုးအပေါ်မှာသစ္စာမမဲ့ခဲ့သလို...အခုလည်းမမဲ့ပါဘူး...နောင်လည်းမမဲ့စေရပါဘူး...ကျွန်တော့်မေတ္တာဘယ်လောက်ဖြူစင်လေးနက်သလဲမျိုးသိလာအောင်...ကျွန်တော့်ကိုယ်ကျင့်တရားဘယ်လောက်ဖြူစင်သလဲဆိုတာ မျိုးသိလာအောင်...ကျွန်တော်စောင့်နေပါ့မယ်...အဲဒီတစ်နေ့ ကိုရောက်ရင်မျိုးကိုကျွန်တော်ပြန်လာခေါ်ပါ့မယ်မေမေ "

ကျွန်တော့်အသံသည်လိုက်ကျသွား၏။နလုံးအိမ်ထဲမှာ ဘာမှမရှိတော့၊ ရင်ထဲဟာနေ၏။ကျွန်တော်မတ်တပ်ထရပ်လိုက်မိသည်။

"မျိုးကိုကျွန်တော်နှုတ်ဆက်သွားတယ်ဆိုတာ..ပြောပြပေးပါမေမေ.."

ဧည့်ခန်းကိုရောမျိုးမေမေကိုရော ကျွန်တော်ကျောခိုင်းလိုက်သည့်အခါ မျက်ရည်တစ်စက်သည်ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွား၏။ခြံထဲကကားမောင်းထွက်လာခဲ့သည့်အခါ ဘယ်သွားရမည်မသိဖြစ်နေ၏။လောလောဆယ်မည်သူနှင့်မှုစကားမပြောချင်သဖြင့်ရန်ကုန်မြစ်ကမ်းဆီသို့ ထွက်လာခဲ့သည်။

ညနေဆည်းဆာသည်ပုစွန်ဆီသွေးတောက်နေသော်လည်း ကျွန်တော့်အတွက်ခြောက်ခြားဖွယ်ဖြစ်နေ၏။မြစ်ပြင်ကိုဖြတ်သန်းတိုက်ခတ်လာသောလေသည် လေပူကြီးသက်သက်ဖြစ်နေသည်။ယခုကိစ္စ၌တရားခံကမည်သူနည်း။မျိုးသည်သူ့ဆုံးဖြတ်ချက်နှင့်သူ နေခဲ့ပြီဖြစ်ပါသည်။စင်သီယာကို ကျွန်တော်အလုပ်မခန့်ချင်သော်လည်း မျိုးကသနားဂရုဏာစိတ်နှင့် အလုပ်ခန့်ခိုင်းသဖြင့်ကျွန်တော်ခန့်ပေးခဲ့ရသည်။

စင်သီယာကိုမျိုး၏သူနာပြုအဖြစ်အလုပ်ခန့်လိုက်ခြင်းသည်ပထမဆုံးဖြစ်ခဲ့ရသောအမှားပင်လော။စင်သီယာ၏ ရင်ခုန်ဖွယ်အလှအပများအပေါ်ကျွန်တော်အမှန်တကယ်စိတ်လှုပ်ရှားခဲ့မိခြင်းသည်ပင် ပထမအမှားပေလော။ပွင့်လင်းလွတ်

www.burmeseclassic.com



သစ်၍အနောက်တိုင်းဆံသောစင်သီယာ၏အနေအထိုင်သည်ပင်အမှားပေလော။ စင်သီယာ၏အနေအထိုင်နှင့်ဝတ်စားဆင်ယင်မှုကိုမျိုးကသတိမပြုခဲ့၍ပင် မတော်မြင် ဆိုတ်ပင်ခဲ့ခြင်းပင်လော။လူတစ်ယောက်၏ဝတ်စားဆင်ယင်မှုသည် သူ၏ကိုယ်ပိုင် လွတ်လပ်ခွင့်ဖြစ်သော်လည်း ယောကျ်ားသားအိမ်ထောင်သည်တစ်ယောက်၏အိမ် တွင် ထိုသို့ဝတ်ဆင်သင့်ပါသလော။

သို့သော်အမှန်တကယ်အားဖြင့် စင်သီယာ၏ဝတ်စားဆင်ယင်မှုကြောင့် သူမအပေါ်ကျွန်တော်စိတ်လှုပ်ရှားခဲ့မိသည်မှာအမှန်ပင်ဖြစ်သော်လည်း စင်သီယာ နှင့်ကျွန်တော့်အခြေအနေက ဖြူစင်ခဲ့ကြပါသည်။ထို့ကြောင့်ဖြစ်ပေါ်လာသောပြဿ နာတို ဂဃနဏ မစဉ်းစားဘဲဆုံးဖြတ်ခဲ့သောမျိုးကပင်မှားနေသည်လား။

ပတ်ဝန်းကျင်တစ်ခုလုံးသည်တဖြည်းဖြည်းမှောင်လာသည်။ကျွန်တော့် အဝမှာမျိုးမရှိလျှင်ဘာဖြစ်သွားမည်နည်း။အတွေးနှင့်ပင်ဆောက်တည်ရာမရစွာ၊ ကြေကွဲစွာခံစားရပါသည်။သက်ပြင်းတွေဘယ်နှခါချမိ၍ပင့်သက်တွေဘယ်နှခါချမိ သလည်းကျွန်တော်မသိပါ။ကျွန်တော်ဘာဆက်လုပ်ရကောင်းမည်နည်း။

မျိုးမြန်မြန်စိတ်ပြေသွားလျှင်ကောင်းမည်။သို့သော်သူမ၏စိတ်ကိုကျွန် တော်ကောင်းကောင်းသိပါသည်။မျိုးသည်အလွယ်တကူ သဘောထားပြောင်းတတ် သူမဟုတ်ပါ။သူမကိုလက်ထပ်ခွင့်ရဖို့ကိုပင်ကျွန်တော်မည်မျှစည်းရုံးရသည်ကိုကျွန် တော့်ဘာသာကျွန်တော်သိသည်။အရေးကြီးတာက ကျွန်တော်ဘယ်မှာနေ၍ဘယ် မှာအိပ်ရလေမည်နည်း။မျိုးထံပြန်သွားရန်လည်းမဖြစ်နိုင်သလို၊အိမ်မှာပြန်အိပ်ဖို့တ လည်းမဖြစ်ပြန်။

အိမ်မှာစင်သီယာရှိသည်။ထိုသို့သာပြန်အိပ်ပါက အထင်ပိုလွဲပေလိမ့် ဦးမည်။ဖေဖေ မေမေတို့သိသွားနေလျှင်လည်းပြဿနာတွေက လူသိရှင်ကြားဖြစ် ကုန်ပေလိမ့်မည်။လောလောဆယ်တော့ ကျွန်တော့်မိဘတွေကိုသည်ကိစ္စအားဖွင့် မပြောချင်။

နောက်တော့သော်တာ့ကိုသတိရသည်။သော်တာနှင့်ဝင်းမိုးသည်လည်း လူလွတ်များဖြစ်သော်လည်း ဝင်းမိုးကတော့မိဘတွေနှင့်နေသဖြင့်သူ့ဆီသွား နေဖို့အဆင်သိပ်မပြေနိုင်။သော်တာကျတော့တစ်ယောက်တည်းသမားဖြစ်၏။

www.burmeseclassic.com



ထို့ကြောင့်သော်တာနှင့်သွားနေရန်ဆုံးဖြတ်လိုက်မိသည်။ပြီးတော့စင်သီယာ့ ကိစ္စကိုလည်းတစ်ခါတည်းရှင်းရပေတော့မည်။စင်သီယာသည်မျိုးမရှိသောအိမ်တွင် ဆက်လက်နေထိုင်ရန်မသင့်တော့ပြီ။သူမကိုအလုပ်ထုတ်ပစ်ရပေတော့မည်။ဝန်ထမ်းတစ်ယောက်ကိုအလုပ်ထုတ်ရန်အကြောင်းပေါ်လာသည့်အခါတိုင်း လူမှုရေးရှုထောင့်မှ ဝင်၍အမြဲစဉ်းစားပေးခဲ့သည်။

ယခုတော့ စင်သီယာ့ကိစ္စတွင် မျိုးမပါဘဲ ကျွန်တော်ဆုံးဖြတ်ရပေတော့မည်။တစ်ဖက်ကလည်းစင်သီယာ့အတွက်စိတ်မကောင်းဖြစ်ရသည်။အမှန်စင်စစ်စင်သီယာသည် ပွင့်လင်းလွတ်လပ်သောမိန်းကလေး တစ်ဦးဖြစ်သည်မှလွဲ၍မည်သည့်အဖြစ်၊မည်သည့်ကိုယ်ကျင့်တရားမှုဖောက်ပြန်ခဲ့ခြင်းမရှိပါ။သည်အတွက်သူမအပေါ်ဆုံးဖြတ်ချက်ချရမည့်ကိစ္စသည်တရားမျှတမှုရှိပါ့မည်လား။

ပြီးတော့ စင်သီယာ့ကိုအလုပ်မှ ထုတ်ပစ်လိုက်ခြင်းဖြင့် ကျွန်တော်နှင့်စင်သီယာ့အပေါ်ဖြစ်နေသောမျိုး၏သံသယသည်ပျောက်သွားပါမည်လား။ည ရှစ်နာရီထိုးသောအခါကျွန်တော်လည်းရန်ကုန်ဆိပ်ခံသောတံတားမှဆင်းကာသော်တာ၏အိမ်သို့ တားမောင်း၍ထွက်ခဲ့မိ၏။ရန်ကုန်ညသည်လှုပ်ရှားအသက်ဝင်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



421112080

အခန်း ( ၁၀ )

"မင်းတို့ ကိစ္စကအပျက်ပျက်နဲ့ နာခေါင်းသွေးထွက်မယ့်ကိစ္စပဲတွေ့ ဒါတို့ အစကတည်းကထင်တော့ထင်သား...ဒါကြောင့်လည်းအရင်က မင်းကိုသတိပေးခဲ့သေးတယ်....ဒီလိုဇာတ်လမ်းမျိုးတွေကဖြစ်တတ်တယ်လေ..."

"ဟော့ကောင်..မင့်စကားက ဘာလဲကွ...ငါတို့ ဘာဇာတ်လမ်းမှမဖြစ်ခဲ့ဘူး...ငါ့ဘက်ကလည်းဘာမှမဖြစ်ခဲ့သလို...စင်သီယာကလည်းဘာမှမဖြစ်ခဲ့ဘူး..."

သော်တာနှင့်ကျွန်တော်ညစာထမင်းအတူစားပြီး သူ့ အိမ်ညည့်ခန်းမှာထိုင်၍စကားတွေပြောနေမိခြင်းဖြစ်ပါသည်။အကျိုးအကြောင်းတွေကိုထမင်းစားရင်းနှင့်ကျွန်တော်စီကာပတ်ကုံးပြောပြလိုက်မိသည်။

"ဒီလို ဇာတ်လမ်းမျိုး ဖြစ်တတ်တယ်လို့ သာငါပြောတာပါကွာ...ဖြစ်ကြတယ်လို့ ပြောတာမဟုတ်ဘူး...ဒါပေမယ့် မင်းကိုငါသေသေချာချာမေးမယ်...တို့တွေဟာ ဆယ်တန်းကတည်းကပေါင်းလာခဲ့တဲ့ သူငယ်ချင်းတွေ...အဲဒီတော့သူငယ်ချင်းအချင်းချင်း...ယောကျ်ားအချင်းချင်း...ပွင့်ပွင့်လင်းလင်းမေးမယ်...မင်း...စင်သီယာ့အပေါ်မှာ ဘယ်လိုသဘောထားသလဲ..."



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား။သော်တာသည်ကျွန်တော့်ကိုရှေ့နေကတရားခံကိုမေးသလိုမေးနေလေပြီ။အင်းလေ...ဘာမှတော့မထူးပါဘူး။သည်ကိစ္စမှာ ကျွန်တော်ကတရားခံပဲ။ မိုးကတရားသူကြီး။သော်တာကရှေ့နေ။သည်လိုဆိုလျှင်ဖြင့် စင်သီယာကဘာလဲ။ကြီးရာပါတရားခံပဲလား။

ကျွန်တော်လည်းအကြပ်အတည်းတွေကြား မှုစိတ်ဆတ်ကျစွာခံစားနေရသည့်ကြားမှ အနည်းငယ်ပြုံးမိသွားသည်။

"တော့ကောင်...ဘာပြုံးတာလဲ...ငါမေးတာဖြေ..."

"ဩြာ်...ဘာရယ်မဟုတ်ပါဘူးကွ..ငါတို့အခြေအနေတွေအကြောင်းပြန်စဉ်းစားမိလို့ပါ...အင်း...မင်းမေးတဲ့မေးခွန်းကိုငါဖြေရမယ်ဆိုရင်..စင်သီယာ့အပေါ်ငါဘာယ်လိုမှသဘောမထားဘူး..."

"မဟုတ်ဘူး..မင့်အဖြေက ငါမေးတာနဲ့တစ်မျိုးဖြစ်နေတယ်..ဒီလိုကွ ငါမေးတာက စင်သီယာ့အပေါ်မှာ မင်းစိတ်လှုပ်ရှားမှုရှိသလား...ဒိုကွာ..ပွင့်ပွင့်လင်းလင်းပဲမေးမယ်...စင်သီယာ့အပေါ် မင်းစိတ်အားဖြင့်ဖောက်ပြန်မိဘူးသလား..."

ကျွန်တော်ဖြေရကြပ်သွားပါသည်။စင်သီယာသည်တက်မက်စွဲလန်းဖွယ်ကောင်းသည်ကတော့အမှန်ပင်ဖြစ်ပါသည်။

"ဒီလိုကွ သော်တာ...မင်းကပွင့်ပွင့်လင်းလင်းပဲမေးလို့..ငါကလည်းပွင့်ပွင့်လင်းလင်းပဲဖြေမယ်...တစ်ခါကတော့..ငါစင်သီယာ့ကို နမ်းလိုက်မိတယ်..."

"ဟေ..."

သော်တာ့ မျက်လုံးအစုံသည်ပြူးထွက်လာ၏။

"မင်းကွာ..မိုးအပေါ် သစ္စာအတော်မဲ့တဲ့ကောင်ပဲ..."

"မဟုတ်ဘူးကွ...ငါရှင်းပြမယ်..."

ထို့နောက်မှာတော့ ရေကူးဝတ်စုံအဖါကိစ္စမှ စ၍သော်တာ့ကိုရှင်းပြရလေတော့သည်။သော်တာက စီးကရက်တစ်လိပ်ကိုမီးညှိ၍သောက်ရင်း ကျွန်တော့်စကားကိုနားထောင်နေ၏။

"အဲဒါပဲသော်တာ...ကောင်မလေးကိုနမ်းမိတယ်ဆိုတာ..ငါမိမိမှတ်လို့"

"မင်းကလည်းမင်းပါပဲကွာ...သေသေချာချာ မစူးစမ်းဘဲ သူများသား



www.burmeseclassic.com

www.burmeseclassic.com



သတိသွားနမ်းတာကိုး...ဒါနဲ့ နေပါဦး...အဲဒီလိုနမ်းမိတော့ ကောင်မလေးကမင့်မိန်းမရိုးမဟုတ်ဘဲ...စင်သီယာဖြစ်နေတာတွေ့ လိုက်ရတော့...မင့်စိတ်ထဲဘယ်လိုဖြစ်သွားလဲ...ရင်တွေဘာတွေခုန်မသွားဘူးလား...”

“ရင်ခုန်ဖို့ နေနေသာသာကွာ...ဒေါသလည်းထွက်...ရှက်လည်းရှက်...ပြီးတော့ထူပူသွားတာပေါ့ကွာ...မင်းပဲစဉ်းစားကြည့်လေ...ကောင်မလေးကဘာဖြစ်လို့ မိုးရဲ့ ရေကူးဝတ်စုံကိုယူဝတ်ထားရတာလဲ...နောက်ပြီးသူက မိုးအနားမှာမနေဘဲ...ရေကူးနေတာဆိုတော့...ငါ့အနေနဲ့ ကလည်းသူများသားသမီးကိုအခုလိုအကြောက်တိုက်နမ်းလိုက်မိတာဆိုတော့ရှက်လည်းရှက်...အားလည်းနာ...”

“ဟားဟား...မင်းကတော့တကယ့်ကောင်ပဲ...ဒါနဲ့ နေပါဦး...ဒီကိစ္စကိုမိုးသိလား...”

“မသိဘူးကွ...သိလို့ လည်းမဖြစ်ဘူး...ပြဿနာတွေဖိုတက်တုန်လိမ့်မယ်...”

သော်တာကခေါင်းတညိတ်ညိတ်လုပ်နေ၏။

“ကောင်မလေးက ဆွဲဆောင်မှုအတော်တော့ရှိတယ်ကွ...မင်းတို့ အိမ်မှာရွှေတောင်ခေါက်ဆွဲကြွေးတုန်းက ကောင်မလေးကိုငါတို့ မြင်တော့ ပွင့်ပွင့်လင်းလင်းပြောရရင်..ငါတို့ တောင်ငေးလိုက်မိသေးတယ်...ဟားဟား...အင်း...မိုးအနေနဲ့ ကောင်မလေးကိုမခန့် ခင်ကတည်းက နည်းနည်းစဉ်းစားဖို့ တော့ကောင်းတယ် သူတလည်းမစွမ်းမသန်...ကောင်မလေးကလည်းသန်သန်မာမာတောင့်တောင့်တင်းတင်း...ပြီးတော့မင်းကလည်း...နာဘူး...အဲ...”

“တော့ကောင်...”

“မင်းကလည်း...ကျန်းမာသန်စွမ်းတဲ့ယောကျာ်းတစ်ယောက်ဆိုတော့ကွာ...”

သော်တာက ကျွန်တော့်ကိုစပ်ဖြီးဖြီးနှင့်ကြည့်၏။

“မိုးအနေနဲ့ စင်သီယာလိုခပ်လှလှမိန်းကလေးကိုမခန့် သင့်ဘူး...အသက်ခပ်ကြီးကြီး...ဒါမှမဟုတ်..ရုပ် အသားကုန်ဆိုးဆိုး..”

ကျွန်တော်ရယ်လိုက်တော့ သော်တာကလည်းလိုက်ရယ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့ကွာ...လောလောဆယ်မင်းဘာဆက်လုပ်မလဲ..."

ခင်တိုတိုပင်ကျွန်တော်မြေလိုက်မိသည်။

"မသိဘူး...လောလောဆယ်တော့ဘာလုပ်ရမှန်းကိုမသိဘူး...မျိုးကိုလည်း သူ့မိဘအိမ်မှာ စိတ်မချဘူး...ဘာပဲဖြစ်ဖြစ်ညရေးညတာကိစ္စတွေမှာသူ့အနားမှာငါရှိနေမှဖြစ်မှာ...ပြီးတော့...ငါတို့အိမ်ကိုလည်းပြန်လို့မဖြစ်ဘူး...အဲဒီမှာစင်သီယာရှိနေတော့ ပိုအထင်လွဲစရာဖြစ်မယ်....နောက်ပြီး...ဒီကိစ္စကိုငါ့မိဘတွေလည်းမသိစေချင်ဘူး..."

"အေးလေ...လောလောဆယ်တော့.. မင်း ငါ့ဆီမှာပဲနေ...ပြီးတော့အေးဆေးနဲ့တိုင်ပင်ပြီး မျိုးဆီကိုအကျိုးအကြောင်းသွားရှင်းပြခိုင်းလိုက်မယ်..ဒါနဲ့ နေပါဦး..စင်သီယာ့ကိစ္စကိုမင်းဘယ်လိုဖြေရှင်းမလဲ..."

ကျွန်တော်သက်ပြင်းတစ်ချက်ချလိုက်မိသည်။

"စင်သီယာ ကသနားစရာတော့ကောင်းတယ်ကွ...ရိုးသားတယ်..ကိုယ်ကျင့်တရားကောင်းတယ်...သွက်လက်ချက်ခြာတယ်...ဉာဏ်ပညာထက်မြက်တယ် အသက်တလည်းငယ်တယ်...လှလည်းလှတယ်..."

"တော့ကောင်..ချီးကျူးလှချည်လား...မင်းနော်...ငါ မျိုးကိုပြန်တိုင်လိုက်ရမလား.."

"တကယ်ပြောတာကွ...ယောကျ်ားတစ်ယောက်အတွက်ဆိုစင်သီယာတာ အရည်အသင့်တော်တယ်...မင်း စိတ်ဝင်စားရင်ငါပြောပေးမယ် သော်တာ.."

"ခွေးကောင်..မင်းပဲ..ဒီလောက်ချီးကျူးတာ...မင်းပဲကြိုက်..."

"ရယ်စရာအနေနဲ့ပြောတာပါကွာ...အင်း...ကောင်မလေးက သနားဖို့ကောင်းတယ်ဆိုတာတော့အမှန်ပဲကွ...အမှန်အတိုင်းပြောရရင်စင်သီယာကိုငါအလုပ်တထုတ်မပစ်လိုက်တော့မယ်...သူ့ကြောင့် ငါတို့အိမ်ထောင်ရေးကိုအထိခိုက်မခံနိုင်ဘူး.."

"အရမ်းတော့လျှောက်လုပ်မနေနဲ့ သူငယ်ချင်း...တို့တွေတိုင်ပင်ကြသေးတာပေါ့..."

ညဉ့်နက်သော်ကျွန်တော်တို့အိပ်ရာဝင်ကြသည်။သော်တာက တရှူးရှူး



www.burmeseclassic.com

www.burmeseclassic.com



နှင့်အိပ်ပျော်သွားပြီဖြစ်သော်လည်း ကျွန်တော်ကတော့အိပ်မပျော်နိုင်သေး။အတွေး တွေကတောင်တောင်အီအီနှင့်။နောက်တော့မျိုးဆီသို့ ဖုန်းဆက်ချင်လာသည်။သည် ညကျွန်တော်အိမ်ပြန်မအိပ်ဘဲ၊ သော်တာ၏အိမ်မှာ ရောက်နေသည့်အကြောင်းကို မျိုးသိအောင်ပြောရမည်။သို့မှသာ မျိုး၏ရင်ထဲမှ သံသယကိုဆက်မကြီးစေလိမ့် မည်။ဖုန်းကိုထုတ်၍မျိုးထံဖုန်းဆက်လိုက်မိတော့သည်။

"မျိုး...မအိပ်သေးဘူးမဟုတ်လား..."

ဖုန်းကိုနားထောင်နေသော်လည်းပြန်စကားပြောခြင်းတော့မပြု။

"မောင်..အခု..ဘယ်ကဖုန်းဆက်နေတယ်ထင်သလဲ..."

ဘာသံမှမကြားရ။

"သော်တာ့အိမ်မှာရောက်နေတယ်...မျိုး မယုံရင်မောင်...သော်တာ့ကို ဆောင် သက်သေပြမယ်...ဟော့ကောင်..သော်တာ..ခဏထစမ်း...ငါမင့်အိမ်မှာရောက် နေတာမျိုးကိုပြောပေးစမ်း..."

အရေးထဲ သော်တာဆိုသည့်ကောင်ကလည်းအသေ လိုကုလားသေ ကုလားမောအိပ်မောကျနေသည်။မည်သို့လှုပ်နိုးနိုး မနိုး။စိတ်တိုတို နှင့်ကျွန်တော် သူ့ကိုတွန်းပစ်လိုက်ရာ တစ်ဖက်သို့စောင်းကျသွားသော်လည်းမနိုး။ပါးစပ်က အသံတချို့ထွက်ပြီးယောင်တောင်ယောင်နေလိုက်သေး။

"တောရီးပဲမျိုး..ဒီကာလနဂါးက ဘယ်လိုမှနိုးလို့မရဘူး...မနက်ကျမှ သူ့ကိုမောင်သက်သေပြမယ်နော်...မောင်လေ...အိမ်ကိုမပြန်တော့ဘူး...သော်တာ နဲ့ဖဲနေမယ်...မျိုးရယ်...မောင်တောင်းပန်ပါတယ်...မျိုးထင်နေတာတွေတစ်ခုမှမဟုတ် ဘူး...မျိုးအဲဒီမှာစိတ်ပြေလက်ပျောက် နေတော့နေဦးပေါ့...စိတ်ပြေတဲ့နေ့ကျမောင် နဲ့အတူအိမ်ပြန်ကြမယ်နော်...မနက်ဖြန်ညနေ မောင်ရုံးဆင်းရင် မျိုးဆီဝင်လာခဲ့ မယ်...မျိုးဘာစားချင်လဲ...မောင်ဝယ်လာခဲ့မယ်..."

"မစားချင်ဘူး...ဘာမှဝယ်မလာနဲ့...နောက်ပြီးမျိုးဆီလည်းမလာပါနဲ့"

"ဟာ..ဘာလို့မလာရမှာလဲ...အခုတောင်လာချင်တာ..."

"ဖေဖေ့အတွက်...မျိုးအခုထိခံစားနေရတုန်းပဲ...အဲဒီတော့အိမ်ထောင် ရေးကိစ္စကို ခဏမေ့ထားချင်တယ်...အဲဒီတော့မျိုးဆီကိုမလာပါနဲ့..."



www.burmeseclassic.com

www.burmeseclassic.com



"မျိုးကိုပြောစရာရှိတယ်...စင်သီယာကိုမောင်အလုပ်ထုတ်ပစ်လိုက်တော့မယ်..."

"ကောင်မလေးတော့ အရမ်းကို နာကျရောက်လိမ့်မယ်ထင်တယ်...သူ့ခမျာ နယ်ကအလုပ်လာလုပ်ရရှာတာ...နောက်ပြီး သူ့အဖေကလည်းသိပ်နေမကောင်းရှာဘူး..."

မြတ်စွာဘုရား။ မျိုးသည်ကျွန်တော့်ထက်တောင် စင်သီယာကိုတောင်ပို၍ သနားနေသေးသည်။ ကုမ္ပဏီက ဝန်ထမ်းတွေကိုအလုပ်ထုတ်မည်ဆိုလျှင် ချင့်ချင့်ချိန်ချိန်လုပ်ဖို့ အမြဲပြောလေ့ရှိသောမျိုး။

"ဒါတော့မတတ်နိုင်ဘူးမျိုး...ကောင်မလေးနဲ့ မောင်နဲ့ ဘာမှမပတ်သက်ဘူးဆိုတာ မောင်သက်သေပြတဲ့အနေနဲ့ ကောင်မလေးကိုအလုပ်ထုတ်ပစ်မှဖြစ်လိမ့်မယ်...နောက်ပြီး...အဲဒီကိစ္စက မျိုးအထင်လွဲနေတာပါ...ဘာပဲဖြစ်ဖြစ်လေ...ကောင်မလေးကိုမောင် သုံးလစာပေးပြီးတော့အလုပ်ကထုတ်လိုက်တော့မယ်...အဲဒါမျိုးကိုအသိပေးတာ..."

မျိုးဘက်က ဘာသံမှမကြားရဘဲ ငြိမ်နေ၏။ ခဏကြာမှ...

"သူ့ကိုအလုပ်ကမထုတ်ပစ်ခင် ကိုယ့်ဘာသာကိုယ် ပြန်စဉ်းစားဦးနော်"

သူမဘာကိုဆိုလိုတာလည်း ကျွန်တော်နားမလည်ပါ။ သို့သော် မျိုး၏တန့်တွက်သံမကြားသဖြင့် စင်သီယာကိုအလုပ်မှထုတ်ပစ်ဖို့ ကိစ္စသည်နိုင်မာသွား၏။

"အစကတည်းက မျိုးပြောခဲ့သားပဲ...မျိုးကိုမောင်လက်ထပ်ခဲ့တာ မှားပါတယ်လို့...အမှန်က မောင်...စင်သီယာ့ကိုယူလိုက်ရမှာ..."

"ဘာ...ဘာစကားပြောလိုက်တာလဲမျိုး..."

"မျိုး...မောင့်ကိုကွာရှင်းစာအမြန်ဆုံးပို့ပေးလိုက်ပါ့မယ်..."

"ပေါက်ကရတွေ လျှောက်လုပ်မနေနဲ့ မျိုး...မျိုးဆီကိုမောင်တို့ တစ်ရက်လောက် တစ်ရက်လောက်လာရှင်းပြပေးမယ်...သော်တာလည်းပါမယ်...အေးအေးတို့လည်းပါမယ်...ပြီးတော့မောင်...ဖေဖေ့ကိုလည်းသေသေချာချာရှင်းပြပြီး မျိုးဆီကိုပြောခိုင်းပေးပါ့မယ်...မောင်တို့ အတူပြန်နေကြရအောင်မျိုးရယ်..."



www.burmeseclassic.com

www.burmeseclassic.com



"မောင်..."

"တင်...ဘာလဲမျိုး..."

"မောင့်ကို မျိုးကွာရှင်းပေးဖို့ ဆုံးဖြတ်ပြီးပြီ...ဘယ်သူ့တားတားမရတော့ဘူး...အဲဒါ ဘာဖြစ်လို့လဲမောင်သိလား..."

"တင့်အင်း..."

"အဲဒါ မောင့်ကိုသိပ်ချစ်လို့...မျိုးအတွက် မောင့်ဘဝကိုမသေစေချင်လို့...မောင့်လိုလူမျိုးတစ်ယောက်ဟာ မျိုးလိုနွံတွင်း မျိုးကလွဲရင် ဘယ်သူ့နဲ့မဆိုသင့်တော်ပါတယ်မောင်...အထူးသဖြင့် စင်သီယာလို မိန်းကလေးမျိုးနဲ့ ပိုသင့်တော်ပါတယ်...စင်သီယာဟာမောင့်အတွက်အသင့်တော်ဆုံးပါ..."

မျိုးရိုက်လိုက်ပါသလားအသံတလုံးဝကိုးကျသွား၏။

"ပထမတော့ မောင်နဲ့စင်သီယာ့ကိုမျိုး သဝန်တို သေးတယ်မောင်ဒါပေမယ့်...တကယ်ဆမ်းသေသေချာချာ စဉ်းစားကြည့်တော့ မျိုးကသာအတ္တကြီးမိတာပါ...တစ်သက်လုံးအောက်ပိုင်းသေနေမယ့်မိန်းမတစ်ယောက်ရဲ့ရင်ခွင်မှာမောင်ဘယ်လိုမှမနေနိုင်ပါဘူး...နောက်ပြီးလေ...စင်သီယာ့ကိုမျိုး သေသေချာချာလေ့လာကြည့်ပြီးပြီ...ဟော့ရှော့လေး နေတတ်ထိုင်တတ်ပေမယ့်...မိန်းမပီသတယ်မောင်...အချက်အပြုတ်...အလျှော်အဖွတ်ကအစ...အိမ်ထောင်ရှင်မကောင်းတစ်ယောက်ဖြစ်နိုင်ပါတယ်...အဲဒီတော့ မောင် ..မျိုးကိုကွာပြီးတာနဲ့ စင်သီယာ့ကိုလက်ထပ်လိုက်ပါ..."

ကျွန်တော်စိတ်ပေါက်ပေါက်နှင့်တစ်ချက်အော်ထည့်လိုက်မိသည်။

"တော်တော့မျိုး...ဘာမှဆက်မပြောနဲ့တော့...မျိုးရယ်...ရက်စက်လိုက်တာ...မောင်...မျိုးကိုဘယ်လောက်ချစ်တယ်ဆိုတာမျိုးမသိဘူးလား..."

"မျိုးသိပါတယ်...ဒါပေမယ့် အိမ်ထောင်ပြုတယ်ဆိုတာ ဘာအတွက်လည်းမောင်...တစ်ယောက်နဲ့တစ်ယောက်ချစ်နေကြရုံနဲ့ပြီးမလား...အဖိုနဲ့အမ ပေါင်းစပ်ပြီး...မျိုးဆက်ကလေးတွေမွေးဖွားဖို့လည်းလိုသေးတယ်မဟုတ်လား...မျိုးဆီကမောင်...အဲဒီအချက်တွေ တစ်ခုမှမရနိုင်ဘူး...မျိုးပွင့်ပွင့်လင်းလင်းမေးမယ်မောင်...လင်မယားချင်းပဲ မောင်မရှက်နဲ့...မျိုးဆီက အဲဒီအချက်တွေမရဘဲနဲ့ မောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံးနေသွားနိုင်မလား...”

“နေနိုင်တယ်...နေနိုင်လို့လဲ မောင်...မျိုးကိုလက်ထပ်တာ....”

“နောက်မေးခွန်းတစ်ခုလည်း ...ပွင့်ပွင့်လင်းလင်းမေးရဦးမယ်...စင်သီယာ့အပေါ်မောင် စိတ်မလှုပ်ရှားဘူးလား...”

ကျွန်တော်ပင့်သက်တစ်ချက်ရှိုက်လိုက်မိသည်။

“မောင်...မျိုးကိုလက်ထပ်လိုက်ကတည်းက...မျိုးမောင့်ကိုအရမ်းသနားတယ်သိလား...အမှန်အတိုင်းပြောရရင်...စင်သီယာ့ကိုမျိုးလေ...မောင့်အတွက်တမင်ရည်ရွယ်ပြီးခန့်ခိုင်းလိုက်တာ...တကယ်လို့သာကောင်မလေးဟာ.ရိုးသားမှုမရှိဘူး အိမ်ထောင်ရှင်မကောင်းတစ်ယောက်မဖြစ်နိုင်ဘူးဆိုရင်တော့...မျိုးသူ့ကိုခပ်စောစောကတည်းက ပြန်ထုတ်ခိုင်းလိုက်မှာ...မောင့်ကိုမဟုတ်တရုတ်မိန်းကလေးတစ်ယောက်နဲ့တော့မျိုးဘယ်လိုနည်းနဲ့မှသဘောမတူဘူး...ဒါပေမယ့်စင်သီယာကျတော့...တော့ရှော့သိပ်ဖြစ်လွန်းတာကလွဲရင်...မိန်းမကောင်း...မိန်းမမြတ်အင်္ဂါတွေအတော်များပြည့်စုံတယ်မောင်...”

ကျွန်တော်ခေါင်းငိုက်စိုက်ကျသွားမိသည်။မျိုး၏ခပ်တိုးတိုးအသံကနားထဲသို့ညင်ညင်သာသာပဲဆက်ဝင်လာပြန်သည်။

“မျိုး...ဘာကြောင့်မောင့်ကို...လက်ထပ်ဖို့သဘောတူခဲ့တယ်ထင်သလဲ မျိုးနဲ့တခေါက် လောက် လက်ထပ်လိုက်ရရင်...မောင်ကျေနပ်သွားလိမ့်မယ်လို့မျိုးမျှော်လင့်ထားခဲ့လို့...ပြီးတော့တစ်နေ့နေ့တစ်ချိန်ချိန်မှာ...မျိုးမောင့်ကိုကွာရှင်းပေးဖို့ကိုပါ အစကတည်းက စဉ်းစားခဲ့ပြီးသားပါ...”

နှလုံးသားတစ်ခုလုံးသည်တင်းကြပ်မွန်းသိပ်လာ၏။မျိုး၏ခပ်တိုးတိုးအသံသည်ကျွန်တော့်နှလုံးသားတစ်ခုလုံးကိုနေရာအနှံ့အပ်နှင့်ဆွနေသလိုရှိ၏။

“မျိုး...”

“ဘာလဲမောင်....”

“မျိုးကို...မောင်ဘယ်တော့မှ မကွာဘူး...မျိုးကိုပဲတစ်သက်လုံးချစ်မယ်...စောစောကမျိုးမေးခွန်းတွေကိုမောင်ဖြေမယ်...မျိုးဆီက မောင်ဘာကိုမှမမျှော်လင့်ဘူး...မျိုးကလည်းမောင့်ကိုလက်ထပ်ဖို့မျိုးဘက်က စဉ်းစားထားတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့သလို ..မောင့်ဘက်ကလည်းမျိုးနဲ့ လက်ထပ်ရင်...မျိုးကိုဘယ်လိုပြုစုမယ်... ဘယ်လိုပံ့ပိုးမယ်...ဘယ်လိုစိတ်ချမ်းသာအောင်ထားမယ်ဆိုပြီး..ကြိုပြီးစဉ်းစား ထားတာ....မောင်အဲဒီစိတ်နဲ့ပဲ မျိုးနဲ့လက်ထပ်ပြီးအရမ်းကိုစိတ်ချမ်းသာပီတိဖြစ် ခဲ့ရတာပါ..."

မျိုး၏ရှိုက်သံခပ်တိုးတိုးကိုကြားရလေသည်။

"မျိုးမေးတဲ့...စင်သီယာ့အပေါ်မောင်စိတ်မလှုပ်ရှားမိဘူးလားဆိုတဲ့မေး ခွန်းကိုလည်းမောင် ဖြေမယ်...အမှန်အတိုင်းပြောရရင်..မောင်ကကျွန်းမာသန်စွမ်း တဲ့ယောကျာ်းတစ်ယောက်ပါ...မောင်..အဲဒီကိစ္စကို..."

"ဒီမေးခွန်းကိုမောင်မဖြေပါနဲ့တော့...မျိုးရင်ထဲမှာနားလည်ထားလိုက် ပါမယ်...မောင်ဖြေမှာကိုမျိုးမကြားရက်လို့..."

ကျွန်တော်မျက်ရည်တွေဝိုင်းနေမိပါသည်။

"ကဲ...မျိုးပြောတာတွေကိုမောင် စိတ်အေးအေးထားပြီး...စဉ်းစားပါ... ခိုးဘက်ကတော့ ဘယ်တော့မှသဘောထားမပြောင်းတော့ဘူး...အနေဝေးရင်... မောင်...မျိုးကိုမေ့သွားမှာပါ....ကဲ...အိပ်တော့...မနက်ကျတော့ အလုပ်လည်းသွား ရဦးမယ်မဟုတ်လား...."

မျိုးကဖုန်းချသွားသည်။ကျွန်တော်ခေါင်းငိုက်စိုက်ကျလျက်ငိုင်နေမိသည်။ နွေညသည်ပူလောင်လွန်းလှသည်တကား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၁ )

ဖေဖေ့ထံမှမည်သည့်စကားမျှမကြားရ။ဖေဖေသည်ကျွန်တော်ပြောပြနေသည့်အကြောင်းအရာတွေကို ငြိမ်သက်စွာ နားထောင်နေလေသည်။ကျွန်တော်ပြောပြနေစဉ်တွင်ဖေဖေသည်နားထောင်သမားသက်သက်ဖြစ်နေပြီး တစ်လုံးမျှမြ မေးစကားစခဏအပြတ်တို့၌ဖေဖေ့အခန်းမှ အဲယားကွန်းသံတရှဲရှဲကိုကြားနေရသည်။

"အင်း...ပြဿနာက ကြီးချင်လည်းကြီးလာနိုင်သလို ...သေးချင်လည်းသေးသွားနိုင်တယ်သား....ကြီးချင်လည်းကြီးလာနိုင်တယ်ဆိုတာ...မျိုးရဲ့သဘောထားမပြောင်းခဲ့ရင်ပြောတာ...အေး...တကယ်လို့မျိုးဟာသားရဲ့သဘောထားအမှန်ကိုသိသွားခဲ့ရင်...အဲဒါကိုလက်ခံသွားရင်တော့..အားလုံးအဆင်ပြေသွားလိမ့်မယ်...ဒါပေမယ့်...ဖေဖေလည်းရှေ့ကိုဘယ်လိုဖြစ်လာမယ်လို့မခန့်မှန်းတတ်ဘူး တစ်ခုတော့ရှိတယ်...အခုလောလောဆယ်မှာ..မျိုးခံစားနေရတဲ့စိတ်ခံစားမှုတွေကိုလည်းဖေဖေတို့ထည့်စဉ်းစားရမယ်သား...သူ့အဖေဆုံးသွားတာ ဘာမှမကြာသေးဘူး..အဲဒီအချိန်မှာ...သားတို့ပြဿနာပေါ်လာတယ်...ဒီတော့သူမချိမဆန့်ခံစားနေရမှာပဲ...ဖေဖေ အကောင်းဆုံးအကြံပေးချင်တယ်သား...သားဆန္ဒမစောပါနဲ့...ဖြစ်ချင်တဲ့ဆန္ဒကိုသိပ်ရှေ့တန်းမတင်ပါနဲ့...မျိုးပြောတဲ့အတိုင်း နားထောင်ပေးလိုက်ပါ...ဒီကြားထဲမှာ...သားသူငယ်ချင်းမောင်သော်တာ့အိမ်မှာပဲ..ဆက်နေချင်နေ

www.burmeseclassic.com



နှမတုတ်..ဖေဖေတို့နဲ့လာနေချင်လည်းနေ...တစ်ရက်လောက်တော့ဖေဖေလည်း သမီးလေးမျိုးဆီကိုသွားတွေ့လိုက်ပါဦးမယ်..."

ကျွန်တော်စိတ်သက်သာရာအနည်းငယ်ရသွားမိပါသည်။ဖေဖေ့အခန်း ထွက်ပြီးကျွန်တော့်အခန်းသို့ပြန်ရောက်သည့်အခါ ဧည့်သည်တစ်ယောက်ရောက် နေကြောင်းတွေ့ရပါသည်။ထိုဧည့်သည်သည် မျိုး၏ဦးလေး အန်ကယ်ဦးဗိတာ ဖြစ်ပါသည်။

"အန်ကယ်..စောင့်နေတာကြာပြီလား..."

"သိပ်မကြာသေးပါဘူးကွာ...ဆယ်မိနစ်လောက်ပဲရှိသေးတယ်...မင်း အလုပ်တွေများနေလား..."

"သိပ်တော့မဟုတ်ပါဘူး..အန်ကယ်...ကိစ္စရှိလား..."

"မင်းအချိန်ရရင်...တို့တွေစကားနည်းနည်းပြောကြရအောင်ကွာ"

အန်ကယ်ဦးဗိတာတစ်ယောက်ကျွန်တော့်ဆီမလာစဖူးအလာထူးလှပါ သည်။ကျွန်တော်မျိုးနှင့်ပတ်သက်သောစကားတွေပြောဖို့ပဲဖြစ်လိမ့်မည်။

"အချိန်ရပါတယ်အန်ကယ်...ဒီမှာပဲပြောမလား..အပြင်မှာပဲပြောမလား"

"မင်းလည်းနေ့လယ်စာမစားရသေးဘူးမဟုတ်လား...တို့တွေအပြင် မှာတစ်ခုခုစားရင်း..စကားပြောကြတာပေါ့..."

ကျွန်တော်တို့နှစ်ယောက်စားသောက်ဆိုင်တစ်ဆိုင်မှာ နေ့လယ်စာ သွားစားရင်းစကားပြောကြသည်။ဦးဗိတာသည်ရောက်တတ်ရာရာစကားအချို့တို ပြောလေပြီးမှသူ့လာရင်းကိစ္စကိုစကားဦးသန်းလေသည်။

"အန်ကယ့်ကို...မျိုးကလွှတ်လိုက်လို့လာတာကွ...မင်းတို့အကြောင်း ကိုမျိုးကအန်ကယ့်ကိုပြောပြတယ်...ထားပါတော့လေ..မင့်ဆင်ခြေတွေ...အန်ကယ် နားထောင်ဖို့လာခဲ့တာမဟုတ်ဘူး...မျိုးပြောခိုင်းတာပဲ လာပြောတာ..ဒီလိုကွ...မျိုး အခုတစ်ပတ်တနင်္ဂနွေနေ့မှာ မင့်ကိုကွာရှင်းပေးလိမ့်မယ်...အဲဒါလာပြောတာ..."

ကျွန်တော်စားနေသည့်ဇွန်းသည်ပန်းကန်ထဲသို့လွတ်ကျသွား၏။ပြီးသ သည်အပျက်ပျက်နှင့်နှာခေါင်းသွေးထွက်ခဲ့လေပြီ။ကျွန်တော်မျက်လုံးတွေပြာသွား ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့မှာ...အန်ကယ်တို့မိတ်ဆွေ...တရားသူကြီးတစ်ယောက်ရောက်လာလိမ့်မယ်...အဲဒါမောင်မင်းဆွေ...အိမ်ကိုဆယ်နာရီတိတိလောက်ရောက်အောင်လာခဲ့ပါ..."

"ကျွန်တော်မျိုးကိုကွာမပေးနိုင်သလို ...မျိုးကကျွန်တော့်ကိုကွာမယ်ဆိုတာကိုလည်းကျွန်တော်လက်မခံပါဘူးအန်ကယ်...မျိုးဟာကျွန်တော်လက်ထပ်ထိမ်းမြားထားတဲ့ ကျွန်တော့်တရားဝင်ဇနီးပါ...နောက်ပြီး မျိုးကျွန်တော့်ကိုအထင်လွဲနေတာတွေဟာ တစ်ခုမှမဟုတ်ပါဘူးအန်ကယ်...ကျွန်တော်မျိုးအပေါ်တစ်ခါမှသစ္စာမဖောက်ခဲ့ပါဘူး..."

အန်ကယ်ဦးပီတာသည်ကျွန်တော့်မျက်နှာကိုသေသေချာချာကြည့်၍စူးစမ်းနေပုံရသည်။

"ကောင်းပြီလေ...အဲဒီနေ့မင်းလာတာမလာတာက မင့်အပိုင်းပါ...ဒါပေမယ့်အန်ကယ်ထင်ပါတယ်...မျိုးရဲ့ဆန္ဒကိုမင်းလိုက်လျောလိမ့်မယ်လို့ထင်တယ်...ဘာဖြစ်လို့လဲဆိုတော့...မင်းပြောဖူးတဲ့စကားအန်ကယ်ပြန်သတိရလို့ပါ...မင်းကမျိုးစိတ်ချမ်းသာအောင် အမြဲထားမယ်ဆို..."

"ဒါဆိုအန်ကယ့်ကိုကျွန်တော်ပြန်မေးချင်ပါတယ်...မျိုးကျွန်တော့်ကိုကွာရှင်းပေးမယ်ဆိုရင်...ကွာရှင်းလိုက်မယ်ဆိုရင်သူတကယ်ပဲစိတ်ချမ်းသာမှာလား"

"အေးလေ...တကယ်ကတော့ကွာခြင်းမကွာခြင်းဆိုတာကပြဿနာတော့မဟုတ်ပါဘူး...အဓိကပြဿနာကတော့...မျိုးဟာမင့်နောက်ကိုဘယ်တော့မှမလိုက်တော့ဘူးဆိုတာပဲ..."

ရင်ထဲတွင်နာကျင်သွားလေသည်။မျိုးသည်သူ့ဆုံးဖြတ်ချက်ကိုပိုင်ပိုင်နိုင်နိုင်ချထားလေပြီ။

"ကျွန်တော်မျိုးအပေါ်မှာသစ္စာမဲ့ခဲ့ဘူးဆိုတာ...လောလောဆယ်ကျွန်တော် ဘယ်လိုမှသက်သေပြစရာမရှိပေမယ့်...အချိန်တန်ရင်ပေါ်လာမှာပါ...ကျွန်တော်လောကဓမ္မကိုယုံပါတယ်...လောကကြီးမှာအမှန်တရားဆိုတာဘယ်တော့မှပျောက်မသွားပါဘူး...ပြီးတော့ကျွန်တော့်အသက်နဲ့ခန္ဓာတည်နေသ၍မျိုးအပေါ်ကျွန်တော်သစ္စာရှိနေမှာပါ..."



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ဦးဗိုတာသည် အအေးပုလင်းထဲကအအေးကိုအသာငုံ့သောက်ရင်းကျွန်တော့်မျက်နှာကိုအကဲခတ်ပြန်သည်။ကျွန်တော်ကတော့သက်ပြင်းရှည်ကြီးတစ်ချက်ကိုသူမသိအောင်ကြိတ်ချလိုက်မိသည်။

ဒေါက်တာ၊ ဝင်းမိုးနှင့်အေးစန္ဒာတို့ ချိန်းကာ မနေ့ကမျိုးထံသို့သွားတွေ့ကြပါသည်။ကျွန်တော်နှင့်စင်သီယာ၏အဖြစ်မှန်ကိုသွားရောက်ရှင်းပြကြခြင်းပင်ဖြစ်ပါသည်။မျိုးသည်သူတို့ရှင်းပြသည်များကိုငြိမ်ငြိမ်သက်သက်ပင်နားထောင်ရှာပါသည်တဲ့။အားလုံးပိုင်းပြောကြသောစကားများကို သူနားထောင်ပြီးသောအခါ ပြုံးပါသည်တဲ့။

သူမအနေနှင့်ကျွန်တော့်ကိုခွင့်လွှတ်ပြီးသားပါတဲ့။ ကျွန်တော်တလည်းသူမအပေါ်သစ္စာရှိနေမည်ကို သူမယုံကြည်ပါသည်တဲ့။သို့သော်သူမဘက်တစ်တော့လုံးဝသဘောထားမပြောင်းနိုင်တော့ပါတဲ့။လာမည့်တနင်္ဂနွေနေ့မှာသာကျွန်တော့်ကိုဆက်ဆက် ရောက်လာပြီးကွာရှင်းစာချုပ်မှာလက်မှတ်ထိုးစေချင်ပါသည်တဲ့။

အေးစန္ဒာတို့မည်မျှပင်ပိုင်း၍နားချကြသော်လည်းမျိုးသည်ခေါင်းမာလွန်းနေပါသည်တဲ့။ဒေါက်တာတို့ပြန်ပြောပြသောစကားတွေသည်ကျွန်တော့်ကိုဆို့နင့်ကြေကွဲစေပါသည်။ယနေ့သည်ဗုဒ္ဓဟူးနေ့ဖြစ်သဖြင့် တနင်္ဂနွေရောက်ရန်သိပ်မလိုတော့ပါ။တနင်္ဂနွေနေ့သည်ကျွန်တော့်နှလုံးသည်းပွတ်ပျက်ကြေရသည့်နေ့ပင်ဖြစ်ပါလိမ့်မည်။

သည်ကြားထဲ ဖေဖေကလည်းမျိုးထံရောက်သွားခဲ့ပြီး မျိုးနှင့်အတော်ကြာကြာစကားပြောခဲ့ပါသည်တဲ့။သို့သော်ဖေဖေလည်းလက်လျှော့ပြီးပြန်ခဲ့ရသည်။မျိုးသည်ဖေဖေ့ရှေ့တွင်ရှိုက်ကြီးတငင်ငိုကြွေးရှာပါသည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ကတော့ကိစ္စရှိ၍ကျွန်တော်အိမ်သို့ ခဏပြန်ပါသည်အမှန်က တော့ အိမ်မပြန်ချင်သဖြင့် ဘော်တာ့အဝတ်တွေယူဝတ်လိုက်၊အကျႌသုံးလေးစုံ လောက်ဆိုင်ကဝယ်ဝတ်လိုက်လုပ်နေရာမှ ကျွန်တော့်ကွန်ပျူတာထဲကစာရင်း တောင်းတချို့ ကိုကူးဖို့ လိုသဖြင့် ၎င်း၊တလက်စထဲကျွန်တော့်အဝတ်တချို့ ယူရန် ၎င်းအဒေါ်တသ်နှင့်စင်သီယာတို့ ၏ကိစ္စကိုလည်းရှင်းလိုက်ရန်အတွက်၎င်းစိတ်ဆုံး ဖြတ်မိပြီးအိမ်သို့ပြန်ခဲ့ခြင်းဖြစ်ပါသည်။

ထိုနေ့ ကမျိုးသည်ကျွန်တော့်ထံသို့ ဖုန်းဆက်သည်။

"မောင်...မျိုးပါ..."

"အင်း...မောင်နားထောင်နေပါတယ်..."

"မောင်...တနင်္ဂနွေနေ့ မနက်ဆယ်နာရီလောက်...အိမ်ကိုဆက်ဆက် လာခဲ့ပါ..."

တဆင့်စကားတို့ ဖြင့်သာကြားခဲ့ရသောစကားကိုသူမဆိုလေပြီ။ကျွန် တော်ယူကြုံးမရစွာခံစားရပါသည်။

ပြောရက်လိုက်တာမျိုးရယ်..မောင့်ကိုကွာဖို့ မျိုးတကယ်ကိုဆုံးဖြတ်လိုက် ပြီလား။ကျွန်တော်ရင်ထဲကစကားကချို့ ပြောနေမိသော်လည်းအသံလုံးဝမထွက်။

"မောင့်ဆီက အကူအညီတစ်ခုတောင်းရဦးမယ်...မျိုးအဝတ်အစား တချို့ လိုချင်လို့ ယူလာပေးနိုင်မလားဟင်..."

"အင်း..."

မျိုးသည်ဖုန်းချသွားဖေါ်ကျွန်တော်တို့ လင်မယားခွဲနေသည်မှာ ရက်သတ္တ ပတ် သုံးပတ်မျှရှိသွားလေပြီ။ကျွန်တော့်မှာထိုသုံးပတ်အတွင်း နေ့ စဉ်မပြတ်ည စဉ်မပြတ်လွမ်းရပါသည်။လက်ထပ်ပြီးသည်မှ စ၍တစ်ရက်၊တစ်မနက်၊တစ်ညမျှ ခွဲမနေဘူးသောကြောင့် မနေတတ်မထိုင်တတ်ဖြစ်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က အိမ်သို့ ကျွန်တော်တစ်ယောက်ထဲသာပြန်ခဲ့မိသည်။ပြန်သာ ပြန်ခဲ့ရသော်လည်းရင်ထဲမှာတာလာဟင်းလင်း။မျိုးအနားမှာမရှိသဖြင့်အရာရာသည် မှိုင်းမှိုင်းသမျှသည်လွှမ်းစရာကောင်းနေသည်။ခြံရှေ့တွင်ကားရပ်လိုက်ပြီးဟွန်းတီး လိုက်သောအခါ စင်သီယာက တံခါးလာဖွင့်ပေးသည်။

ထိုးစံအတိုင်းပင်သူမသည် အိမ်မှာကျွန်တော်တို့မရှိသဖြင့်လွတ်လွတ် လပ်လပ်ပင်ဝတ်ထားပြန်သည်။စွပ်ကျယ်လက်ပြတ်အကျႌနှင့်အောက်ကတော့ရှင်း ဘောင်းဘီတို ။ဝင်းဝါဆူဖြိုးသောအသားစိုင်တွေကအရှိကိုအရှိအတိုင်း။

"တယ်..အစ်ကို...မမရောမပါဘူးလား..."

ကျွန်တော်ခေါင်းကိုခပ်လေးလေးခါလိုက်မိသည်။မျိုးနှင့်ကျွန်တော့်အ ကြောင်းကိုဖွင့်ပြောသင့်မသင့် ကျွန်တော်ဝေခွဲမရပါ။စင်သီယာသည်ကျွန်တော့်ရှေ့ မှ အိမ်ထဲသို့ တစ်လှမ်းချင်းဝင်သွားသည်။လှပသောကိုယ်ခန္ဓာနောက်ပိုင်းသည် တင့်တယ်နေ၏။ကျွန်တော်ခေါင်းကိုခပ်လေးလေးခါလိုက်မိပြန်သည်။

ညှော်ခန်းထဲရောက်သော်ကျွန်တော်ဆိုဖာမှာအသာဝင်ထိုင်လိုက်၏။

"စင်သီယာ...ဒေါ်ဟသ်ာရှိတယ်မဟုတ်လား...ခဏခေါ်လိုက်ပါ..."

ခဏနေတော့ကျွန်တော့်ရှေ့သို့နှစ်ယောက်စလုံးရောက်လာသည်။

"ကဲ..နှစ်ယောက်စလုံးထိုင်..."

စင်သီယာကကျွန်တော့်ရှေ့မှာအသာဝင်ထိုင်၍ဒေါ်ဟသ်ာက စင်သီယာ့ ဘေးမှာထိုင်၏။ဘယ်ကစပြောရလျှင်ကောင်းမည်နည်း။နှစ်ယောက်စလုံးကိုအလုပ် မှဖြုတ်လိုက်ပြီဟုပေါ်တင်ပင်ပြောလိုက်ရကောင်းမည်လား။သို့ သော်မျိုးပြောခဲ့ဘူး သောစကားတချို့ကိုပြန်ကြားမိပြန်သည်။

"အလုပ်တစ်ခုဆိုတာရခဲပါတယ်မောင်...နောက်ပြီး...နောက်တစ်ခုကို ပြောင်းလုပ်ရင်ရတယ်ဆိုပေမယ့်...မရခင်စပ်ကြားမှာ အတော်ကသိကြွမှာ...အဖြစ် အရမ်းကြီးရင်တော့တစ်မျိုးပေါ့...ဘာပဲဖြစ်ဖြစ်ပေါ့မောင်ရယ်...အလုပ်ထုတ်ရတော့ မယ်ဆိုရင်...မောင်သေသေချာချာတော့စဉ်းစားပါ...သူတို့နောက်တွယ်တာတွေ ကိုလည်း စဉ်းစားပါ..."

သည်ကိစ္စအပေါ်အရင်စလိုမဆုံးဖြတ်သေးတာပင်ကောင်းမည်ဟုစဉ်း

www.burmeseclassic.com



တအိပ်ပြန်သည်။

"မျိုး...သူ့မိဘအိမ်မှာ စိတ်ပြေလက်ပျောက် ခဏနေလိမ့်ဦးမယ်.. ဘယ်တော့လောက်စိတ်ပြေလက်ပျောက်ဖြစ်မလဲတော့ကျွန်တော်မသိဘူး...ကျွန်တော်လည်း...မျိုးနဲ့တိုမှာခဏလိုက်နေမယ်ဆိုတော့...ဒီအိမ်ကိုဒေါ်ဟသ်ာနဲ့စင်သီယာတာပဲဆက်စောင့်ရှောက်ပေးထားပါ..."

ကျွန်တော့်ကိုယ်ကျွန်တော်အဘယ်ကြောင့်ထိုစကားတွေပြောမိသွားသည်ကိုမသိ။အမှန်ကတော့ဒေါ်ဟသ်ာနှင့်စင်သီယာကိုတစ်ခါတည်းပေါ်တင်ဖွင့်ပြောပြီးအလုပ်ထုတ်လိုက်ဖို့ကောင်းသည်။သို့သော်အမှန်အတိုင်းပြောရလျှင်ကျွန်တော်မပြောရက်ပြန်။

သူတို့ကိုအလုပ်မထုတ်ဘဲ။နေရာပြောင်းပေးဖို့ကလည်းမဖြစ်နိုင်ပါ။

ပြီးတော့ တနင်္ဂနွေနေ့ဆိုလျှင် မျိုးသည်ကျွန်တော့်ကိုကွာရှင်းပေတော့မည်။ထိုအခါ မျိုးမိဘတွေကျွန်တော်တို့နှစ်ယောက်ကိုလက်ဖွဲ့ခဲ့သောသည်အိမ်ကြီးကိုကျွန်တော် မျိုးထံပြန်ပေးလိုက်ပေတော့မည်။တနင်္ဂနွေနေ့ပြီးတော့မှပဲစင်သီယာနှင့်ဒေါ်ဟသ်ာတို့ကိစ္စကိုရှင်းလိုက်တော့မည်။

"ဈေးဖိုးနဲ့အထွေထွေ အသုံးစရိတ်ကို ကျွန်တော်လောက်လောက်ငှငှပေးထားခဲ့မယ်..."

"မမက..အရမ်းသနားဖို့ကောင်းပါတယ်အစ်ကိုရယ်...ဂရုစိုက်ပေးပါ.. စင်သီယာ..မမကိုအရမ်းသတိရပါတယ်လို့ပြောပေးပါ ..."

"သမီးလေးမျိုးကို...အဒေါ်လည်း အရမ်းသတိရနေတယ်ဆိုတာပြောလိုက်ပါ..သားရယ်..."

ကျွန်တော်ဒေါ်ဟသ်ာကိုခေါင်းညိတ်ပြလိုက်သည်။ဒေါ်ဟသ်ာကိုစကားတချို့ပြောချင်သော်လည်းမပြောဖြစ်။ကျွန်တော့်မျက်နှာမကောင်းသည်ကိုသူတို့သိကြပေလိမ့်မည်။

"စင်သီယာ...အိမ်ကိုခဏပြန်ချင်သေးလား...ဒေါ်ဟသ်ာရော..အိမ်ကိုခဏပြန်ချင်သေးလား...ပြန်ချင်ရင်ပြန်လို့ရတယ်...မပြန်ချင်လည်းကိစ္စမရှိဘူး..."



www.burmeseclassic.com

www.burmeseclassic.com



"စင်သီယာတော့..ဖေဖေ့ဆီခဏပြန်ချင်တယ်အစ်ကို..."

"အဒေါ်လည်းရွာခဏပြန်ချင်တယ်...အဲဒါလစာလေးပါထုတ်သွားလို့ရ မလားဟင်...ပြန်မယ်ဆိုရင်တော့မနက်ဖြန်လောက်ပြန်ချင်တယ်..."

သည်တော့မှကျွန်တော်လည်းသူတို့နှစ်ယောက်အတွက်လစာတွေ ထုတ်ပေးမိသည်။ပြီးတော့ကျွန်တော်တို့အခန်းထဲကျွန်တော်ဝင်လာခဲ့သည်။မျိုးမ ရှိသောအခန်းသည်လွှမ်းမောဖွယ်အတိပြစ်နေ၏။ဘီရိုကိုဖွင့်၍အဝတ်အစားတွေကို ယူရန်ပြုပြီးမှ မနက်ဖြန်စင်သီယာနှင့်ဒေါ်တသံ့တို့ရွာပြန်ကြလျှင်ဤအိမ်၌မည်သူ မျှမရှိ၍မဖြစ်ပါ။

သော်တာ့ကိုလည်းကျွန်တော်အားနာသင့်လေပြီ။သည်မှာကျွန်တော် လာနေဖို့ကျတော့လည်း အလွန်ခံစားရမည့်ကိစ္စဖြစ်နေသဖြင့်မကြံတတ်အောင် ဖြစ်နေမိသည်။သို့သော်ကျွန်တော်ကယောကျ်ားပဲ။ယောကျ်ားဆိုတာဘယ်လောက် ခံစားရခံစားရ၊ ခံနိုင်ရည်ရှိရမည်ပဲ။တဆက်တည်းမှာပင် ကျွန်တော်တို့နှစ်ယောက် တွာရှင်းကြမည့်ကိစ္စကိုကျွန်တော့်လိုယောကျ်ားရင့်မာကြီးတစ်ယောက်ကတောင် သည်မျှကြေကွဲခံစားနေရလျှင်မျိုးကဲ့သို့နုနယ်သောမိန်းကလေးဆိုလျှင်ဆိုဖွယ်မရှိ ပြီ။

မျိုး၏အဝတ်အစားတွေကိုသာကျွန်တော်ဘီရိုထဲကဆွဲထုတ်ကာခုတင် ပေါ်သို့တင်သည်။ထိုအခါ ကျွန်တော်နှင့်မျိုးချစ်သူဘဝတုန်းက မျိုး၏မွေးနေ့လက် ဆောင်အဖြစ်ပေးထားသော အသည်းပုံမှန်ပေါင်လေးထဲထည့်ထားသောမျိုးနှင့်ကျွန် တော်တို့နှစ်ယောက်တွဲဓာတ်ပုံလေးကထွက်လာသည်။

ဓာတ်ပုံကိုကျွန်တော်သေသေချာချာကြည့်မိပြန်သည်။သည်ဓာတ်ပုံတို မျိုးပြန်သိမ်းထားချင်ပါဦးမည်လားသိချင်သည်။ကျွန်တော်လည်းမျိုး၏အဝတ်အစား တွေကိုအိတ်တစ်အိတ်နှင့်သိမ်းကျုံးထည့်ကာအခန်းပြင်ထွက်ခဲ့သည်။ပြီးတော့အ ပေါ်ထပ်ခဏတက်၍ကွန်ပျူတာထဲက အချက်အလက်တချို့ကို မင်းပိုရီ စတော်နှင့် အသာကူးလိုက်သည်။

ကျွန်တော်အောက်ထပ်ပြန်ရောက်တော့ ဒေါ်တသံ့မရှိတော့ဘဲစင်သီ ယာတစ်ယောက်ထဲသာကျွန်တော့်ကိုစောင့်နေ၏။ကျွန်တော်လည်းစောစောတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ထားသည့်မိုး၏အဝတ်အစားအိတ်ကိုအသာကောက်ယူလိုက်သည်။

"အစ်ကို..."

ကျွန်တော်စင်သီယာ့ကိုကြည့်လိုက်သည်။ဇွပ်ကျယ်အင်္ကျီအောက်မှဖွံ့ဖြိုးလှပသောရင်အစုံ။လက်မောင်းသားသည်ဝင်းမွတ်နေ၏။ဆံကေသာတို့သည်သူမ၏ပခုံးပေါ်သို့ပြေလျောကျနေ၏။

"အစ်ကိုနဲ့မမ...စင်သီယာ့ကြောင့် စကားများကြတယ်မဟုတ်လား အစ်ကို...အစ်ကိုတို့လင်မယားကြားမှာပြဿနာတစ်ခုခုရှိတယ်မဟုတ်လားတင်"

ကျွန်တော်မျက်မှောင်ကုတ်လိုက်မိ၏။စင်သီယာသိသွားပြီလား။သူမဘာယ်လိုသိတာပါလိမ့်။

"ဒေါ်တာသ်ာကစင်သီယာ့ကိုဖွင့်ပြောတယ်အစ်ကို...ပထမတော့ဒေါ်တာသ်ာကိုယ်တိုင် အထင်လွဲနေတာ...နောက်မှစင်သီယာရှင်းပြလိုက်မှ ဒေါ်တာသ်ာလည်းယုံသွားတယ်...နောက်ပြီးမမက...ဒေါ်တာသ်ာဆီဖုန်းဆက်ပြီး အစ်ကိုနဲ့စင်သီယာတို့နှစ်ယောက်အကြောင်းကိုမေးတယ်တဲ့..."

စင်သီယာသည်ကျွန်ုပ်ဟော့ရှေ့မှာလာရပ်သည်။သင်းပျံ့သောကိုယ်သင်းနံ့သည်ဝေ့နေလေ၏။မျက်လုံးအစုံသည်တောက်ပနေသဖြင့်ကျွန်တော်သေသေချာချာမကြည့်ရဲ။

"စင်သီယာ..မမနဲ့လိုက်တွေ့ချင်တယ်အစ်ကို...ဘာပဲဖြစ်ဖြစ်..သည်ကိစ္စကိုစင်သီယာရှင်းပြချင်တယ်..."

ကျွန်တော်စင်သီယာကိုပြုံးပြလိုက်သည်။သို့သော်ထိုအပြုံးသည်ပီပြင်ချင်မှလည်းပီပြင်ပေလိမ့်မည်။မိုးသည်ယခုအချိန်၌သိကြားမင်းဆင်းတားတော်မှသူမ၏စိတ်သဘောထားကိုပြင်ဆင်လိမ့်မည်မဟုတ်ဟုကျွန်တော်သိနေ၏။သို့သော်ရေနစ်သူသည်ကောက်ရိုးမျှင်တစ်စကိုပင်အားကိုးတကြီးနှင့်ဆုပ်ကိုင်တတ်သေး၏။

ကျွန်တော်လည်းစင်သီယာ့ကိုကောက်ရိုးမျှင်လေးတစ်စအဖြစ်အားကိုးမိလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၂ )

တိုက်တိုက်ဆိုင်ဆိုင်ပင် စင်သီယာနှင့်ကျွန်တော် အတူစီးလာသောတား တို မျိုး၏မိခင်ကတွေ့သွား၏။မျိုး၏မိခင်သည် ကျွန်တော်တို့နှစ်ဦးကိုသူမ၏တား ဖြင့်ဘေးချင်းယှဉ်အတက်တွင်မြင်သွားခြင်းပင်ဖြစ်ပါသည်။ကျွန်တော်ကထိတ်လန့် သွားသလို အသွားကြီးက မျက်နှာပျက်သွား၏။ပြီးတော့ ကျွန်တော်တို့ကိုမမြင် ချင်ယောင်ဆောင်ပြီး ကားကိုခပ်သွက်သွက်မောင်းထွက်သွား၏။

"ပြဿနာပဲ..."

"ဘာဖြစ်လို့လဲ..အစ်ကို..."

စင်သီယာကဘာမှမသိ။ကျွန်တော်ခေါင်းအသာယမ်းပြလိုက်မိသည်။ တစ်စုံတစ်ခုကိုကျွန်တော်စိုးရိမ်ထိတ်လန့်နေမိသည်။ကျွန်တော့်အတွက်အရာရာ သည်အဆိုးဘက်သို့ဦးတည်နေလေပြီ။သိပ်မကြာမီပင် မျိုးတို့အိမ်ရှေ့သို့ကျွန် တော်တို့ရောက်သွားသည်။မျိုး၏မိခင်ကကျွန်တော်တို့နှစ်ယောက်ကိုမျက်နှာထား တင်းတင်းနှင့်ဆီးကြိုနေလေ၏။

"မေမေ...မျိုးကျွန်တော့်အပေါ်အာထင်လွဲနေတာတွေကိုရှင်းပြချင်လို့- မျိုးနဲ့ခဏတွေ့ပါရစေ..."

"မင်း...မျိုးနဲ့တွေ့ခွင့်မရနိုင်ဘူး..တွေ့ချင်ရင်...တနင်္ဂနွေနေ့မှတွေ့၊"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူးမေမေ..ကျွန်တော်မျိုးကိုရှင်းပြမှဖြစ်မှာမို့ပါ..."

"မျိုးအဝတ်အစားတွေထားပြီး...မင်းပြန်နိုင်ပါပြီ..."

"ကျွန်တော်တောင်းပန်ပါတယ်...ခဏလေးလောက်ဖြစ်ဖြစ်တွေ့ခွင့်ပေးပါမေမေ..."

"တနင်္ဂနွေကျမှတွေ့ပါ..."

ကျွန်တော်ခေါင်းငိုက်စိုက်ကျသွားမိသည်။လက်ထဲကမျိုး၏အဝတ်အစားအိတ်ကိုမျိုး၏မိခင်သို့လှမ်းပေးလိုက်မိသည်။စင်သီယာသည်ကျွန်တော်တို့ကိုမျက်လုံးလေးပိုင်းပြီးကြည့်နေ၏။ခြံထဲမှ ကားပြန်မောင်းထွက်လာချိန်တွင်ကျွန်တော်တောက်တစ်ချက်ခေါက်လိုက်မိသည်။

"အစ်ကိုတို့ပြဿနာက အရမ်းကြီးနေပြီ..."

ကျွန်တော်ဘာမှပြန်မပြောမိ။

"စင်သီယာ ဘာလုပ်ပေးရမလဲ အစ်ကို..."

"အခုမှတော့ ဘာမှလုပ်ပေးလို့ရမှာမဟုတ်တော့ဘူး...အဲဒီတော့မနက်ဖြန်ကျရင်စင်သီယာ စိတ်အေးလက်အေးနဲ့ စင်သီယာ့ဖေဖေဆီပြန်ပါ..."

"အစ်ကို့အတွက်စင်သီယာစိတ်မကောင်းဘူးအစ်ကို...စင်သီယာကြောင့်ဖြစ်ကြရတာဆိုတော့ စင်သီယာတောင်းပန်ပါတယ်...စင်သီယာဆုံးဖြတ်လိုက်ပြီအစ်ကို...စင်သီယာအလုပ်ထွက်တော့မယ်...ဖေဖေ့ဆီမှာပဲအပြီးနေတော့မယ်..."

စင်သီယာ့အတွက်ကျွန်တော်စိတ်မကောင်းဖြစ်သွားမိသည်။

"စင်သီယာ...အစ်ကိုတို့တစ်ခုခု သောက်ရင်းနဲ့စကားနည်းနည်းပြောကြရအောင်..."

အအေးဆိုင်ရောက်တော့ ကျွန်တော်တည်ငြိမ်စွာပဲ စကားစပါသည်။

"ပြဿနာတွေအားလုံးဟာ...ညီမလေးတစ်ယောက်တည်းကြောင့်မဟုတ်ဘူးညီမလေး...အစ်ကို့ကိုမျိုးငြင်းပယ်နေတဲ့တခြားအကြောင်းတွေရှိသေးတယ်...နောက်တစ်ချက်က..ညီမလေးရဲ့ဘဝကိုနယ်မြို့လေးတစ်မြို့မှာမြှုပ်နှံချင်ပါနဲ့...ညီမလေးရဲ့ရိုးသားဖြူစင်မှု...ညီမလေးရဲ့ဉာဏ်ရည်ထက်မြက်မှုတွေကိုအစ်ကို အသိအမှတ်ပြုပါတယ်...မျိုးအစ်ကို့အပေါ်ဘယ်လိုပဲသဘောထားထား



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဆုံးဖြတ်ဆုံးဖြတ်...ညီမလေးရန်ကုန်ကိုပြန်လာပါ...ဒီအိမ်မှာညီမလေး ဆက်နေဖို့မသင့်တော့ဘူးဆိုတော့...ညီမလေးကိုမိန်းကလေးအဆောင်တစ်ဆောင် မှာအစ်ကိုထားပေးပါ့မယ်...နောက်ပြီးညီမလေးအလုပ်လုပ်ပါ...ရိုးသားဖြောင့်တဲ့ အလုပ်အကိုင်တွေကိုတစ်ခုမဟုတ်တစ်ခုရအောင် အစ်ကိုကြိုးစားရှာပေးပါ့မယ် ဘာမှရှာလို့မရရင်လည်း...အစ်ကို့ကုမ္ပဏီမှာ ညီမလေးကိုသင့်တော်တဲ့နေရာ တစ်ခုခန့်ထားပေးမယ်..."

စင်သီယာ၏မျက်ဝန်း၌မျက်ရည်တွေပြည့်လျှံလာ၏။

"စင်သီယာ့အပေါ်..အစ်ကို အဲဒီလိုတွေလုပ်ပေးရင်..ပတ်ဝန်းကျင်က ကဲ့ရဲ့မှာ အစ်ကိုမစိုးရိမ်ဘူးလားတင်..."

"အစ်ကိုတို့မှန်နေတာပဲ..စင်သီယာ...မှန်တာကိုလုပ်တဲ့လူတစ်ယောက် ဟာ ဝေဖန်မှာ...ကဲ့ရဲ့မှာကိုလုံးဝ ဂရုမစိုက်တော့ဘူး..."

"အစ်ကို့လို..အစ်ကိုတစ်ယောက်...စင်သီယာ့မှာရှိချင်လိုက်တာ..."

စားသောက်ဆိုင်ထဲတွင်လုံးဝတိတ်ဆိတ်သွား၏။စင်သီယာ့စကားသည် ကျွန်တော့်ရင်ထဲသို့စူးနစ်၍ဝင်ရောက်သွား၏။ယခုအချိန်တွင်စင်သီယာ မည်သို့ ခံစားနေရမည်ကိုကျွန်တော်မသိသော်လည်းကျွန်တော့်ရင်ထဲတွင်မူငြိမ်းချမ်းနေ လေ၏။

သို့သော် သန်ဘက်ခါတွင် ရောက်လာတော့မည့်တနင်္ဂနွေသည်ကျွန် တော့်နှလုံးသားကိုဖုတ်သွင်းသပြိုတ်မည့်နေ့ဖြစ်မည်လားတော့မပြောတတ်။ စင်သီယာ့ကိုအိမ်ပြန်ပို့ပြီးပြန်ထွက်လာသောအခါဖေဖေ့ဆီကဖုန်းဝင်လာသည်။

"သား..ဖေဖေ နဲ့စကားပြောရအောင်...ကျောက်ကုန်းက ဖေဖေတို့ ထိုင်နေကြစားသောက်ဆိုင်ကိုလိုက်လာခဲ့..."

"ဟုတ်ကဲ့ဖေဖေ.."

ဆိုင်ကိုကျွန်တော်ရောက်သွားတော့ဖေဖေက ကျွန်တော့်ကိုစွေစွေ စွာကြိုးပြသည်။သားအဖနှစ်ယောက်အလုပ်အကြောင်းခဏပြောပြီးသောအခါ ဖေ ဖေက..

"တနင်္ဂနွေနေ့ရောက်ဖို့သိပ်မလိုတော့ဘူးနော်သား...အဲ့ဒီနေ့တိုသား



www.burmeseclassic.com

www.burmeseclassic.com



သွားမှာလား..."

ယခုအချိန်ထိ ကျွန်တော်ဘာကိုမှပြတ်ပြတ်သားသားမဆုံးဖြတ်ရသေး။

"မသိသေးဘူးဖေဖေ.."

"ကွာရှင်းစာချုပ်ဆိုတာ..နှစ်ဦးသဘောတူလက်မှတ်ထိုးမှ..ကွာခွင့်ရတာပါ...သိပ်တော့လည်း..စိတ်မညစ်ပါနဲ့ ကွာ...သားဘက်ကလက်မှတ်မထိုးသ၍ ရိုးတာ...သားရဲ့ ဇနီးပါဘဲ..."

ဖေဖေ့စကားသည်ကျွန်တော့်နားသို့ မဝင်တစ်ချက် ဝင်တစ်ချက်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၃ )

တယ်လီဖုန်းနားထောင်ခွက်ထဲမှ အလွန်တိုးသောအသံတချို့ကိုကြားနေရသည်။သို့သော်ကျွန်တော်အလွန်ကြားချင်နေသည့်မျိုး၏အသံလေးကိုတစ်လုံးမျှမကြားရသေး။

"မျိုး..မောင်လေ...ရှေ့လကစပြီး...ဝန်ထမ်းတွေကိုလစာတိုးပေးဖို့ဖေဖေနဲ့တိုင်ပင်ပြီးစီစဉ်လိုက်ပြီ...နောက်ပြီးစင်သီယာနဲ့ဒေါ်တာသ်လည်းတောတိုခဏပြန်ချင်ကြတယ်ဆိုလို့ပြန်ခွင့်ပေးလိုက်တယ်..သူတို့ပြန်လာမှပဲ..အလုပ်ထုတ်ပစ်ဖို့ကိစ္စပြောရတော့မှာပဲ...ဒေါ်တာသ်နဲ့စင်သီယာက မျိုးကိုအရမ်းသတိရတယ်ဆိုတာပြောပေးပါတဲ့..."

မျိုးအသံကိုမကြားရသေး။

"မျိုးနေကောင်းလားဟင်...မောင်အခု..အိမ်ကဆက်နေတာ...အိမ်မှာဘယ်သူမှမရှိကြဘူး..မောင်တစ်ယောက်ထဲ...ဒီနေ့ညစာတော့...ဆိုင်တဝဲကြက်သားဟင်းတစ်ပွဲနဲ့..ပဲဟင်းတစ်ပွဲ..ဝယ်စားလိုက်တယ်...တစ်ယောက်ထဲနေမှ မိုးကိုပိုသတိရတယ်မျိုးရယ်...ဒီနေ့မနက်လေ...မောင်အိပ်ရာကစောစောထပြီးဘုရားသွားလိုက်တယ်...ဘုရားပန်းတွေသွားဝယ်ပြီး ဘုရားပန်းအသစ်လဲတယ်ပြီးဆွမ်းတော်ရေကပ်တယ်...ပြီးတော့လေ...မောင်ဝယ်လာတဲ့ မုန့်တွေကိုလည်းဆွမ်း



www.burmeseclassic.com

www.burmeseclassic.com



တော်တစ်လိုက်တယ်...ပြီးတော့လေ...မျိုးနေတောင်းဖို့....မျိုးကျန်းမာဖို့...မောင်ဆုတောင်းတယ်...မျိုးအတွက် မေတ္တာပို့တယ်..."

ကျွန်တော့်အသံသည်လှိုက်ကျသွား၏။

"မောင့်ကိုစကားလေးဘာလေးပြန်ပြောပါဦးလားမျိုးရယ်..."

ဘာသံမျှမကြားရ။ကျွန်တော်ဝမ်းနည်းလာလေသည်။သက်ပြင်းတစ်ချက်ချလိုက်ရင်း...

"မျိုး...မောင်ဆုံးဖြတ်လိုက်ပါပြီ...မနက်ဖြန်တနင်္ဂနွေနေ့မနက်ဆယ်နာရီကိုမောင်...မျိုးဆီအရောက်လာခဲ့ပါ့မယ်...မျိုးစိတ်ချမ်းသာဖို့ဆို ဘဝတစ်ခုလုံးနဲ့တောင်လဲရဲတဲ့ကောင်ပါ...မျိုးစိတ်ချမ်းသာသလိုဖြစ်စေရမယ်...မျိုးအိပ်တော့နော်ကြော်...မျိုး...မောင့်အနားမှာသာရှိရင်...မျိုးကိုစောင်ခြုံပေးမယ်...မောင့်ရင်ခွင်ထဲမှာထားပြီး...ပုံပြင်လေးတွေပြောပြပြီးသိပ်ချင်တယ်...မောင့်ရင်ခွင်ထဲမှာငြိမ်းငြိမ်းချမ်းချမ်းလေးအိပ်နေတတ်တဲ့မျိုးကိုကြည့်ပြီးမောင်ပီတိဖြစ်ခဲ့ရတဲ့ညတွေကိုမောင်တစ်သက်လုံးလွမ်းနေမှာပါ...အိပ်နော်...မျိုးအိပ်တော့..."

ရှိုက်သံတစ်ချက်ကြားလိုက်ပြီးတယ်လီဖုန်းကိုပိတ်လိုက်၏။ညဆယ့်တစ်နာရီရှိနေလေပြီ။အလုပ်တွေရှိသေးသော်လည်းလုပ်ချင်စိတ်မရှိ။အိပ်ရာမှအသာထကာ စီဒီအခွေတစ်ခွေကိုတက်ဆက်ထဲထည့်ကာဖွင့်လိုက်၏။ဘတ်ခ်၏ကြော်ခတ်စတြာ တေးသွားသည်ငြိမ့်ညောင်းစွာဖြင့်ထွက်ပေါ်လာသည်။

တယောအဖွဲ့အနွဲ့သည်ရင်ထဲမှအလွမ်းကိုနှိုးဆွပေးနေသလို ရှိ၏။အိပ်ရှေ့ခန်းတလေးသို့အကြည့်ရောက်သွား၏။အခန်းကလေးသည်ငြိမ်သက်နေ၏။အိပ်ချင်စိတ်တလုံးဝမရှိ။နွေလေညှင်းတစ်ချက်ကခပ်ဖြည်းဖြည်းလေးဝေ့သွား၏။ရင်ထဲမှာတာနေသည်။မျိုးမရှိသောဘဝသည်ဘာမှအဓိပ္ပါယ်ရှိတော့မည်မဟုတ်ပါ။

ခဏနေတော့ အိပ်မရသည့်အတူအလုပ်သွားလုပ်နေတာကောင်းမည်တုစဥ်းစားမိပြီးအပေါ်ထပ်အလုပ်ခန်းသို့တက်ခဲ့သည်။အလုပ်ခန်းသို့မဝင်မီစင်္ကြံသီယာ၏အခန်းသို့မျက်လုံးရောက်သွားပြန်သည်။ခေတ်မီလွှတ်လပ်သောမိန်းကလေးဆိုသော်လည်းအခန်းထဲကပစ္စည်းတွေက သေသေသပ်သပ်ရှိနေ၏။စင်္ကြံသီယာသည်မျိုး၏သူနာပြုဆိုသော်လည်း အချိန်ရလျှင်ရသလို အိမ်သန့်ရှင်းရေးကို

www.burmeseclassic.com



လုပ်လေ့ရှိပါသည်။

စင်သီယာ့ခုတင်ဘေးက စားပွဲပေါ်မှာ ခိုင်ယာရီစာအုပ်လေးတစ်အုပ် တပွင့်လျက်သား။မရည်ရွယ်ပါဘဲလျက်ကျွန်တော်စပ်စုချင်လာသည်။ထို့ကြောင့် စင်သီယာ့အခန်းထဲသို့ အသာဝင်လိုက်မိသည်။ပြီးတော့မှ တစ်စိမ်းတရုံမိန်းမပျို တစ်ဦး၏အခန်းထဲသို့ ဝင်မိသည့်အဖြစ်ကို မသိုးမသန့်ဖြစ်မိပြန်သည်။အသာ ပြန်လှည့်ထွက်မည်ပြုပြီးမှ စားပွဲပေါ်ကစာရွက်ခေါက်တစ်ခုကိုမြင်သဖြင့်ဖွင့်ဖတ် လိုက်မိသည်။

*အစ်ကို /*

*စင်သီယာ ရိုသေစွာ ကန်တော့ခဲ့ပါတယ်...စင်သီယာတွေ့ ဆုံခဲ့တဲ့ယောကျ်ားတွေထဲမှာ အစ်ကိုဟာ...စင်သီယာ အလေးစားရဆုံး ယောကျ်ားတစ်ယောက်ပါ...အစ်ကို့ရဲ့ မမမျိုးအပေါ်မှာထားတဲ့သဘော ထား...အကြင်နာမေတ္တာတွေဟာ...စင်သီယာလို မိန်းကလေးတစ်ယောက် အတွက်အားကျစရာဖြစ်ခဲ့ပါတယ်အစ်ကို...နောက်ပြီး အစ်ကိုဟာ ရုပ်ချော တယ်...ကျန်းမာသန်စွမ်းတယ်...ပညာတတ်တယ်...ပြီးတော့ ချမ်းသာတယ် ဒီလိုအခြေအနေမျိုးရှိတဲ့ ယောကျ်ားတစ်ယောက်ကိုဘယ်မိန်းကလေးမဆို ရင်ခုန်မိမှာပဲ...*

*အမှန်အတိုင်းဝန်ခံရရင်...စင်သီယာ အစ်ကို့ကိုရင်ခုန်ခဲ့ပါတယ် အစ်ကို...ရေကူးဝတ်စုံဝတ်ထားတဲ့စင်သီယာ့ကိုမမမျိုးအမှတ်နဲ့ အစ်ကို နမ်းလိုက်တဲ့နေ့က ရင်အခုန်ရဆုံးပါ...စင်သီယာ မရှက်ပါဘူး...စင်သီ ယာလေ..အစ်ကို့ကိုချစ်ခဲ့မိတယ်...*

*ဒါပေမယ့်...မမမျိုးကိုသနားတဲ့စိတ်ရယ်...အစ်ကို့ရဲ့ မမမျိုး အပေါ်ထားတဲ့ အချစ်တွေကိုနားလည်လာလို့ စင်သီယာမျိုသိပ်လိုက်ရ ပါတယ်...ပြီးတော့ စင်သီယာ့အပေါ် မိုးသားတဲ့အစ်ကို့စေတနာကိုသိလိုက် ရတော့ စင်သီယာမှားသွားပြီဆိုတာ သိလိုက်ရတယ်...စင်သီယာ အစ်ကို့ကို ကန်တော့ခဲ့ပါတယ်...မမကိုလည်းကန်တော့ခဲ့ပါတယ်...စင်သီယာပြန်မ လာတော့ပါဘူး...အစ်ကိုနဲ့ မမပြန်အဆင်ပြေပါစေ...*

*/ စင်သီယာ...*



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်စာရွက်ကလေးကိုပြန်ခေါက်လိုက်မိသည်။ပြီးတော့သူမ၏ဒိုင်ယာရီလေးကိုဖွင့်ဖတ်လိုက်မိသည်။သူမ၏ရင်ခုန်ရသည့်နေ့ရက်တွေအကြောင်း၊ စိတ်ခံစားမှုတွေအကြောင်းရေးထားသည်။စာအုပ်ကိုပြန်ပိတ်ကာကျွန်တော့်အခန်းထဲသို့ယူလာခဲ့မိသည်။

ပြီးတော့ကွန်ပျူတာရှေ့မှာထိုင်ပြီးသက်ပြင်းတစ်ချက်မှုတ်ထုတ်မိပြန်၏။

မျိုးတို့ခြံထဲသို့ကားကိုကျွန်တော်ချိုးကွေ့၍ဝင်လိုက်သည်။မျိုးအတွက်မြေစရန် ခေါ်ထားသောမျိုး၏တူမလေးမိစုက ကျွန်တော့်ကိုထွက်ကြိုနေ၏။ကားကိုစက်သပ်လိုက်ရင်း ကားပေါ်ကဆင်းလိုက်မိပါသည်။ရင်ထဲတွင် ဗလာဖြစ်နေပြီးခြေထောက်တွေ ရှေ့ရာသို့ သာလှမ်းလိုက်နေသလိုဖြစ်နေ၏။

ဧည့်ခန်းထဲမှာ ဧည့်သည်သုံးယောက်ထိုင်နေသည်။မျိုးကတော့ဝှီးချဲလေးပေါ်မှာကျွန်တော့်ဘက်ကိုကျောပေး၍ထိုင်နေ၏။

"လာ...သားထိုင်ပါ..."

ဧည့်ခန်းသည်တိတ်ဆိတ်နေသဖြင့်ချောက်ခြားဖွယ်ကောင်းနေသည်။မျိုးမေမေက ဧည့်သည်သုံးယောက်နှင့်ကျွန်တော့်ကိုမိတ်ဆက်ပေးသည်။တစ်ဦးသည်တိုင်းတရားသူကြီးဦးအောင်မြင့်ဆိုတာဖြစ်ပြီး နောက်တစ်ဦးကတော့ရပ်ကွက်လူကြီးတစ်ဦးဖြစ်ပါသည်။ကျန်တစ်ဦးကတော့ မျိုးဖေဖေ၏သူငယ်ချင်းတစ်ဦးဖြစ်ပါသည်။

အန်ကယ်ဦးပီတာသည် ပြတင်းပေါက်နားမှာရပ်ပြီးကျွန်တော့်ကိုလှမ်းကြည့်နေ၏။

"ကဲ...မောင်မင်းဆွေလည်းရောက်လာပြီဆိုတော့ အန်ကယ်တို့ပြောစရာရှိတာတွေပြောကြရအောင်...၊အမှန်အားဖြင့်တော့ လင်မယားကွာရှင်းတဲ့ကိစ္စတွေကို တရားရုံးမှာ သာလုပ်လေ့လုပ်ထရှိပေမယ့်...အခုကိစ္စမှာတော့ သမီးလေး

www.burmeseclassic.com



မျိုးတာ မသန်မစွမ်းဖြစ်နေတာက တစ်ပိုင်း ဖခင်ကွယ်လွန်ပြီးစဖြစ်နေလို့ စိတ်ညှိုးနွမ်းနေတာက တစ်ပိုင်းကြောင့် အန်ကယ်တို့ သမီးလေးမျိုးရဲ့ အိမ်မှာစဲ မောင်မင်းဆွေ နဲ့ တွေ့ဖို့ စီစဉ်လိုက်ကြတာ...”

တရားသူကြီးသည် စကားကိုခဏရပ်၍ကျွန်တော့်ကိုတစ်ချက်ကြည့်၏။

“အဲဒီတော့...သမီးလေးမျိုးက သားကိုကွာရှင်းပေးချင်နေတယ်...သား ဘက်ကရော ဘာပြောစရာရှိသလဲ...ကွာရှင်းတယ်ဆိုတာ နှစ်ဦးသဘောတူဖြစ်မှ လုပ်လို့ရတာမို့ သားရဲ့သဘောတူညီမှု လိုပါတယ်...”

“ကျွန်တော်မျိုးကို စကားနည်းနည်းပြောပါရစေ ...”

မျိုးမေမေက ခေါင်းညိတ်သည်။သို့သော်မျက်နှာတော့သိပ်မကောင်း။ ကျွန်တော်မျိုးအနီးမှာသွားရပ်လိုက်သည်။

“မျိုး...”

မျိုးသည်ကျွန်တော့်ကိုမျက်ရည်ပြည့်သောမျက်လုံးဖြင့်မော့ကြည့်သည်။

“မောင်...ဒီကိုလာတာ...မျိုးစိတ်ချမ်းသာတာမှန်သမျှလုပ်ပေးဖို့ လာတာ ပါ...အခုလို မောင့်ကိုမျိုးကွာရှင်းပေးလိုက်ရင် မျိုးစိတ်ချမ်းသာမယ်လို့ထင်သလား နောက်ပြီးမောင်ရော ...စိတ်ချမ်းသာသွားမယ်လို့ ထင်သလား...မောင့်ကိုစွန့်ပေး လိုက်ရင် မျိုးစိတ်ချမ်းသာမယ်ဆိုရင်တော့...မောင် အဲဒီကွာရှင်းစာချုပ်မှာလက်မှတ် ထိုးပေးပါ့မယ်...”

မျိုး၏ပါးပြင်ပေါ်သို့ မျက်ရည်တွေကစီးကျလာသည်။ကျွန်တော်မျိုးအနီး မှာဒူးထောက်၍မျိုး၏ပါးပေါ်ကမျက်ရည်တွေကိုသုတ်ပေးမိသည်။မျိုးကမငြင်း။

“ပြောလေမျိုး...အခုလိုလုပ်မယ့်အတွက်...မျိုးစိတ်ချမ်းသာလား...”

“အဓိက ကတော့ မောင်စိတ်ချမ်းသာဖို့ပါ...မောင့်ဘဝမှာမျိုးရဲ့ အနှောင်အဖွဲ့တွေကလွတ်ဖို့ မျိုးအခုလိုစီစဉ်လိုက်တာပါ...မောင်စိတ်ချမ်းသာဖို့ မျိုး လုပ်တာပါ...ဒီတော့ မောင်စာချုပ်မှာလက်မှတ်သာထိုးပေးပါ...”

“ဟုတ်ပြီ...မျိုးဆန္ဒအတိုင်းပဲ...မောင်လက်မှတ်ထိုးပေးပါ့မယ်...ဒါပေ မယ့်...”

ကျွန်တော်စကားကိုခဏရပ်လိုက်ပြီး မတ်တပ်ထရပ်လိုက်မိသည်။



www.burmeseclassic.com

"ကျွန်တော် တစ်ခုတောင်းဆိုချင်ပါတယ်...ကျွန်တော်နဲ့ မိုးဆယ်မိနစ်လောက် စကားလွတ်လွတ်လပ်လပ်ပြောချင်ပါတယ်...အဲဒီတော့ အားလုံးပဲ ကျေးဇူးပြု၍ခဏလောက်အပြင်ထွက်ပေးကြပါခင်ဗျာ...."

မိုးမေမေ နှင့် လူကြီးတွေတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြပြီးတော့ခေါင်းညိတ်ပြလိုက်ကြပြီး အိမ်ရှေ့သို့ ရှေ့ဆင့်နောက်ဆင့်ထွက်သွားကြ၏။ သူတို့ တွေအပြင်ရောက်သွားသောအခါမှ...

"မိုး...အိမ်ထောင်ရေးမှာ...မိုးထင်နေတဲ့အချက်တွေ အရေးမကြီးဘူးဆိုတာ မောင်သက်သေပြခဲ့ပြီးပြီ...မိုးဆက်မပေါက်ဖွားပေမယ့်...အသက်ထက်ဆုံးတည်မြဲနေကြတဲ့အိမ်ထောင်တွေလည်း နုနဲ့ ဒေးပါ...နောက်ပြီးမိုမ ကိစ္စဆိုတာလည်း မောင့်အတွက်တော့ အရေးမကြီးပါဘူး....နောက်ပြီးမောင့်သစ္စာတရားအတွက်မောင် သစ္စာဆိုဝံ့ပါတယ်...ရော့...မိုး...ဒီစာကိုဖတ်ကြည့်...."

မိုးသည်မျက်ရည်တွေကျလျက်က ကျွန်တော်ကမ်းပေးသည့်စာကိုဆွဲယူဖတ်ကြည့်လေသည်။

"အဲဒီစာတာ...မောင့်သစ္စာတရားအတွက် သက်သေပဲ.."

စာကိုမိုးဖတ်ပြီးချိန်လောက်တွင် အပြင်မှာခဏရှောင်ပေးနေကြသည့်လူကြီးတွေကိုကျွန်တော်ထွက်ခေါ်လိုက်သောအခါသူတို့ ခပ်ဖြည်းဖြည်းပြန်ဝင်လာကြသည်။

"ကဲ..ကျွန်တော်တို့ လက်မှတ်ထိုးဖို့ အဆင်သင့်ဖြစ်နေပါပြီ..."

"ကျွန်မ...လက်မှတ်မထိုးတော့ပါဘူး.."

"ဟင်..."

အားလုံး၏အာမေဋိတ်သံသည်ကျယ်လောင်စွာထွက်လာ၏။ကျွန်တော်လည်းအံ့အားသင့်စွာဖြင့် မိုး၏မျက်နှာကို ကြည့်လိုက်မိသည်။

"ကျွန်မ...မောင်နဲ့ ကွာရှင်းဖို့ ဆန္ဒမရှိတော့ပါဘူး...အဲဒီလိုပဲ...မောင်ကလည်းကျွန်မနဲ့ ဘယ်တော့မှကွာရှင်းမှာ မဟုတ်ပါဘူး...ဒါကြောင့်မို့ အားလုံးကိုသမီး အားနာစွာနဲ့ တောင်းပန်ပါတယ်..."

ညည်းသည်တွေ၏မျက်နှာတွေပြုံးသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကောင်းတာပေါ့သမီးရယ်...အန်ကယ်တို့ကလည်းသမီးသဘော ကြောင့်သာ လိုက်လျောနေရတာ...ဘယ်တရားသူကြီးမှ ကွာရှင်းစာချုပ်ဆိုတာ ကိုလက်မှတ်မထိုးချင်ကြဘူး...လက်ထပ်စာချုပ်တွေကိုသာလက်မှတ်ထိုးချင်ကြ တာပါ...နောက်ပြီး သမီးနဲ့သား..အန်ကယ်တို့ကိုအားမနာပါနဲ့...အန်ကယ်တို့ ကသမီးဖေဖေရဲ့မိတ်ဆွေတွေ ပါ...အခုတော့ သားနဲ့သမီး ချစ်ချစ်ခင်ခင် ဘဝ သက်ဆုံးတိုင် ပေါင်းသင်းရပါစေလို့ အန်ကယ်တို့ အားလုံးဆုတောင်းပေးပါတယ်"

မျိုးသည်ကျွန်တော့်လက်ကိုဆုပ်ထား၏။စောစောကတော့အိမ်တစ်အိမ် လုံးသည်တိတ်ဆိတ်ငြိမ်သက်ပြီး ချောက်ခြားဖွယ်ကောင်းနေသလောက်၊ယခုတော့ မြို့ရယ်သံမောသံတွေဖြင့် ချက်ခြင်းစည်ကားလာ၏။

ထိုအခိုက်မှာပင်ကျွန်တော့်ဖုန်းလေးက အသံစပ်တိုးတိုးမြည်လာသည်။ ဖေဖေ့ဆီကဖုန်း။

"သား...အခြေအနေဘယ်လိုလဲ..."

"ဖေဖေ..အခုဘယ်မှာလဲ...အိမ်မှာပဲလား.."

"အေး..အိမ်မှာပဲ...အနားမှာ သားမေမေနဲ့သားသွားသွားလဲရှိတယ် "

ကျွန်တော်ရယ်လိုက်၏။

"ဖေဖေ တို့ ချက်ခြင်းဒီကိုလိုက်လာလိုက်ပါ...ပြော်..လာရင်လည်း စားသောက်စရာတွေပါပြည့်ပြည့်စုံစုံဝယ်လာပေးပါဖေဖေ..."

"တော့ကောင်...အဲဒီမှာအခြေအနေဘယ်လိုလဲလို့ဖေဖေမေးနေတယ် လေကွာ..."

"ဟဲဟဲ.."

"ခွေးကောင်...အားလုံးအဆင်ပြေသွားပြီမဟုတ်လား...ဒါကြောင့်ပါဆင် တော့ထင်သား...ဟုတ်ပြီဟုတ်ပြီ..ဖေဖေတို့ အားလုံးနာရီဝက်အတွင်းရောက်လာ ကြမယ်..."

ဖေဖေ့ဆီက ဖုန်းအပြီးမှာသော်တာတို့ဆီကဖုန်းဆက်ဝင်လာပြန်၏။

"မင်း...စိတ်ဓာတ်တော့လုံးဝမကျနဲ့သူငယ်ချင်း..အိမ်ထောင်ရေးဆို တာ..ဒီလိုပဲပေါ့ကွာ...နောက်ပြီး..အိမ်ထောင်ပျက်တယ်ဆိုတာ...ပါတစ်ယောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှ မတုတ်တာ...ဒီညတို့ ကောင်တွေမင်းကိုဒုက္ခပေးမယ်...လောလောဆယ်မင့်အတွက်အကောင်းဆုံးကတော့ အရက်ပဲကွ..."

"မင်း ဘာတွေပြောနေတာလဲ သော်တာ...ခုကွာပါပဲ...ဒီနဲ့ မျိုးနဲ့ မကွာရှင်းဖြစ်ဘူးကွ..."

"ဟေ..."

"အဲဒီတော့ မင်းတို့အားလုံးမျိုးအိမ်ကိုလိုက်လာကြ...ဒီမှာစားစရာတွေလည်းအဆင်သင့်ရှိတယ်..."

"တ...ဘာတွေလဲ..."

ကျွန်တော်ဖုန်းကိုပိတ်ပစ်လိုက်သည်။မျိုးသည်ကျွန်တော့်ကိုပြုံးပြသည်။သို့သော်သူမပါးပေါ်ကမျက်ရည်တွေကတော့မခြောက်သေး။ကျွန်တော်မျိုး၏ဘေးမှာ ဒူးထောက်ထိုင်လိုက်မိပြန်သည်။မျိုးသည်ကျွန်တော့်မျက်နှာမှ မုတ်ဆိတ်မွေးတချို့နှင့်နှုတ်ခမ်းမွေးတချို့ကိုအသာလှမ်းစမ်းသည်။

"တိုရက်တွေကမောင်အရမ်းခံစားရမှာပါနော်..."

"ခံတော့ခံရတာပေါ့...ဒါပေမယ့်...ဒီလောက်လည်းမဟုတ်ပါဘူး..."

"လုပ်မနေနဲ့...ကိုသော်တာတို့ပြောပြတယ်...မောင်အရမ်းခံစားနေရတယ်ဆိုတဲ့အကြောင်း..."

"အိနဲ့ များတောင်ကွာ...တော်တော့တော်သေးတာပေါ့...တိုစာလေးသာမရှိရင်...မောင်တို့နှစ်ယောက်တကယ်လက်မှတ်ထိုးဖြစ်ရင်ထိုးဖြစ်မှာ..."

မျိုးသည်ကျွန်တော့်မျက်နှာကိုရွှန်းလဲ့စွာကြည့်ရင်းကျွန်တော်ဆက်မပြောသာအောင် ကျွန်တော့်နှုတ်ခမ်းကိုအသာလှမ်းပိတ်၏။နွေရာသီသည် ပူလောင်အိုက်စပ်လွန်းသဖြင့်အဲယားကွန်း ကသိပ်မနိုင်ချင်။သို့သော်ကျွန်တော်တို့နှစ်ယောက်တတော့ချမ်းမြေ့နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စကားတွေပြောနေမိသည်။

"မျိုး..."

"ဘာလဲမောင်..."

"တဲတဲ...ဒီအတိုင်းဆိုရင်...မောင်တို့မှာ...မကြာခင် သားသမီးထွန်းကား လာလိမ့်မယ်ထင်တယ်..."

"အလိုတော်...သူ့မလည်းအချိန်တိုင်း ဒီစိတ်ပဲထားနေ..."

"ကလေးချီချင်လှပြီ..."

မျိုးပြုံးလိုက်သည်ကိုဝိုးတဝါးအလင်းရောင်ဖြင့်ကျွန်တော်မြင်လိုက်ရ၏။

"ဩော်...မောင့်ကို မျိုးမေးမယ်...မေးမယ်နဲ့...မမေးဖြစ်ဘူး...အခုမှပြန် သတိရလို့မေးရဦးမယ်...စင်သီယာ့စာထဲမှာ...မောင်သူ့ကို... မျိုးထင်ပြီးသွားနမ်း သေးတယ်ဆို...အဲဒါတုတ်သလား...မလိမ်နဲ့နော်...မှန်မှန်ဖြေ..."

"တုတ်တယ်မျိုး...နစ်နေရာတောင်မှပဲ..."

မျိုးသည်ပြုံးရင်းက ကျွန်တော့်လက်မောင်းကိုဆွဲဆိတ်၏။လတ်ဆတ် သောဆောင်းဦးလေပြည်သည်ကျွန်တော်တို့နှစ်ယောက်ဆီသို့ဝေ့ဝဲရောက်ရှိလာ သည်။ကောင်းကင်မှာတော့တိမ်တွေကင်းစင်နေလေသည်။

ကိုငြိမ်းဦး



www.burmeseclassic.com